


၂၀၀၇ ခု ဇွန်လတွင် မြန်မာ့ကျူးပစ်ဝက်ဆိုက်ကြီးမှ ထုတ်ဝေသည်။
http://www.myanmarcupid.net

# အချစ်များထဲက အချစ်များ

ကျွန်တော့်နာမည်က မောင်ဇော်ထူး။
မေမေ ဒေါ် သန်းနဲ့ ဖေဖေ ဦးထူးကျော်တို့ရဲ့သားပေါ့၊ မိတ္ထီလာဇာတိ၊ ရန်ကုန်ပြောင်းလာတော့ ကျွန်တော်က ၁၂ နှစ်သား၊ စမ်းချောင်းက မေမေ့ တူမ အိမ်နားကို ပြောင်းလာတာ၊ မေမေ့ တူမ လို့သာ ပြောတယ်၊ သူ့သမီးတောင် ခုဆို ၅ နှစ်လောက်ရှိပြီ။ မေမေ့တူမ ရဲ့သမီးဆိုတော့ ကျွန်တော့် တူမ ဝမ်းကွဲပေါ့၊ နာမည်က ချိုချိုတဲ့၊ တဦးတည်းသော သမီး၊ ကျွန်တော်ကလဲ တဦးတည်းသောသားဘဲ၊ မောင်နှမ မရှိတဲ့ ကျွန်တော်တို့ နှစ်ယောက်၊ တွေ့လိုက်ကတဲက တကယ့် မောင်နှမ အရင်းတွေလိုပါဘဲ၊

ဒီလိုနဲ့ သိတတ်တဲ့ အရွယ် ကလဲ ရောက်လာ၊ ရင်းနှီးမှု အရှိန်ကလဲ မြင့်လာ၊ တဖြေးဖြေးနဲ့ ကြာလာတော့ တယောက်အကြောင်း တယောက် အစင်းသိ၊ အတွင်းသိ၊ ပွင့်ပွင့်လင်းလင်းဘဲ ပြောကြဆိုကြ ဆိုတော့၊ အခင်ဆုံး သူငယ်ချင်း လို့ပြောရင်တောင် ပြောလို့ ရတယ်၊ ခုချိန်ထိ မှတ်မှတ်ရရ ပြောရရင် ချိုချိုနဲ့ ကျွန်တော့်ကြား စိတ်ကတောက်တဆ ဖြစ်တာ ဆိုလို့ မရှိသလောက်ဘဲ၊ သူကလဲ ကျွန်တော့်အပေါ် ဆို နွဲ့ဆိုး ဆိုးလိုက်ရမှ၊ ကျွန်တော်ကလဲ အဲလို အဆိုးခံလိုက်ရမှ နေပျော်သလိုဘဲ၊ တယောက်နဲ့ တယောက် စလိုက်၊ နောက်လိုက်၊ ပြောစရာရှိတာပြောလိုက်၊ ဆိုစရာရှိတာ ဆိုလိုက်၊ ပျော်ပျော်ပါးပါး၊ လုံးလုံးထွေးထွေးပါဘဲ။

အကျဉ်းချုံး ပြောရရင် ကျွန်တော့်တွင် အခင်ဆုံး သူငယ်ချင်း မိန်းခလေးတယောက်ရှိပါသည်၊ သူသည် ကျွန်တော့် တူမ ဝမ်းကွဲလဲ တော်ပါသည်၊ ကျွန်တော့်ထက်လည်း အသက် ၇ နှစ်ခန့် ငယ်ပါသည်၊ သူသည် ကျွန်တော့်ကိုအမြဲတမ်းလဲ အနိုင်ယူပါသည်၊ သူသည်ကျွန်တော့်ကို အမြဲတမ်းလဲ အရှုံးပေးပါသည်။ လို့ဆိုပါတော့ဗျာ။

ဘယ်လိုဘဲဖြစ်ဖြစ် ဇတ်လမ်းဆိုတာက အစကရေးမှကောင်းတာဆိုတော့ ချိုချို ခလေးဘ၀ လောက်က စမယ်ဗျာ။
ကျွန်တော် ၁၀ တန်းရောက်တော့ ချိုချိုက ခလေး ဘဲရှိသေးတယ်၊ ၄ တန်းကျောင်းသူ၊ သူနဲ့ ကျွန်တော်နဲ့က တကျောင်းထဲ၊ ကျောင်းသွားအတူ၊ ကျောင်းပြန်အတူ၊ နေ့လည် မုန့်စားချိန် ထမင်းစားတော့လဲ အတူ၊ ကျောင်းသွားကျောင်းပြန် ကျွန်တော်တို့ နှစ်ယောက်က ကျောင်းကား စီးတယ်၊ ကားက ကျွန်တော်တို့ အိမ်အရင် ဆိုက်တယ်၊ ပြီးတော့ ဟိုကွေ့ ဒီကွေ့ နဲ့ တခြားကျောင်းသားတွေ ကြိုပြီး ချိုချိုတို့ အိမ်ဆိုက်တယ်၊ ချိုချိုက ကျွန်တော် ဦးထာတဲ့နေရာမှာ ထိုင်ပြီး ခလေးနဲ့ လူကြီး နှစ်ယောက်သား စကားတပြောပြောနဲ့ ကျောင်းကိုသွားတယ်ပေါ့၊ အဲ အပြန်မှာ သူ့အတန်းက အရင်လွှတ်တာ ဆိုတော့ သူက ကျွန်တော့်အတွက် နေရာဦးထားပေးပြန်ရော၊

လူပျိုပေါက်ဖြစ်လာတဲ့ ကျွန်တော် ဒီအရွယ်မှာ မိန်းခလေးတွေကို စိတ်ဝင်စားတတ်လာတာ သဘာဝ ဘဲလို့ ပြောရမလား၊ ၁၀ တန်းကျောင်းသားကြီးကျွန်တော်က ဖြူဖြူ ဆိုတဲ့ လုလုပပ ကောင်မလေးတယောက်ကို မျက်စိကျသွားတာဟာ ဆန်းတော့ မဆန်းလှပါဘူး။ နဂိုကတဲက စာမှာ မညံ့လှတဲ့ ကျွန်တော့်ကို မိဘတွေက ဒီနှစ် ၁၀ တန်း အရေးကြီးတယ် ဆိုပြီး အားလပ်ချိန်မရှိအောင် ကျူရှင်မျိုးစုံ တက်ခိုင်းတယ်။ ကျောင်းလွှတ်ပြီး အိမ်ရောက်တာနဲ့ ကျွန်တော့် ပြိုင်ဘီးလေးပေါ် တက်ခွပြီး ကျူရှင်ပြေးရတယ်၊ စနေ၊ တနင်္ဂနွေဆို မနက်ပိုင်းရော၊ ညနေပိုင်းရော ကျူရှင်၊ အဲဒီမှာ ကျွန်တော် နဲ့ ကျူရှင်အတော်များများ လာတူနေတဲ့ ဖြူဖြူ ကိုကျွန်တော် စိတ်ဝင်စားသွားတယ်။

အဖြစ်ကဒီလို၊ ကျူရှင်မှာ မိန်းခလေးတွေက စာသင်ခန်းရဲ့ အရှေ့ပိုင်း ခုံတွေမှာထိုင်ပြီး ယောက်ျားလေးတွေက နောက်ပိုင်းခုံတွေမှာထိုင်တယ်၊ သူတို့သူငယ်ချင်းအုပ်စုက ကျူရှင်က မိန်းခလေးတန်းရဲ့ နောက်ဆုံးခုံမှာ ထိုင်တယ်၊ ကျွန်တော်တို့ သူငယ်ချင်း တစုက သူတို့ နောက်က ခုံမှာ

ထိုင်တယ်။ သူတို့ထဲက တယောက်က ကျွန်တော့်သူငယ်ချင်းနဲ့ အိမ်နီးနားချင်းဆိုတော့ သူတို့ နဲ့ ကျွန်တော်တို့ လဲ ရင်းနှီးသွားတာပေါ့၊ ရုပ်ရှင်ဆန်ဆန်ပြောရရင် သူတို့အုပ်စုထဲမှာ သူက အချောဆုံး၊ ကျွန်တော်တို့ အုပ်စုထဲမှာ လဲ ကျွန်တော်က အခန့်ဆုံး ဆိုတော့ ထုံးထမ်းစဉ်လာအတိုင်း သူနဲ့ ကျွန်တော့်ကို အလိုလို တွဲပေးမိရက်သားလေး ဖြစ်သွားတယ်၊

ဒီလိုနဲ့ ကျူရှင်မစခင်မှာ သူတို့အုပ်စုနဲ့ ကျွန်တော်တို့ အုပ်စု ပေါးလားဝါးလား စကားတွေပြော၊ သူတို့ဆီက ဗီးထုတ်တို့ နေကြာစေ့တို့ကို ညာဝါးစား၊ ဒီလိုနဲ့ ဘဲ တော်တော်ရင်းနှီးလာတယ်။ ရင်းနှီးရုံတင် မကဘဲ သူတို့ ကျူရှင်က အပြန်လမ်းမှာ ဖြူဖြူ့ကို လိုက်တဲ့ သူတွေရဲ့ နှောက်ယှက်မှု ဒဏ်ကလွတ်အောင် ကျွန်တော်တို့ အုပ်စု ကို ဘော်ဒီဂတ် ငှားတဲ့ အဆင့်ထိ အခြေအနေက တိုးလာတယ်၊ သူတို့နေတာက ကျူရှင်နဲ့ သိပ်မဝေး တော့ အပြန်မှာ သူတို့ အုပ်စုနဲ့ ကျွန်တော် တို့ အုပ်စု အတူတူ သူတို့ လမ်းထိပ်ထိအတူတူ လျှောက်၊ ပြီးမှ ကျွန်တော်တို့က စက်ဘီးကိုယ်စီနဲ့ ကိုယ့်အိမ်ကိုယ်ပြန်။

တနေ့ ကျူရှင်က အပြန် လမ်းမှာ သူငယ်ချင်းတစု စကားစပ်မိပြီး စာမေးပွဲ နီးလာပြီ ဆိုတော့ တို့တွေအားလုံး စနေနဲ့ တနင်္ဂနွေနေ့လည်ဆို တယောက်ယောက်အိမ်မှာ စုပြီးစာကျက်ကြရင် ကောင်းမယ်ထင်တယ် လို့ သူတို့မိန်းခလေး အုပ်စုထဲက မိုးမိုးက ပြောတော့
"အေး ဟုတ်တယ်" "ကောင်းတယ်" လို့တညီတညွတ်ထဲ အားလုံးက ထောက်ခံကြတယ်။
"ကဲ ဒါဆို ဘယ်သူ့အိမ်မှာ စုကြမလဲ" ဆိုတော့
ကျွန်တော်တို့ အုပ်စုထဲက ဗလကြီးက
"ဇော်ထူး အိမ်မှာ စုမယ်ကွာ၊ သူ့အိမ်မှာ ဘယ်သူမှ မရှိဘူး၊ သူ့အမေနဲ့ သူ့အဖေဘဲ ရှိတာ၊ နောက်ပြီး အပေါ် ထပ် တထပ်လုံး အားနေတာဘဲ၊ ဟော့ကောင်ဘယ်လိုလဲ" တဆက်တည်း ကျွန်တော့်ကို လှမ်းမေးတယ်။
"ရပါတယ်၊ ဒါပေမဲ့ သူတို့ ဘယ်လိုလာမလဲ၊ ငါ့အိမ်က သူတို့အိမ်နဲ့ဆို နဲနဲဝေးတယ်" မိန်းခလေး အုပ်စုကို လှမ်းကြည့်ရင်း ပြောလိုက်တယ်။
"အေး ဟုတ်တယ်ကွ၊ ငါက စက်ဘီးရှိတယ်ဆိုတော့ အရေးမကြီးဘူး" သူတို့အိမ်နားမှာ နေတဲ့ တင်ထွန်းက ဝင်ပြောတယ်။
"ဟော့ကောင် မင်းစက်ဘီးမှာ ဘေးတွဲချိတ်ပြီး သူတို့ ၃ ယောက်စလုံးကို တင်လာပေါ့၊ ဘေးက ၂ ယောက် အနောက်က တယောက်လေကွာ" ဗလကြီးက ဝင်နောက်တယ်။
"အေး မင်းလို ဗလမျိုးနဲ့ ဆိုတော့ တင်လာနိုင်တာပေါ့" တင်ထွန်းက အားကျမခံ ပိန်ပိန်သေးသေး မို့ နာမည်ပြောင် ဗလကြီးလို့ ပေးထားတဲ့ နိုင်ဝင်း ကို ပြန်ပြောတယ်။
သူတို့ မိန်းခလေးတွေက တခစ်ခစ်ရယ်ရင်း
"ဒါဆို ငါက ရှေ့ခုံမှာထိုင်မယ်" မိုးမိုးက နေရာဦးသေးတယ်။
"ဟင်အင်း၊ ဘယ်ရမလဲ ငါထိုင်မယ်၊ ငါက တင်ထွန်းအိမ်နဲ့ ပိုနီးတယ်" လို့ တင်ထွန်း အိမ်နားမှာ နေတဲ့ ခင်သူဇာ ကဝင်လုတယ်။ ဖြူဖြူက
"ငါတော့ အနောက်မှာ မထိုင်ချင်ပါဘူး၊ တော်ကြာ ငါတို့ကို တင်ပြီး အတင်းနင်းရလို့ အီးထွက်သွားရင် ငါ့ကို မှန်လိမ့်မယ်"
တဟားဟား တခစ်ခစ်နဲ့ အားလုံးပွဲကျသွားတယ်၊ တင်ထွန်းမျက်နှာက ရှုံ့မဲ့လို့။
"ကဲကဲ ငါဒီနေ့ မေမေ့ကိုမေးကြည့်မယ်၊ မေမေသဘောတူရင် ငါ့အိမ်မှာ လာကျက်ကြလေ၊ မနက်ဖြန်ကြရင် ငါအဖြေပေးမယ်၊ ဟုတ်ပြီလား" နောက်ဆုံး ဖြူဖြူက ပြသနာကို ဝင်ရှင်းလိုက်သည်။ တင်ထွန်းက အီးမှန်ထားတာ ဆိုတော့ ဖြူဖြူ စကားကို အကျအနကောက်ပြီး
"ဘာ နင်မနက်ဖြန်ကျရင် ဇော်ထူးကို အဖြေပေးတော့မယ် ဟုတ်လား၊ ဟော့ကောင် မင်းဘယ်တုန်းက ဖြူဖြူ့ကို ရီးစားစကားပြောလိုက်တာလဲ၊ ငါတို့တောင်မသိလိုက်ဘူး" ဆိုပြီးဝင်နောက်သည်။
ကျွန်တော်တောင် ရင်ထဲက ဒိတ်ကနဲ ဖြစ်သွားတယ်။ အစက တိုးတိုးတိုးတိုးနဲ့ စ နေရာက ဒီနေ့တော့ ဒီကောင် အီးမှန်ထားတာနဲ့ ပေါ် ပေါ် ထင်ထင်ဝင် စ သည်။ ဖြူဖြူ က အပြုံးမပျက်တဲ့အပြင် ခပ်တည်တည်နဲ့
"ဟဲ့ သူငါ့ကို ရီးစားစကားပြောတာ နင်တို့ကို တိုင်ပင်စရာလား" လို့ ဝင်ပြောတယ်။ မိုးမိုးနဲ့ ခင်သူဇာက တခိခိ၊ ဗလကြီးက ဝင်ထောင်သည်။

"ဟော့ကောင် တင်ထွန်း မင်းမသိပေမဲ့ ငါသိတယ်၊ ဇော်ထူးက ငါ့ကိုပြောပြပြီးသား၊ သူဖြူဖြူ့ ကို ရီးစားစာ ပေးထားတယ်ဆိုတာ၊ ဟော့ကောင် ဟုတ်တယ်မဟုတ်လား" ခပ်တည်တည်နဲ့ ကျွန်တော့်ကို လှမ်းပြောတယ်။
ကျွန်တော်လဲ ယောင်ပြီး ပါးစပ်က ထွက်မိထွက်ရာ
"အင်း" ဆိုတော့၊ ဖြူဖြူက
"ဘာ အင်း လဲ၊ ဇော်ထူးနော်" ဆိုပြီး မျက်စောင်းလှမ်းထိုးတယ်။
အားလုံးပွဲကျသွားတယ်။ ခုမှ ကျွန်တော်နဲ့ ဖြူဖြူက သူငယ်ချင်း အုပ်စုထဲမှာ တရားဝင်လေး ဖြစ်သွားတယ်။
ကောင်းတော့ကောင်းသား။

ဖြူဖြူတို့အိမ်က ခွင့်ပြုချက်ရတာနဲ့ ကျွန်တော်တို့ စာစုကျက်ဖြစ်ကြတယ်။ အချိန်ဇယားဆွဲပြီး တပတ်ကို တဘာသာ လေ့လာတယ်၊ မေးခွန်းဟောင်းတွေ ပြန်ဖြေကြည့်တယ်၊ အထူးထုတ်တွေ ထဲဟာတွေ ကျက်တယ်။
မသိတာကို အားလုံးစုပေါင်းပြီး အဖြေရှာကြတယ်၊ တယောက်နဲ့ တယောက် စလိုက်နောက်လိုက်၊
စာလုပ်လိုက်နဲ့ ပျော်စရာပါဘဲ၊ နေ့လည်လောက်ကတဲက စုပြီးဝိုင်းလိုက်တာ ညနေ ကျူရှင်ချိန်ထိပါဘဲ၊
ညနေကျူရှင်ကို အားလုံး အတူသွားပြီးမှ ကိုယ့်အိမ်ကိုယ်ပြန်ကြတာပါဘဲ၊ ဒီအတွင်းလေးမှာ ဖြူဖြူနဲ့ ကျွန်တော် လဲ ပိုရင်းနှီးလာတယ်၊ သူငယ်ချင်းတွေ စတာနောက်တာ လောက်တော့ ကျွန်တော်တို့ အဖို့
မတုန်လှုပ်တော့ပေမဲ့ တခါတခါ စာကျက်ရင်း သူကို ကြည့်မိတဲ့အချိန်နဲ့ သူပြန်ကြည့်တာ တိုက်ဆိုင်သွားတဲ့ အခါတိုင်း၊ တခါခါ မတော်တဆ အသားချင်း ထိမိတဲ့အခါတိုင်း မှာတော့ တဒိတ်ဒိတ် နဲ့ ရင်ခုန်သံ မြန်လာသလိုလို၊ ကြည်နူးသာယာ သလိုလို၊ ဟိုလိုလို ဒီလိုလိုနဲ့ ရောဂါ၊ ရောဂါ အဲဒါ ရောဂါ။

ဒါနဲ့ မထူးဘူးဆိုပြီး တနေ့ စာအုပ်အလွတ်ထဲမှာ ဖြူဖြူ့ကို ချစ်မိနေပြီ ဆိုတဲ့အကြောင်း ချရေးလိုက်တယ်။

ဖြူဖြူရေ

ဖြူဖြူတို့အိမ်က စာကျက်ပြီးလို့ ပြန်တိုင်း လူကသာ အိမ်ပြန်ရောက်ပေမဲ့ ကိုယ့် ဝိညာဉ်က ဖြူ့ ဘေးနားမှာ အမြဲကျန်ခဲ့တယ် ဆိုတာ ဖြူသတိထားမိရဲ့လား။
အဲဒါ ဘာဖြစ်လို့လဲ ဆိုတော့ ဖြူ့ကို ကိုယ်ချစ်မိနေလို့ပါဘဲ။ ပါးစပ်က ဖွင့်ပြောဘို့ ကြိုးစားလိုက်တိုင်း အောင်မြင်ခဲ့မယ် ဆိုရင်တော့ ခုချိန်မှာ ဖြူ့ ကို ချစ်ကြောင်း အခါပေါင်း သိန်းသောင်းမက ပြောပြီးပြီလို့ ဖြူယူဆလို့ရပါတယ်။
ခုချိန်မှာ ဒါတွေ မစဉ်းစားပါနဲ့အုံးဆိုပြီး ဖြူကိုယ့်ကို နားချချင် နားချပါ၊ ဒါပေမဲ့ ခုချိန်မှာ ဖြူ့ရင်ထဲ ဘာရှိလဲ ဆိုတာ ကိုယ်သိချင်တာကတော့ အမှန်ပါ။
အဲဒီ ဖြူ့ရင်ထဲက အကြောင်းလေးကို ဒီစာအုပ်ထဲမှာ ရေးထားပေးပါလား။

ချစ်တဲ့

ဇော်ထူး

စာအုပ်ကို သေသေသတ်သတ်လေး အဖုံးဖုံးပြီး ဖြူဖြူတို့အိမ်စာသွားကျက်တဲ့နေ့မှာ ဖြူဖြူ့ စာအုပ်တွေနဲ့ ရောပြီး ထားခဲ့လိုက်တယ်၊ ရင်ထဲကတော့ တဒိတ်ဒိတ်၊

နောက်နေ့ သူ့အိမ်ရောက်သွားတော့ သူ့အမူအရာက ပုံမှန်၊ ဘာမှမထူး၊ ငါ့စာအုပ် တွေ့မှတွေ့ရဲ့လားမသိ၊ သူငယ်ချင်းတစုနဲ့ စာသာလုပ်နေရတယ် စိတ်က မဖြောင့်၊
နောက်ဆုံး ပြန်ခါနီးမှ ဖြူက သူ့လွယ်အိပ်ထဲက ကျွန်တော့်စာအုပ်လေး ထုတ်လိုက်တာ တွေ့လိုက်တယ်၊ ရင်ထဲမှာ ဒိန်းကနဲ တုန်သွားတယ်။
ပြီးတော့ လူအလစ်မှာ စာအုပ်တွေ ထပ်ရင်း ကျွန်တော့် စာအုပ်ပေါ် လှမ်းတင်လိုက်တယ်၊ မျက်စောင်းလဲ လှမ်းထိုးလိုက်တယ်၊ ကျွန်တော်လဲ ကမန်းကတန်း စာအုပ်တွေကို လွယ်အိပ်ထဲ ကောက်ထည့်လိုက်တယ်၊

စိတ်ထဲမှာတော့ ဖွင့်ကြည့်ချင်လိုက်တာမှ အရမ်း၊ မေးလဲမမေးရဲ၊
တချိန်လုံး သိချင်စိတ်ကို အောက်အီးနေရတယ်၊ ဖြူက စာပြန်ရေးထားမှ ရေးထားပါ့မလားမသိ၊ ဖြူ့ အိမ်ကနေ ကျူရှင်ဆက်သွားအုံးမှာ ဆိုတော့ အဖြေသိဘို့ တော်တော်ကြာကြာ စောင့်ရအုံးမယ်၊ ကျူရှင်မှာလဲ စာသင်တာ စိတ်မပါ၊ စိတ်က စာအုပ်ဆီဘဲရောက်နေသည်။ ဖြူ့ ကို ကြည့်ရတာကလဲ ပုံမှန်၊ ဘာမှမသိသလို၊ ခုချိန်မှာ အကြားအမြင်များရလိုက်ရင် ဘယ်လောက်ကောင်းလိုက်မလဲနော်။
သူတို့အုပ်စုကို လမ်းထိပ်လိုက်ပို့ပြီးတာနဲ့ အိမ်ကိုဒုန်းစိုင်းနင်းလာခဲ့တယ်၊ အတူပါလာတဲ့ ဗလကြီးကိုတောင် မစောင့်၊ ဘိုက်ဆာပြီဆိုပြီး အမြန်နင်းလာခဲ့တယ်၊ စက်ဘီးကလဲ ပြိုင်ဘီးဆိုတော့ ပြေးလိုက်တာက တအား၊ ကားတွေကိုတောင် ဖြတ်ကျော်ခဲ့တယ်၊
အိမ်ရောက်တော့ အိမ်ပေါ် ကမန်းကတန်း ပြေးတက်ပြီး အခန်းထဲ ဝင် လွယ်အိပ်ထဲက စာအုပ်ကို ကမန်းကတန်းဘဲ ဆွဲထုတ်ဖတ်လိုက်တယ်။
တွေ့ပါပြီ၊ ကျွန်တော်ရေးထားတဲ့ စာရွက် နောက် တရွက်မှာရေးထားတာ

ကိုဇော်

ဘာတွေလာပြောနေတာလဲ၊ တော်ကြာစာကျက်လို့ မရရင် ဘယ်လိုလုပ်မလဲ၊ စာမေးပွဲက အရေးကြီးတာလား၊ အချစ်က အရေးကြီးတာလား၊
ဖြူ့ရင်ထဲက အတိုင်းပြောရင်စာမေးပွဲ နောက်ဆုံးနေ့မှ စိတ်လွတ်ကိုယ်လွတ် တခါထဲ စဉ်းစားပြီး တခါထဲဘဲ အဖြေပေးလိုက်မယ်လေ၊ အဲဒါ ခဏလောက်တော့ စောင့်ပါ ကိုဇော်ရာ၊ ကိုဇော်က လိမ်မာပါတယ်၊ စာမေးပွဲကလဲ ၃ လလောက်ဘဲ လိုတော့တာဘဲဟာ၊ နော်နော်

ဖြူ

P.S
ကိုဇော်လို့ ဒီစာအုပ်ထဲမှာဘဲ ခေါ် မယ်နော်၊ အပြင်မှာ တကယ်မခေါ် ဘူးနော်၊

ဖတ်ပြီး ဝုန်းကနဲ အိပ်ယာထဲ ပြစ်လဲသွားတယ်၊ ဝမ်းသာရမှာလား ဝမ်းနည်းရမှာလား မိသိန်းကြည်ရယ် ဆိုသလိုဘဲ၊ ကိုယ့်ကိုကိုယ် ပျော်ရမလိုလို၊ ဘာလိုလို၊ ဘယ်လိုဘဲ ဖြစ်ဖြစ် ဖတ်ကြည့်ရသလောက်က အခြေအနေမဆိုးဘူးလို့ထင်ရတာဘဲ၊ သူပြောတာလဲ ဟုတ်တုပ်တုပ်၊ စာမေးပွဲ နောက်ဆုံးနေ့ကျမှ အဖြေတောင်းရမှာဘဲ၊ ဒီကြားထဲ အခွင့်အရေး ရရင် ရသလို ဒီစာအုပ်ထဲ စာရေးပြီး ပေးပေးနေမှ ဖြစ်မယ် လို့ ကိုယ့်ဟာကိုယ် စိတ်ကူးနဲ့ ဇယားဆွဲလိုက်တယ်၊ စဉ်းစားကောင်းတုန်း
"သားရေ သား မောင်ထူး ထမင်းစားမယ်ဟေ့" အောက်က မေမေလှမ်းခေါ် ပါလေရော၊
"လာပြီ မေမေရေ့" အတွေးစ က တိကနဲ၊
ထမင်းစားပွဲ ဝင်ထိုင်ရင်း "မေမေ ဒီနေ့ မိချို လာသေးလား" လို့လှမ်းမေးမိတယ်။
"မလာဘူး သား"
"အင်း၊ ထမင်းစားပြီး သူ့ဆီ ကျွန်တော် သွားလိုက်အုံးမယ်၊"
"အေးအေး"

ထမင်းစားပြီးတာနဲ့ လက်စွဲတော် ပြိုင်ဘီးလေးနဲ့ ချိုချိုတို့ အိမ်ဘက်ထွက်ခဲ့တယ်၊ ကျောင်းသွားတိုင်း တွေ့နေပေမဲ့ ကျောင်းပိတ်လဲ တွေ့လိုက်ရမှ၊ အကျင့်လိုဖြစ်နေပြီ၊ ငယ်ငယ်ထဲကဆိုတော့။

ချိုချို့ အိမ်ရှေ့မှာ စက်ဘီးကို ဒေါက်ထောက်ပြီး
"မိချိုရေ၊ ဟေး မိချို" လှမ်းအော်လိုက်တယ်။
"လာပြီ ကိုထူး ရေ" အသံစာစာလေးနဲ့အတူ လူက အပြင်ရောက်လာတယ်။
"မမစု တို့ရော" သူ့အမေက ကျွန်တော့် အမဝမ်းကွဲ၊ နာမည်က ချောစု ဆိုတော့ မမစုလို့ဘဲ ကျွန်တော်ခေါ်

တယ်။ သူက ကျွန်တော့် အမေကို ဖွားလေးတဲ့။ ဟ ဟ၊ ကျွန်တော်က သူ့ကို မိချိုတဲ့၊ သူက ကျွန်တော့်ကို ကိုထူးတဲ့၊
“ရှိတယ် အိမ်ထဲမှာ” ပြန်ပြောရင်း ချာတိတ်မလေးက ခြံထဲ လှမ်းဆင်းလိုက်တယ်၊ ပြီးတော့ မျက်ခင်းဒေါင့်က ခုံတန်းလျားလေး ပေါ် သွားထိုင်တယ်၊ သူနဲ့ ကျွန်တော် အမြဲ ထိုင်နေကြ၊ ကစားနေကြ၊
“ကိုထူးက တနေ့လုံးပျောက်နေတယ်၊ မိချိုက မျှော်လိုက်ရတာ” ထိုင်လိုက်တာနဲ့ အပြစ်တင်သံက ထွက်လာတယ်။
“မိချိုကလဲ နင့်ကို ငါပြောထားသားဘဲ၊ ငါ့သူငယ်ချင်းတွေနဲ့ စာစုကျက်ကြတယ်လေ၊ ပြီးတော့ ကျူရှင်၊ ခု ထမင်းစားပြီးပြီးချင်း နင့်ဆီပြေးလာတာ၊ နင်ရော စားပြီးပြီလား”
“ပြီးပြီ၊ ဘာလဲ စာစုကျက်တဲ့ ကောင်မလေးတွေနဲ့ ပျော်နေတယ်ပေါ့လေ”
“မဟုတ်ပါဘူး မိချိုရယ်၊ စာမေးပွဲက အရေးကြီးတယ်ဆိုတော့၊ ဒီလိုစုကျက်မှ အကျိုးရှိမှာပေါ့၊ နောက်ပြီး ကိုထူးက ဆရာဝန်ဖြစ်ချင်တာ မိချိုသိသားနဲ့”
“ဘာမဟုတ်ပါဘူးလဲ၊ ဟိုတပတ်က ကိုထူးဘဲ ပြောပြီးတော့၊ အဲဒီစာစုကျက်တဲ့အုပ်စုထဲက ဖြူဖြူ ဆိုတဲ့ အမကြီးက ချောတယ်ဆို”
“ဟီး ဟီး၊ သူ့ဟာသူ ချောတာဘဲ”
“အဲဒါ ကိုထူး မကြိုက်ဘူးလား”
“ဟဲ့ အဲဒါ ခလေးစကားလား”
“ကိုထူးကလဲ ခလေးစကားဘဲဖြစ်ဖြစ်၊ လူကြီးစကားဘဲ ဖြစ်ဖြစ်၊ ပြောပါ ကိုထူးသူ့ကို ကြိုက်နေတယ် မဟုတ်လား”
“အာ မိချို၊ နင်ကလဲ”
“ပြောမလား မပြောဘူးလား ကိုထူးနော်၊ မှန်မှန်ပြော” အတင်းလက်မောင်းကိုကိုင်လှုတ်ပြီး မေးတယ်၊
“ပြောပါ့မယ် မိချိုကလဲ၊ နင်ဘယ်သူမှ လျှောက်မပြောနဲ့နော်၊ ဒီကိစ္စ နင်နဲ့ ငါ နှစ်ယောက်ထဲ”
“အေးပါ၊ မိချိုသိပါတယ်၊ တကတဲ”
“ဟီး ဟီး ငါ ဖြူဖြူ့ ကို ရီးစားစာ ပေးပြီးပြီ၊ မနေ့က၊ သူဒီနေ့ ငါ့ကို စာပြန်တယ်၊ စာမေးပွဲ ပြီးမှ အဖြေပေးမယ်တဲ့”
“ဟုတ်လား၊ ဒါဆို စာမေးပွဲ ပြီးရင် ကိုထူး ရီးစားရတော့မှာပေါ့၊ ဟ ဟ၊ ဟီး ဟီး”
ကောင်မလေး တဟဟ တဟီးဟီး နဲ့ သဘောကျသွားတယ်၊
“မသေချာသေးပါဘူးဟာ၊ စာမေးပွဲပြီးမှ သူက ငါ့ကို ငြင်းလိုက်ရင် ဘယ်လိုလုပ်မလဲ”
“မငြင်းပါဘူး၊ မိချိုသိပါတယ်၊ ကိုထူးက ဒီလောက် ချောတာ၊ ဒါဘဲနော် ကိုထူး၊ ကိုထူး ဘာလုပ်လုပ် မိချိုကို ပြောပြရမယ်၊ မလိမ်ရဘူး”
“အေး ဟုတ်ပြီ၊ ဒါဆို မိချိုဘာလုပ်လုပ် ကိုထူးကို ပြောပြရမယ်၊ ဟုတ်ပြီလား”
“အင်း ပြောမယ်” တဲ့၊ အဲဒီကစပြီး ကျွန်တော်တို့ နှစ်ယောက်ကြား နားလည်မှု တခုရသွားတယ်။
ဒါကြောင့်
ယခုအချိန်မှစပြီး မချိုချိုအား ကျွန်ုပ်၏ အတိုင်ပင်ခံ အမတ်ကြီးအဖြစ် သတ်မှတ်လိုက်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ ဒူ . . ဒူ . . ဒူ . . .

ဖြူ

စာမေးပွဲ နောက်ဆုံးနေ့ကျမှ တိတိကျကျ အဖြေပေးချင်ပေးပါ၊ ခုလောလောဆယ်ဆယ်လေးတော့ ဖြူ့ကို ကိုဇော့်ချစ်သူ လို့ဘဲ သဘောထားပါရစေ၊ ဒါမှ ကိုဇော်လဲ စာကျက်ရတာ စိတ်ဖြောင့်မယ်၊ နို့မို့ဆို စိတ်ထဲ တထင့်ထင့်နဲ့ စာကျက်လို့မရဘူး ဖြူရယ်၊ အဲဒါလေး တခုဘဲ ကိုဇော်တောင်းဆိုချင်တာပါ။

ကိုဇော်

နောက်တပတ် သူ့အိမ်စာသွားကျက်တော့ ဒီစာလေး ရေးထားတဲ့ စာအုပ်ကို ချန်ခဲ့တယ်၊ အကယ်တော့ စာကျက်လဲ မပျက်ပါဘူး၊ အမှန်အတိုင်း ရှင်းရှင်းဝံခံရရင် ဒီလိုလေး လုပ်နေရတာက ပျော်စရာလေး တခုလို့ ကျွန်တော့်စိတ်ထဲ မှာ ထင်နေတယ်၊ တကယ်တန်း သူ့ကို တကယ်ချစ်မိလား မချစ်မိလား ကိုယ့်ကိုကိုယ်လဲ နားမလည်၊ စိတ်ထဲ သိနေတာကတော့ အဲလို လုပ်နေတာကိုက ပျော်နေတယ်။ သူတို့နဲ့ သွားအတူ လာအတူ ဖြစ်နေတာကိုက စိတ်ထဲ သာယာနေသလိုလို၊

ထုံးစံအတိုင်း နောက်နေ့မှာ သူ့ဆီက စာအုပ်လေး ပြန်ရတယ်၊

ကိုဇော်

လူလည်ကြီး၊ မသိဘူးများ မှတ်နေလား။
ကိုဇော်သဘောထားချင်ထားပေါ့၊ ဒါဘဲနော် အဖြေကတော့ စာမေးပွဲ နောက်ဆုံးနေ့မှရမှာ၊

ဖြူ

အင်း သူကလဲ မဆိုး၊ အရောင်အတိမ်းကောင်းသည်။ ဘာဘဲပြောပြော ပျော်သည်၊ အဲလို မထိတထိလေးက စိတ်ကိုပိုပျော်စေတယ်၊
စိတ်ပျော်တော့ စာကျက်လို့ ပိုကောင်းတယ်၊ အဲလို အပတ်တခါ လူမသိ သူမသိ စာအုပ်လေး အသွားအပြန်ခိုးလုပ်ရတာကိုက အရသာလေး တခုဖြစ်လာတယ်။

စာမေးပွဲ ဖြေဘို့ တလလောက်အလိုမှာတော့ စာတွေအားလုံး ပိုင်သလောက်ဖြစ်သွားသည်။ ဒီကြားထဲ အခွင့်အရေးရချင်တော့ တခုသော စနေနေ့မှာ စာစုကျက်ရင်း ဗလကြီးက
“တို့တွေ နေ့တိုင်း ဒီစာချည်းဘဲ လုပ်နေရတာ၊ တခါတလေ အနားယူတဲ့ အနေနဲ့ မြို့ထဲ လျှောက်လည်ရင်း ရုပ်ရှင်ကြည့်ရင် ကောင်းမယ်ထင်တယ်” လို့ အဆိုတင်သွင်းတယ်။
ဝါသနာမပါကြလို့နဲ့ တူတယ်၊ အားလုံးက ထောက်ခံကြတယ်၊ ဒါနဲ့ မနက်ဖြန်ကို မနက်ပိုင်း ကျူရှင်ပြီးရင် မြို့ထဲ သွားမယ်၊ မနက်စာကို မြို့လယ်က ချစ်တီး ထမင်းဆိုင်မှာ ထမင်းစားမယ်၊ ပြီးရင် ရုပ်ရှင်ဝင်ကြည့်မယ်၊ ကုလားကားတဲ့၊ ရုပ်ရှင်ပြီးလို့ ပြန်လာရင် ညနေ ကျူရှင် အတော်ဘဲ ဆိုပြီး အစီအစဉ် ဆွဲလိုက်တယ်၊ ပြီးတော့ အားလုံးပိုက်ဆံစုပြီး ဖြူဖြူ့ ကို အပ်လိုက်တယ်။ ဘယ်သူမှ ဒီလို တခါမှ အုပ်စုလိုက် မလည်ဘူး၊ ဘယ်သူမှ စာဆက်မဖတ်ဖြစ်တော့ မနက်ဖြန်လည်ဘို့ အရေး ဆွေးနွေးရင်း ညနေ ကျူရှင်ချိန်ကို ရောက်ပါလေရော။

နောက်နေ့ ကျူရှင်ပြီးပြီးချင်းဘဲ မြို့ထဲ ၆ ယောက်သား ချီတက်လာခဲ့တယ်။ ကြပ်ကြပ်တည်းတည်း ဒပ်ဆန်း အမြန်ကားပေါ် မှာ ဖြူဖြူနဲ့ ကျွန်တော်က အသားချင်းကပ်လျှက်၊ မလုံမလဲ ကြည့်လိုက်တော့ သူငယ်ချင်းတွေက ပြုံးစိစိ၊ တကားလုံးက ပြုံးစိစိ၊ ဖြူဖြူ ကလဲ ပြုံးစိစိ၊ အော် ကားဒေါင့်က လူကြီး ကားစီးရင်း အိပ်ပျော်ပြီး သွားရည်တွေ ကျနေတာကိုး။ ဒါကြောင့် ကျွန်တော်လဲ ပြုံးစိစိ ဖြစ်သွားတယ်။

ဆူးလေ မှတ်တိုင်မှာ ကားပေါ် ကဆင်းဆင်းချင်း ချစ်တီး ထမင်းဆိုင်ကို ချီတက်သွားကြတယ်၊ ဘိုက်ဆာကြပြီကိုး၊ ငှက်ပျောဖက်နဲ့ ထမင်းရောင်းတဲ့ ဆိုင်မှာ ကိုယ်ကြိုက်တဲ့ ဟင်းကိုယ်မှာစားကြတယ်။ ကြက်သား၊ ဆိတ်သား၊ ဂျိုးသား၊ အသားပေါင်းစုံထဲက ကျွန်တော်မှာလိုက်တာက ဆိတ်ဦးနှောက်၊ ဟင်းလာချပေးတော့
”ဦးနှောက်စားနေလို့ ဦးနှောက်စားလိုက်တယ်” ဆိုရင်း ဖြူဖြူကို စားအုံးမလား လှမ်းမေးလိုက်တယ်။
“အင်း နဲနဲပေး၊ ဖြူဖြူလဲ ဦးနှောက်စားနေတာနဲ့ အတော်ဘဲ” ရယ်ရင်းပြောတော့ သူ့ငှက်ပျောရွက်ထဲ ခပ်ထည့်ပေးလိုက်တယ်။ ဖြူ့ဆီကလဲ သူမှာတဲ့ ကြက်အသဲအမြစ် ထဲက အသဲလေးတဖတ် ကျွန်တော့် ငှက်ပျောရွက်ထဲ ကျလာတယ်၊ စားမလားတောင်မမေး။ ဒါကိုတွေ့တော့ တင်ထွန်းက သူ့ဘေးနား ထိုင်နေတဲ့ ခင်သူ့ဇာ ကို သူ့ပန်းကန်ထဲက ဘဲသားဟင်း ဖဲ့ပြီးခတ်ထည့်ပေးလိုက်တယ်။ အဲဒီမှာ မိုးမိုးက အလန့်တကြား

"ဗလကြီး နင့်ဟင်း ငါမစားဘူးနော်" တဲ့
အားလုံး ဝိုင်းရီကြတယ်၊ ဗလကြီး စားနေတာက နာမည်လှလှလေး တတ်ထားတဲ့ ဖိုက်တင်းဘော။

ရုပ်ရှင်ရုံထဲ ထိုင်တော့ ကျွန်တော်နဲ့ ဖြူဖြူက ကပ်လျှက်၊ ဖြူဖြူ့ဘေးက ခင်သူဇာ၊ ပြီးတော့ တင်ထွန်း၊ နောက် မိုးမိုး၊ အစွန်ဆုံးက ဗလကြီး၊ ရုပ်ရှင်ပြတော့ မသိမသာ ကျွန်တော်က ဖြူဖြူ့နားကပ်ပြီး ပုခုံးချင်း၊ လက်မောင်းချင်း ထိထားတယ်၊ သူက မလှုတ်တော့ နဲနဲ အတင့်ရဲလာပြီး လက်တန်းပေါ် တင်ထားတဲ့ သူ့လက်ကိုကျွန်တော့်လက်နဲ့အသာထိထားလိုက်တယ်၊ တမင်သက်သက် ပထမဆုံးအကြိမ် သွေးတိုးစမ်းလိုက်တယ်၊ သူက မဖယ်၊ ခဏနေတော့ သူ့ဘေးက ခင်သူဇာက ဇီးထုတ်ကမ်းပေးတော့ သူက အဲဒီလက်နဲ့ လှမ်းယူတယ်၊ ပြီးတော့ နေရာတကျ ပြန်ကျလာတယ်။ ဒါတင်မက ထိထားတဲ့ သူ့ပုခုံးလေးက ကျွန်တော့်ဘက် နဲနဲပိုတိုးလာသလိုဘဲ၊ ဒါနဲ့ အတင့်ရဲပြီး လက်တန်းပေါ် တင်ထားတဲ့ သူ့လက်ကို ကျွန်တော့် လက်နဲ့ လှမ်းအုပ်လိုက်တယ်၊ အဲဒီတော့မှ သူက ရှုန်းထွက်ပြီး၊ ကျွန်တော့်ကို ဖေါက်ထားတဲ့ နေကြာစေ့ထုပ် ကမ်းပေးလိုက်တယ်၊ ရော့ နေကြာစေ့ စားတဲ့။
လယ်လိုက်တဲ့ ဖြူဖြူ၊ ကျွန်တော့် လက်နှစ်ဘက်လုံး မအားတော့၊ တဖက်က နေကြာစေ့ထုပ်ကို ကိုင်ပြီး တဖက်က နေကြာစေ့လေးကို ပါးစပ်နဲ့ ကိုက်နေရတယ်။ နေကြာစေ့ ကိုက်ရင်း သူ့ကို လှမ်းကြည့်တော့ သူလှည့်ကြည့်တာနဲ့ဆုံတယ်၊ သူကပြုံးရင်း
"ကုန်ရင်ပြောနော်၊ နောက်တထုပ်ကျန်သေးတယ်" တဲ့
နေအုံးပေါ့၊ ငါ့ အလှည့်ကျမှ နေကြာစေ့ ကိုက်သလို ကိုက်ပြစ်လိုက်မယ်၊ စိတ်ထဲက ကြုံးဝါးလိုက်တယ်၊ ဘာဘဲပြောပြော အင်မတန်ရှည်တဲ့ ကုလားကားက ကျွန်တော့်စိတ်ထဲ တိုတိုလေး၊ ခဏလေးနဲ့ ပြီးသွားသလိုလို။

ထုံးစံအတိုင်း ညနေကျတော့ မိချိုဆီရောက်တယ်။ ရောက်မလည်ခင်ကတဲက မိချိုကို သွားလည်ကြမယ်ဆိုတာ ပြောပြီးသား၊ သူကမေးတော့ ဘာတွေစားတယ်၊ ဘာကားကြည့်တယ်၊ ပြန်ပြောရသေးတယ်၊ သူလဲ မြို့ထဲ သွားလည်ပြီး ရုပ်ရှင်ကြည့်ချင်တယ်တဲ့၊ စာမေးပွဲ ပြီးလို့ ကျောင်းပိတ်ရင် လိုက်ပို့ပေးမယ်လို့ ပြောလိုက်တယ်။
သူ့ကို ဒီနေ့ ဘာလုပ်လဲ လို့ မေးတော့
ဖေဖေ့စာကြည့်ခန်းထဲက ဝတ္ထုစာအုပ် ယူဖတ်တယ်တဲ့၊ ဘာစာအုပ်လဲ မေးတော့
နွမ်ဂျာသိုင်း တဲ့။
အော် မိချိုတောင် ဝတ္ထုစာအုပ် ဖတ်တတ်ပြီဘဲ။

ဒီလိုနဲ့ စာမေးပွဲနေ့ကို ရောက်လာတယ်၊ တဘာသာပြီး တဘာသာ၊ ကျွန်တော်တို့ တစုလုံး ချောချောမောမော၊ နောက်ဆုံးနေ့ကို ရောက်တော့၊ စာမေးပွဲ အတွက် ရင်မခုန်ပေမဲ့၊ ဖြူဖြူ့ဆီက အဖြေအတွက် ရင်ခုန်နေမိတာတော့ အမှန်။
အားလုံးလူစုံတော့ ဘယ်သွားမလဲ ဆိုပြီး ဝိုင်းစဉ်းစားကြတယ်။ တယောက်တပေါက် ဝိုင်းပြောကြရင်း နောက်ဆုံး နီးလဲနီး၊ မရောက်တာလဲ ကြာပြီဖြစ်တဲ့ တိရိစ္ဆာန်ရုံကို ရွေးလိုက်တယ်။
မရွေးလို့လဲ မရဘူးလေ၊ စာမေးပွဲ မဖြေခင်ကတဲက ဗလကြီးနဲ့ တိုင်ပင်ထားတဲ့ကိစ္စ၊ ဒီကိစ္စက သူတို့ဝင်မကူရင် ဘယ်လိုမှ မဖြစ်တော့၊ ဒီအဖွဲ့လိုက် အုပ်စုကြီးနဲ့ ဘယ်လို အဖြေသွားတောင်းမလဲ၊ ခု ဗလကြီးကတဆင့် တင်ထွန်း၊ တင်ထွန်းက တဆင့် ခင်သူဇာ၊ ခင်သူဇာက တဆင့် မိုးမိုး၊ အားလုံးသိသွားပြီ၊ အားလုံးက ရှောင်ပေးဘို့ စီးဝါးရိုက်ထားပြီးသား၊
တိရိစ္ဆာန်ရုံထဲ ရောက်တော့ အရင်ဆုံး ဘိုက်ဖြည့်ရတယ်၊ ဟုတ်တယ်လေ၊ စာမေးပွဲပြီကတဲက ဒီကိုတန်းလာတော့ ဘယ်သူမှ နေ့လည်စာ မစားရသေး၊ စားသောက်ဆိုင်မှာ ခေါက်ဆွဲကြော်တို့ ထမင်းကြော်တို့ မှာစားတယ်၊ တယောက်နဲ့ တယောက် စလိုက်နောက်လိုက်၊ လူတိုင်းက ဖြေနိုင်တာဆိုတော့ စိတ်ညစ်တဲ့သူ တယောက်မှ မပါ။
စားပြီး သောက်ပြီး တိရိစ္ဆာန်ရုံထဲ ပတ်ကြတယ်၊ အုပ်စုလိုက် ပတ်ရင်းနဲ့ ကျွန်တော်နဲ့ ဖြူဖြူဘဲ ကျန်တယ်၊ သူတို့ ဘယ်လိုပျောက်သွားလဲ မသိဘူး၊ ဒါနဲ့
"ဖြူဖြူ ဟိုကောင်တွေရော"
"သိဘူးလေ၊ စောစော ဟိုနားမှာ တွေ့လိုက်သေးတယ်" သူက လာရာလမ်းဘက် လက်ညိုးညွှန်ရင်း ပြောတယ်။

"ဒါဆိုလဲ ဟိုခုံမှာ ခဏထိုင်ရင်း သူတို့ကို စောင့်ရအောင်" ဆိုပြီး သစ်ပင်အောက်က ခုံတန်းလေးကို လက်ညိုးထိုးပြလိုက်တယ်။
"အေးလေ ကောင်းသားဘဲ၊ ဖြူလဲ ညောင်းပြီ"
နှစ်ယောက်သား ခုံတန်းလေးဆီ လျှောက်သွားတယ်။ ထိုင်မိတော့ ကျွန်တော်မစောင့်နိုင်
"ဖြူ" သူကလှည့်ကြည့်တော့
"အဖြေပေးမယ်ဆို" ဆိုတော့ သူနဲနဲ သဘောပေါက်သွားပုံရတယ်။
"ဪ ဒါ သူ့လက်ချက်ကိုး" တဲ့
"အင်း၊ ဖြူကလဲ ဖြူဘဲပြောပြီး စာမေးပွဲနောက်ဆုံးနေ့မှာ အဖြေပေးမယ်ဆို၊ အဲလိုမှ မလုပ်ရင် ဖြူဆီက အဖြေ ဘယ်လိုသွားတောင်းမလဲ"
"ဟင်း ဥာဏ်ချည်းဘဲ"
"ပြောပါ ဖြူရယ် ကိုယ့်ကို ချစ်တယ် မို့လား"
လူကလဲ ရှင်းတယ်ဆိုတော့ ခပ်ရဲရဲဘဲ ဖြူ့လက်ကို ဆုတ်ကိုင်ရင်း မေးလိုက်တယ်၊
ဖြူက ဆုတ်ကိုင်ထားတဲ့ လက်ကို ဟိုရုန်းဒီရုန်းလေး လုပ်နေပြီး၊ ဘာမှပြန်မပြော
"ပြောပါ ဖြူရယ်၊ ချစ်တယ်နော်"
ခဏခဏ မေးတော့ ဖြူက
"ဟို ဟိုလေ ဖြူ လေ ဖြူ ရီးစားမထားချင်သေးဘူး ကိုဇော်ရယ်၊ ဖြူ ကိုဇော့်ကို သံယောဇဉ်တော့ရှိပါတယ်၊ ပြီးတော့ ရီးစားထားရမှာ ဖြူကြောက်တယ်"
"မဟုတ်သေးဘူးလေ ဖြူ၊ ခု စာမေးပွဲလဲ ပြီးသွားပြီ၊ ကျောင်းလဲ ပိတ်သွားပြီဆိုတော့ နောက်ဆို ဖြူနဲ့ ခဏခဏ တွေ့ဘို့ မလွယ်တော့ဘူးလေ၊ ဒါကြောင့် ......"
ဘာဆက်ပြောရမှန်းမသိ၊ ဖြူဖြူ့ လက်လေးကို တင်းတင်းလေး ဆုတ်ပြီး ခေါင်းငိုက်စိုက် ချထိုင်နေလိုက်တယ်။ ခဏလေးနေတော့
"ကိုဇော်"
"ဖြူ"
ကျွန်တော် ဖြူ့ကို လှမ်းကြည့်တော့ ဖြူက ပြုံးပြီး
"ဖြူဆုံးဖြတ်လိုက်ပြီကိုဇော်၊ ကိုဇော့်ကို ဖြူချစ်တယ်"
ရုတ်တရက် ကျွန်တော်လဲ ကြောင်သွားတယ်၊ ဆိုင်းမဆင့် ဗုံမဆင့်ဘဲ သူပြောချလိုက်တာ၊ စိတ်ထဲက ဘယ်လို အဖြေရအောင်လုပ်ရပါ့မလဲလို့ အကြံအိုက်နေတုန်း သူက ခုလို ချစ်ပါတယ်လို့ ဆိုလိုက်ရော မြီးဆို ကျွန်တော် ဘာလုပ်ရမှန်းမသိ၊ မျက်လုံးကြီး ပြူးပြီး သူ့ကို ကြောင်ကြည့်နေမိတယ်၊ သူက
"ဟိတ်" ဆိုပြီး သူ့လက်ကို ဆုတ်ထားတဲ့ ကျွန်တော့်လက်ကို လှုတ်လိုက်မှ
"တကယ် နော် တကယ်လား ဖြူ"
"ဘာတကယ်လား၊ ဖြူ နောက်နေတယ်များ အောက်မေ့နေလို့လား"
ကမန်းကတမ်း
"ဟင်အင်း ဟင်အင်း မမေ့ဘူး၊ မမေ့ဘူး၊ ဟိုလေ ဟို ဟို သေချာအောင် နောက်တခေါက်လောက် ထပ်ပြောပါလား"
"ဘာနောက်တခေါက်လဲ၊ တော်ပြီ တခါဘဲ ပြောမယ်"
"မဟုတ်ဘူးလေ ဖြူကလဲ၊ စောစောက နားက ဒီစကား နားထောင်ဘို့ အဆင့်သင့် မဖြစ်သေးတဲ့ အချိန်မှာ ဖြူက ပြောလိုက်တော့ ဟုတ်မှဟုတ်ရဲ့လားလို့၊ အဲဒါ အတည်ပြု သတင်းလေး ထပ်လုပ်ပေးပါ ဖြူရယ် နော် နော်"
ဖြူ့ ကို ချွဲလိုက်ရင်း ညာတာပါတေးနဲ့ ကိုင်ထားတဲ့ လက်ကို နောက်တဖက်နဲ့ ပြောင်းကိုင်ရင်း လွတ်သွားတဲ့ လက်က ပုခုံးလေးကို လှမ်းဖက်လိုက်တယ်၊
"ဟဲ့ ကိုဇော် လူတွေမြင်ကုန်မယ်နော်"
"ကြည့် ဘယ်သူမှ မရှိဘူး တွေ့လား" သူ့ကို ရင်ခွင်ထဲ တင်းတင်းဆွဲဖက်ရင်း ပြောလိုက်တယ်၊ ဖြူက ကျွန်တော် ပြသလို ဟိုဘက် ဒီဘက် လှမ်းကြည့်တော့ သူကျွန်တော့်ဘက် ပြန်မလှည့်ခင် ကျွန်တော့် နှာခေါင်းကို သူပြန်လှည့်လာမဲ့ နေရာမှာ နေရာယူလိုက်တယ်။ သူလဲ ကျွန်တော့်ဘက် ပြန်လှည့်ရော

"အိုး"
သူ့ပါးလေးထဲ ကျွန်တော့်နှာခေါင်း မြုတ်သွားတယ်။ ကျွန်တော်လဲ မသိသလို
"ဆောရီး ဆောရီး"
"ဘာ ဆောရီး လဲ တမင်သက်သက်လုပ်တာများ၊ ဥာဏ်ကြီးဘဲ၊ ကြောက်တောင် ကြောက်လာပြီ၊ ဟိုတခါ ရုပ်ရှင်ကြည့်တုန်းကလဲ ဒီတိုင်းဘဲ၊ ရီးစားတောင် မဖြစ်သေးဘူး၊ သူများလက်ကို လာကိုင်တယ်"
ဘယ်ထဲက တေးထားလဲ မသိ၊
"အဲဒီတုန်းက စာထဲမှာ ဖြူက ကိုဇော်သဘောထားချင်ထားပါဆို၊ ဒီတော့ ကိုဇော်က သဘောထားလိုက်တာပေါ့"
"သွားပါ လူတကိုယ်လုံး ဥာဏ်ကြီးဘဲ၊ ခုလဲ သူလုပ်လို့နေမှာ ဟိုတစုလဲ ပြန်ကို ပေါ် မလာတော့ဘူး၊ လာ သွားမယ်၊ လိုက်ရှာရအောင်"
"အင်းလေ၊ သွားတာပေါ့၊ မသွားခင် အတည်ပြု သတင်းလေး တော့ ထပ်လုပ်ပေးပါအုံး ဖြူရယ် နော်"
"ကြည့် ကိုဇော်နော်"
"လုပ်ပါ ဖြူရယ်၊ ကိုဇော် တကယ် ကြားချင်လို့ပါ"
"အင်း အင်း ကိုဇော့်ကို ချစ်ပါသတဲ့ ရှင်၊ ကဲ ကြေနပ်ပြီလား"
"အင်း ဒီလိုမှပေါ့၊ ခုမှ ကြားရတာ နားဝမှာ အရသာရှိသွားတယ်" ပြောရင်း ခပ်တင်းတင်းလေး ဖက်လိုက်တော့ ဖြူက ကျွန်တော့်ရင်ခွင်ထဲမှာ ခေါင်းလေး ငုံ့လို့၊ ဘာရမလဲ၊ သူ့ခေါင်းက ဆံပင်လေးကို အသာနမ်းလိုက်တယ်။ အား မွှေးလိုက်တာ။

နှစ်ယောက်သား ခုံတန်းပေါ် ကထပြီး ပျောက်နေတဲ့သူတွေကို အရှာထွက်ကြတယ်၊ သူငယ်ချင်းတွေက ဘယ်ပျောက်ကုန်တယ်မသိ၊ ဟိုလျှောက်ဒီလျှောက် နဲ့ ဘယ်မှာမှ ရှာမတွေ့၊ အော်ခေါ် ရအောင်ကလဲ ခလေး မဟုတ်တော့ နောက်ဆုံး မထူး။
"ဖြူ .. ရှာလို့မတွေ့မဲ့အတူတူ တနေရာရာ မှာ ထိုင်ရအောင်ကွာ" ဆိုရင်း အနီးပတ်ဝန်းကျင် လူလစ်တဲ့ နေရာ လှည့်ပတ်ကြည့်လိုက်တယ်။ မဆိုး ခပ်လှမ်းလှမ်းမှာ သစ်ပင်ရိပ်ကလဲ ကောင်း၊ လူသွားလမ်းနဲ့လဲ နဲနဲလှမ်းတော့
"လာ ဖြူ" ဖြူ့ကို ခေါ် ရင်း အဲဒီဘက် လျှောက်ခဲ့တယ်၊ သစ်ပင်ကွယ်က ဖြတ်အထွက် လှစ်ကနဲ ခုံတန်းပေါ် ကစုံတွဲ တတွဲကို လှမ်းမြင်လိုက်တယ်၊ ကမန်းကတန်း ဖြူ့လက်ကို ဆွဲပြီး သစ်ပင်နောက်ကို ပြန်ဆုတ်လိုက်တယ်၊ ဖြူ ကနားမလည်၊ ဘာလဲ ဆိုတော့ နှုတ်ခမ်းဝ လက်ညိုးနဲ့ ဒေါင်လိုက်ပြရင်း ရှူး တိုးတိုး လို့ ဆိုပြီး စောစောက အတွဲကို လက်ညိုးထိုးပြလိုက်တယ်။ ဖြူက အသာ ချောင်းကြည့်ပြီး
"အယ်" လို့ဆိုရင်း သူ့ပါးစပ် သူလက်ဝါးနဲ့ ပြန်ပိတ်လိုက်တယ်။ လောကကြီးကို မေ့ပြီး တယောက်ကို တယောက်ဖက်ကာ နမ်းနေကြတဲ့စုံတွဲ တတွဲ၊ ဘယ်သူတွေထင်လဲ တင်ထွန်းနဲ့ ခင်သူဇာ၊ ကြည့်စမ်း ဘယ်တုန်းက ဖြစ်သွားတာလဲ ကျွန်တော်တောင် မသိ၊ ဒါနဲ့ ဖြူ့ကို သူတို့ ရီးစားဖြစ်နေတာ သိလား ဆိုတော့ သူလဲ မသိဘူးတဲ့၊
ကျွန်တော် တော်တော် အံသြသင့်သွားတယ်၊ ကြည့်ရတဲ့ အနေအထားက ခုလောလောဆယ်ဆယ် ရီးစားဖြစ်သွားတဲ့ အခြေအနေမျိုးမဟုတ်၊ တော်တော်ခရီးရောက်နေတဲ့ပုံမျိုး၊ နောက်တခါ ထပ်ချောင်းကြည့်တော့ ဖြူက ကျွန်တော့်ကို ဆွဲတယ်၊ မကြည့်နဲ့တော့ ဆိုတဲ့သဘော၊ သွားမယ်ပေါ့၊ အသာလေး နောက်ပြန်ဆုတ်ပြီး သူတို့နဲ့ ခပ်လှမ်းလှမ်း က နေရာမှာ ထိုင်ဘို့ စဉ်းစားရင်း ဖြူနဲ့ လမ်းဆက်လျှောက်ခဲ့တယ်။ လမ်းမှာ
"ဒီကောင်တင်ထွန်း၊ ဘယ်တုန်းကတဲက ခြေပုန်းခုတ်ထားလဲ မသိဘူး၊ ကိုတောင်မသိဘူး"
"အင်း ဖြူလဲမသိဘူး၊ သူတို့က အိမ်နီးနားချင်းတွေလေ"
"ဖြစ်နေတာ ကြာပြီထင်တယ်၊ ဒါဆို ဗလကြီးနဲ့ မိုးမိုးရော" ကျွန်တော် က ပျောက်နေတဲ့ နောက်ထပ် ၂ ယောက်ပါ ဆက်မသင်္ကာ ဖြစ်သွားတယ်။
"သူတို့ ၂ ယောက်က ရိုးရိုးပါ၊ ဖြူသိတယ်၊ မိုးမိုး အကြောင်း"
"ဒါဆို သူတို့ ၂ ယောက် ခုဘယ်မှာလဲ" ကျွန်တော်က မေးတော့
"ဘယ်သိမလဲ" ဖြူက ဖြေတယ်။ တဆက်တည်း
"အတော်ဘဲ ရှေ့နားမှာ အအေးဆိုင်ရှိတယ်တဲ့" ဖြူက လမ်းမှာ ထောင်ထားတဲ့ ဆိုင်းဘုတ်ကို ကြည့်ရင်း

ပြောတယ်။
"အင်း ကောင်းသားဘဲ၊ အအေးသောက်ရအောင်" ဆိုရင်း အအေးဆိုင်ဘက်လျှောက်ခဲ့တယ်။ ဆိုင်ထဲဝင်လိုက်ချင်းချင်းဘဲ အအေးထိုင်သောက်နေတဲ့ ဗလကြီးနဲ့ မိုးမိုးကို သွားတွေ့တယ်။ သူတို့ကလဲ ကျွန်တော်တို့နှစ်ယောက်ကို လက်လှမ်းပြတယ်။
မြင်မြင်ချင်း ဗလကြီးက
"ဘယ်လိုလဲ အဆင်ပြေလား" တဲ့
ကျွန်တော်က ပြုံးရင်း ဖြူ့ကို လှမ်းကြည့်တယ်၊ ပြီးတော့
"ဘယ်လိုလဲ ပြောလိုက်ရမလား" လို့ လှမ်းမေးလိုက်တယ်
"ဘာပြောလိုက်ရမလားလဲ၊ သူဘဲ နေရာတကာ လူတကာကိုပြောချင်တာ၊ သူများတွေများ သိတောင်မသိလိုက်ဘူး" ဖြူက ကျွန်တော့်ကို အပြစ်တင်သံနဲ့
"ဟော့ကောင် မင်း တင်ထွန်းတို့အကြောင်းသိပြီးပြီလား"
ဗလကြီးက
"ဘာအကြောင်းလဲ၊ ငါသူတို့ပျောက်သွားလို့ လိုက်ရှာနေတာ နောက်ဆုံး မရှာနိုင်တော့လို့ ဒီမှာ ထိုင်နေတာ၊ ဘယ်မှလဲ မလျှောက်ချင်တော့ဘူး မောပြီ"
"ဘယ်တွေ့မှာလဲ သူတို့က ပုန်းနေတာ၊ ငါတောင် ကံကောင်းလို့တွေ့ခဲ့တာ"
"ဘာတွေလဲဟ"
"ဒီလို၊ သူတို့ ၂ ယောက်က ရီးစားတွေ၊ ဟိုဘက် ချောင်ထဲက ခုံမှာ ထိုင်ရင်း ကွိကွ ကွိကွ လုပ်နေတာ၊ ငါက မတော်တဆ သွားတွေ့တာ"
"ဟာ ဟုတ်လား"
"ထင်တော့ထင်သားဘဲ၊ သူတို့ကို ကြည့်ရတာ သူငယ်ချင်းလို မဟုတ်ပါဘူးလို့၊ ငါက အိမ်နီးနားချင်းမို့ ပိုခင်တယ် ထင်နေတာ" မိုးမိုးက ဝင်ပြောတယ်။
"ပိုခင်တယ် လုပ်မနေနဲ့၊ ကဲ အအေးသောက်ပြီးရင် သူတို့ကို သွားဖမ်းပြီး ပညာပေးရမယ်"
ဗလကြီးက ဝင်ပြောတော့ အားလုံးက ထောက်ခံကြတယ်၊
"ဒါနဲ့ နေပါအုံး မင်းတို့က အဲဒီဘက်ကို ဘာသွားလုပ်တာလဲ" ဗလကြီးက မေးပြန်ရော
"ငါတို့က ရီးစားတွေလေ၊ ဒါကြောင့် သွားထိုင်မလို့၊ ခုတော့ ဟိုကောင်ကြောင့် ငါတို့မထိုင်ဖြစ်ဘဲ အအေးဆိုင်ရောက်လာတာ" ကျွန်တော်က ရယ်ရင်းပြောတယ်၊ ဟုတ်တယ် နောက်လဲ သိမှာဘဲ၊ မထူး။
ဖြူက ခတ်ဆတ်ဆတ် လေသံနဲ့
"ကိုဇော် ဘယ်လိုဖြစ်နေတာလဲ" တဲ့
မိုးမိုးက "အော် ကိုဇော်တဲ့လား၊ ဇော်ထူး မဟုတ်တော့ဘူးလား" ဆိုတော့
ဗလကြီးက "နင်ကလဲ ဒါတောင်မသိဘူးလား ဒီနေ့ဘဲ ရာထူးတက်သွားတယ်လေ"
"လုပ်မနေနဲ့ ငါတို့က မလျှိုဘူး၊ ဟို လျှိုထားတဲ့ ၂ ယောက်ကို အမိသွားဖမ်းရအုံးမယ်၊ မြန်မြန်သောက်"
ကျွန်တော်က ပြောလိုက်တယ်။ ပြီးတော့ တဆက်တည်း
"မင်းတို့ ၂ ယောက်ရော အခြေအနေက ဘယ်လိုလဲ" ဆက်မေးလိုက်တယ်။
ဗလကြီးက မိုးမိုးကို လှမ်းကြည့်လိုက်တယ်၊ မိုးမိုးက
"ဘာလူကို လာကြည့်နေတာလဲ၊ ပြောလိုက်လေ၊ ပြောလိုက် တို့က သန့်သန့်လေးဆိုတာ" မိုးမိုးက ကမန်းကတန်း ထအော်တယ်။ ဗလကြီးက ညောင်နာနာ အသံနဲ့
"အင်း သူပြောတဲ့ အတိုင်းဘဲ"
"ဟား ဟား ဟား ဟား"
"ခစ် ခစ် ခစ် ခစ်"
သူတို့ ၂ ယောက်ကို ကြည့်ပြီး ဖြူရော ကျွန်တော်ရော ရယ်လို့မဆုံး။

အိမ်ပြန်ရောက်ပြီးတော့ မိချိုဆီထွက်လာတယ်။ သူက စာမေးပွဲပြီးတော့ အားနေပြီလေ၊ မိချိုက မေးတော့ ဖြူ့ဆီက အဖြေရတယ် ဆိုတာ ပြောပြဖြစ်တယ်။ ချိုက
"ကိုထူးက ရီးစား ရသွားပြီဆိုတော့ မိချိုဆီ အရင်ကလို ခဏခဏ လာပါ့အုံးမလား" တဲ့

"မိချိုကလဲ၊ ကိုထူးရီးစားရတာနဲ့ မိချိုဆီ မလာတာနဲ့ ဘာမှမဆိုင်ဘူး၊ ခုဆို ပိုတောင်လာအုံးမှာ၊ ကိုထူးလဲ စာမေးပွဲပြီးလို့ ကျောင်းပိတ်ပြီလေ" မိချိုပုခုံး လေးကို ဖက်ရင်း ပြောလိုက်တယ်၊ ခလေးမ မျက်နှာမကောင်း၊
"တကယ်နော် ကိုထူး"
"အော် မိချိုရယ်၊ ကိုထူး မိချိုကို ဘယ်နှစ်ခါများ လိမ်ဘူးလို့လဲ"
"အရင်ကတော့ ဘယ်လိမ်ဘူးမလဲ၊ ခု ကိုထူးက ရီးစားရသွားပြီဆိုတော့ မိချိုက စိတ်ပူတာပေါ့လို့"
"စိတ်မပူပါနဲ့ မိချိုရာ၊ ရီးစား ရရ မရရ၊ မိချိုက ကိုထူးရဲ့ တဦးတည်းသော မိချိုပါ၊ ဘာမဆို မိချိုက နံပါတ်တစ်"
"တကယ်နော် ကိုထူး" ခုမှ မိချိုမျက်နှာလေး ပြုံးလာတယ်၊
"ဆယ်ကယ် ဆယ်ကယ်" သူပြုံးမှ ကျွန်တော်လဲ ပျော်သွားတယ်။ ဘာလို့လဲ မသိ၊
"လာ ကိုထူး၊ မေကြီး လိုင်ချီးဖျော်ထားတယ်၊ သွားသောက်ရအောင်၊ မိချို ကိုထူးလာမှ အတူတူသောက်မလို့ စောင့်နေတာ"
ကျွန်တော် မိချိုလက်ဆွဲခေါ် ရာနောက် တပြုံးပြုံးနဲ့ ပါလာတယ်၊
ဖြူဖြူတောင် ဘယ်ရောက်သွားမှန်းမသိ။

"တူ တူ တူ တူ"
တဖက်က ဖုံးမကိုင်သေး၊ ဖုန်းမြည်နေတယ်ဆိုတဲ့ အသံ နားထဲကြားနေရတယ်၊ ခဏလေးနေတော့
"ဟဲလို"
"ဟဲလို ဖြူလား"
"အင်း၊ ကိုဇော်လား"
"အင်း၊ ဖြူဘာလုပ်နေတာလဲ"
"ဘာမှမလုပ်ပါဘူး၊ ဖုံးသံကြားတော့ ကိုဇော်လို့ ထင်လိုက်သားဘဲ"
"လွမ်းတယ် ဖြူရယ်"
"ဖြူလဲ လွမ်းတာပေါ့"
"တွေ့ချင်တယ်ကွာ၊ မတွေ့ရတာ ကြာပြီ"
"ဘယ်လိုတွေ့မှာလဲ၊ ကျောင်းပိတ်ထားတဲ့ ဥစ္စာ"
"ဒီလိုလုပ်လေ၊ ကိုဇော် တင်ထွန်းနဲ့ တိုင်ပင်လိုက်မယ်၊ ပြီးတော့ ခင်သူဇာ့ကို လာခေါ် ခိုင်းလိုက်မယ်လေ"
"အင်း"
"ဒါဆို ကိုဇော်အခုဘဲ တင်ထွန်းအိမ်ထွက်ခဲ့မယ်"
"အင်း ကိုဇော်"
ဖုံးချပြီးတာနဲ့ ပြင်ဘီးကို တင်ထွန်းအိမ်ဘက် အတင်းပြေးခိုင်းလိုက်တယ်။ အိမ်ရှေ့က လူခေါ် ခေါင်းလောင်းလေး တီးလိုက်တော့ တင်ထွန်း တံခါး လာဖွင့်ပေးတယ်။
"ဟေ့ကောင် ဘာလုပ်နေတာလဲ"
"ဘာမှ မလုပ်ဘူး၊ အိမ်စောင့်နေတာ"
"မင်း အဘွားကြီးရော" သူ့အဖေက အလုပ်သွားတာ ကျွန်တော်သိတယ်လေ၊ သူ့ အမေဘဲ အမြဲ အိမ်မှာရှိတာ၊
"မရှိဘူး၊ အမေရော၊ အကိုရော၊ အမရော၊ ကိစ္စတခုနဲ့ အပြင်သွားကြတယ်၊ ညနေမှ ပြန်လာမယ်၊ ဘာလုပ်မလို့လဲ"
"ဒါဆို အတော်ဘဲ၊ မင်း ခင်သူဇာ ကို ပြောပြီး ဖြူဖြူကို သွားခေါ် ပေးပါလား၊ ငါ ဖြူဖြူ့ကို ဖုံးဆက်ပြီးပြီ"
"မင်းကလဲကွာ ဆိုင်းမဆင့် ဗုံမဆင့်၊ ဒါဆို ဒီလိုလုပ်၊ ငါ သူဇာ့ကို သွားပြောပြီး ငါတို့ လေးယောက်လုံး ငါ့အိမ်မှာဘဲ နေပေါ့၊ ဒီနေ့ အိမ်မှာဘယ်သူမှ မရှိဘူး"
"မင်းကလဲ ငါက ဖြူနဲ့ လွတ်လွတ်လပ်လပ် စကားပြောချင်တာကွ၊ တို့ ၄ ယောက်လုံး အတူတူဆို ငါက ဖြူ့ နား ကပ်လို့ ဘယ်ရမလဲ"
"ငါသိတယ် ဟေ့ကောင်၊ ငါတောင်မှ စောစောက စဉ်းစားနေသေးတယ်၊ အိမ်မှာဘယ်သူမှ မရှိတုန်း သူဇာ့ကို ခေါ် တွေ့မလားလို့"

"မင်းက ဘယ်လို အစီအစဉ်ရှိလို့လဲ"
"ဒီလိုကွာ၊ သူတို့ရောက်လာရင် မင်းတို့ နှစ်ယောက်က ငါ့အခန်းထဲမှာ လွတ်လွတ်လပ်လပ်နေ၊ ငါနဲ့ သူဇာ နဲ့က ငါ့အကို အခန်း ဒါမှမဟုတ် တနေနေရာရာပေါ့ကွာ"
"ဟေ့ကောင် မင်းနဲ့ သူဇာ က ဘယ်အခြေအနေထိ ရောက်နေပြီလဲ"
"ဟဲဟဲ မင်းထင်တဲ့ အခြေအနေအထိပေါ့၊ သူနဲ့ငါက ရှစ်တန်းလောက်ကတဲက ရီးစား ဖြစ်နေတာ"
"ဖြူက မင်းအခန်းထဲ ငါနဲ့ တတူတူ မလိုက်ဘူးထင်တယ်"
"ဒါတော့ မင်းဟာမင်းကြိုးစားပေါ့၊ ငါ သူဇာကို ပြောထားလိုက်မယ်၊ တို့ လေးယောက်လုံး အတူနေပြီး နောက်မှ ငါတို့ ၂ ယောက်က ရှောင်ပေးမယ်လေ"
"သွားကွာ သွား သူဇာ့ကို သွားပြောတော့" တင်ထွန်းကို အိမ်ထဲက တွန်းလွှတ်လိုက်တယ်၊ သိတယ်မဟုတ်လား၊ ကျွန်တော်က ရောဂါတက်ရင် ချက်ခြင်း။

သိပ်မကြာ တင်ထွန်းပြန်ရောက်လာတယ်။
"သူဇာ သွားခေါ် ပေးမယ်တဲ့" ဝမ်းသာစရာ သတင်းကို သယ်လာတယ်၊
"အင်း ကျေးဇူးဘဲကွာ၊ ငါကတော့ ခပ်လန့်လန့်ဘဲ၊ တခါမှ ဒီလိုတွေ့ဘူးတာ မဟုတ်ဘူး"
"ဟေ့ကောင် လုပ်မနေနဲ့၊ ဒါပေမဲ့ မင်းကောင်မလေးကို တခါထဲ အကြမ်းတော့ သွားမကိုင်နဲ့နော်၊ တဖြေးဖြေး နဲ့ ကိုယ့်ဘက်ပါအောင် ဆွဲယူ၊ တဆင့်ချင်းပေါ့ကွာ၊ ကြားလား"
"အင်းပါ၊ ဒါပေမဲ့ လန့်တာကတော့ လန့်တာဘဲကွ"
"မင်းကလဲ ကိုယ့်ရီးစားဘဲ၊ ပထမ လက်လေးကိုင်၊ ပုခုံးလေးဖက်၊ စကားလေးပြောရင်း နဲနဲ နဲနဲ ရှေ့တိုးသွားပေါ့ကွ၊ ချီးမှဘဲ"
"အေးပါကွာ အေးပါ အေးပါ"
သင်တန်းတက်တုန်း သူတို့ ရောက်လာတယ်၊
"လာ ဖြူ" လို့ ဆိုရင်း ထိုင်ရာက ထပြီး ဆီးကြိုလိုက်တယ်။
ဖြူက ကျွန်တော့်ဘက် လျှောက်လာရင်း ကျွန်တော့်နားဝင်ထိုင်တယ်၊ ခင်သူဇာက မျက်နှာချင်းဆိုင်မှာ၊ တင်ထွန်းက သူ့နားဝင်ထိုင်ရင်း
"ဖြူဖြူ ဘာသောက်မလဲ၊ အအေးသောက်မလား"
"ဟင်အင်း ဘာမှ မသောက်ချင်ပါဘူး"
"သောက်ပါ၊ ငါ အအေးသွားယူလိုက်အုံးမယ်" ဆိုရင်း ထသွားတယ်၊ ခင်သူဇာက သူ့အတွက်ပါ ယူခဲ့ဘို့ လှမ်းမှာတယ်၊
ပက်ဆီ ၄ ဘူးကို ၂ ဘူးစီ လက်တဖက်ဆီက ကိုင်ပြီး တင်ထွန်းပြန်ထွက်လာတယ်။ ကျွန်တော့်ကို တစ်ဘူး၊ ဖြူဖြူကို တစ်ဘူးလှမ်းပေးရင်း
"လာ သူဇာ ငါတို့ အပေါ် ထပ်မှာ သွားသောက်ရအောင်၊ သူတို့ ဒီမှာ အေးအေးဆေးဆေး အအေးသောက်ရင်း စကားပြောပစေ" ဆိုရင်း ခင်သူဇာကို ခေါ် ထုတ်တယ်။
ဖြူဖြူက
"ရပါတယ်" လို့ဆိုပေမဲ့ တင်ထွန်းက
"နင်က ရပေမဲ့ ငါက မရဘူးဟ၊ ငါ သူဇာ့ ကို ပြောစရာတွေ အများကြီးရှိနေတယ်" ဆိုရင်း သူဇာနဲ့ အပေါ် ထပ်တက်သွားတယ်။

သူတို့ နှစ်ယောက် အပေါ် တက်သွားတဲ့ နောက် အောက်ထပ်တခုလုံး တိတ်ဆိပ်သွားတယ်၊ ကျွန်တော်တို့ နှစ်ယောက်လုံး ဘာစကားမှ မပြောဖြစ်သေး၊ အတွေးကိုယ်စီနဲ့
"ဖေါက်" ကျွန်တော်ပက်ဆီဘူးကို ဖေါက်လိုက်တဲ့ အသံက ဖြူ့ကို ဆတ်ကနဲ တုန်သွားသလိုဘဲ တိတ်ဆိပ်နေတဲ့ အောက်ထပ်တခုလုံးလဲ အသက်ပြန်ဝင်လာတယ်။
"ဖြူရယ်" ပက်ဆီဘူးကို စားပွဲပေါ် အသာချရင်း ဖြူ့လက်ကို ဖွဖွလေး လှမ်းကိုင်လိုက်တယ်၊
"ကိုဇော် ဖြူ့ကို အရမ်းလွမ်းတာဘဲ" ဆိုရင်း ဖြူပုခုံးလေးကို လှမ်းဖက်လိုက်တယ်၊ ဖြူက အလိုက်သင့်ကလေး ကျွန်တော့် ရင်ခွင်ထဲ ကျလာတယ်။

"ချစ်တယ် ဖြူရယ်၊ ကိုဇော် ဖြူ့ကို သိပ်ချစ်တာဘဲ" ဆိုရင်း ဖြူ့ကိုယ်လုံးလေးကို တင်းတင်းလေး ဖက်ထားလိုက်တယ်။ ဖြူ့လက်တဖက်က ဖက်ထားတဲ့ ကျွန်တော်လက်ကို လာကိုင်တယ်။
"ဖြူ ချစ်တယ်နော်"
ဖြူ ဘာမှပြန်မပြော ခေါင်းလေး ငုံ့သွားတယ်၊ ကျွန်တော် ငုံ့လာတဲ့ ခေါင်းလေးကို မေးဖျားက ကိုင်ပြီး အသာပင့်လိုက်တော့ သူမော့လာတယ်၊
"ချစ်တယ်နော် ဖြူ" ဆိုတော့
ခေါင်းငြိမ့်တဲ့ သဘောလားတော့မသိ၊ မျက်လွှာလေး တချက်ခတ်လိုက်သလို မျက်ဝန်းလေး ပိတ်သွားတယ်။ ကျွန်တော် သူ့နဖူးလေးကို ဖွဖွလေးနမ်းလိုက်တယ်။ နောက် သူ့ပါးမို့မို့လေး နှစ်ဘက်၊ သူ့မေးဖျားလေးကို အသာပင့်ထားရင်း မဟတဟ ပွင့်နေတဲ့ သူ့နှုတ်ခမ်းလွှာကို အသာ ငုံလိုက်တယ်။ ပြီးတော့ ဖြေးဖြေးလေး စုတ်ယူလိုက်တယ်၊ ဖြူ့လက်လေးတဖက်က ကျွန်တော့် ပုခုံးပေါ် ရောက်လာတယ်၊ မေးဖျားလေးကိုကိုင်ထားတဲ့ လက်က ဖြူ့ကို အရှေ့ဖက်ကခါးကိုဆွဲဖက်လိုက်သလို၊ ပုခုံးပေါ် ဖက်ထားတဲ့ လက်ကလဲ သူ့ကိုယ်လေးကို ကျွန်တော့်ဘက်ဆွဲယူလိုက်တယ်၊ ဖြူက အလိုက်သင့်လေး ကျွန်တော့် ရင်ခွင်ထဲ ကော့ပြီးပါလာတယ်၊
ကျွန်တော့် နှုတ်ခမ်းကတော့ သူ့နှုတ်ခမ်းနဲ့ ကပ်နေတုန်း၊ ပုခုံးဖက်ထားတဲ့ ကျွန်တော့်လက်က အားမလို အားမရ ဖြူ့ ဇက်လေးကို ထိန်းပြီး အထဲမှာ အတင်းပုန်းနေတဲ့ သူ့လျှာလေးကို ကျွန်တော့်လျှာလေးသွင်းပြီး ရှာလိုက်တယ်၊ တွေ့တော့ အသာလေး ဆွဲခေါ် လာပြီး ဖြေးဖြေးလေး စုတ်လိုက်တော့ ဖြူ့လက်နှစ်ဘက်လုံးက ကျွန်တော့် လည်တိုင်ကို သိုင်းဖက်လာတော့တယ်၊
တဖြေးဖြေးနဲ့ ကျွန်တော်တို့ နှစ်ယောက် နှုတ်ခမ်းချင်းကပ်ရက်တန်းလန်း ဆိုဖာပေါ် ထပ်လျှက်ကျသွားတော့တယ်။
ကျွန်တော်ဘာမှ မသိတော့၊ ဖြူ့ဆီက တုန့်ပြန်အနမ်းတွေက ကျွန်တော့် စိတ်ကို ချွန်းအုပ်လို့ မရတော့။ အနမ်းက နှုတ်ခမ်းကတဆင့် ဖြူ့လည်တိုင်ဆီ ရောက်သွားတယ်။ ကျွန်တော့်နှုတ်ခမ်းတစုံက ဖြူ့လည်တိုင် တလျှောက် တရှုရှုနဲ့ လျှောက်သွားနေတုန်း
"ကိုဇော်ရယ်၊ အိမ်ရှေ့ကြီးမှာကွယ်"
ဖြူ့ဆီက တီးတိုးထွက်လာတဲ့စကား
"လာဖြူ" ဆိုပြီး ကျွန်တော် ဆိုဖာပေါ် ကထလို့ ဖြူ့ကို ဆွဲထူလိုက်တယ်၊ ပြီးတော့ ဖြူ့ကို လက်ဆွဲပြီး တင်ထွန်း အခန်းဆီ ဦးတည်လိုက်တယ်။
အခန်းထဲ ရောက်ရောက်ချင်း တခါးကို အထဲက လော့ခ် လုပ်လိုက်တယ်။ ပြီတော့ ဖြူ့ကို လက်ဆွဲပြီး တင်ထွန်းကုတင်ပေါ် ထိုင်လိုက်တယ်၊ စောစောကလိုလဲ သူ့ကို အတင်းဖက်ပြီး သူ့နှုတ်ခမ်းကို ကျွန်တော့် နှုတ်ခမ်းနဲ့ စုတ်ယူလိုက်ပြန်တယ်၊ ခဏနေတော့ ပူးနေတဲ့ ကိုယ် ၂ ခုက ထပ်ရက်လေး အိပ်ယာပေါ် ကိုလဲ ကျသွားတယ်၊
"ချစ်တယ် ဖြူရယ်၊ အရမ်းချစ်တယ်" ကျွန်တော့်ပါးစပ်က တဖွဖွရွတ်ရင်း ဖြူ့ ကျွန်တော့်နှုတ်ခမ်းအစုံက ဖြူ့လည်တိုင် ပေါ် ပြေးလွှားနေတယ်၊ လက်ကလဲ အငြိမ်မနေ၊ ဖြူ့တကိုယ်လုံးလက်လှမ်းမှီရာ နေရာအနှံ့ ပွတ်သပ်လို့၊ ကျွန်တော့်လက်က ဖြူ့ နောက်ကျောက ဘော်လီအကျီချိတ်ဆီလဲ ရောက်သွားရော
"ဖြူကြောက်တယ် ကိုဇော်ရယ်"
ကျွန်တော် ဖြူ့ပါးလေးကို ဖွဖွလေးနမ်းလိုက်ရင်း
"ကိုဇော်လဲ ကြောက်တာပါဘဲ ဖြူရယ်" ဆိုရင်း လက် ၂ ဖက်က ဘော်လီ ချိတ်တခု ဖြုတ်လိုက်တယ်၊ ပြီးတော့ နောက်တခု၊ တခုပြီးတခု၊ အားလုံးပြုတ်သွားတော့ အပေါ် အကျီရော ဘော်လီရော ၂ ခုလုံးထပ်ပြီး ဖြူ့ ခေါင်းပေါ် က ဆွဲချွတ်လိုက်တယ်၊ တပြိုင်တည်းလိုလိုပါဘဲ၊ ကျွန်တော့် တီရှပ်ကိုလဲ ဆွဲချွတ်လိုက်တယ်၊ ပြီးတော့ အကာအကွယ်မရှိတဲ့ ရင်သား ၂ ခုက ဖိကပ်သွားတယ်၊
ကျွန်တော့်လက်နှစ်ဖက်က ဖြူ့လက်နှစ်ဖက်ကို လက်ဖဝါးချင်းထပ်ပြီး လက်ချောင်းချင်းယှက်ထားလျှက် ကျွန်တော့် နှုတ်ခမ်းအစုံက ဖြူ့ နှုတ်ခမ်းပေါ် မှာရော၊ လည်တိုင်ပေါ် မှာရော၊ ရင်ညွန့်ပေါ် မှာပါ ပြေးလွှားနေတယ်။ ဖြူကတော့ မျက်လုံး မဖွင့်တော့၊ လူကတဖြေးဖြေး အောက်လျှောဆင်းလာပြီး ဝင်းဝင်းစက်စက် မထိရက်စရာ ရင်သားလေးကို နှုတ်ခမ်းနဲ့ အသာပွတ်ရင်း နီညိုညိုနို့သီးလေးကို လှမ်းစုတ်လိုက်တယ်၊

"အိုး ကိုဇော်ရယ်" ဆိုပြီး ဖြူ ကော့လာတယ်။ ကော့လာတာနဲ့ အတော်ဘဲ ကျွန်တော့်လက်တဖက်က
သူ့ကျောအောက်ကို ဝင်သွားတယ်၊ အသာဖက်ပြီး နို့သီးလေးကို စို့ပေးရင်း နောက်လက်တဖက်က
နို့အုံလေးကို ဖွဖွလေး ပွတ်ကစားနေလိုက်တယ်၊ စို့ရုံတင် အားမရ၊ ပါးနဲ့ပါ ရင်သားမို့မို့လေးကို
ပွတ်ကစားလိုက် တရှုတ်ရှုတ်နဲ့ ရင်နှစ်မွှာကြား အနမ်းချွေလိုက်၊ ဘိုက်သားလေးပေါ်
နှုတ်ခမ်းကပြေးလွှားဆော့ကစားလိုက်၊ ဖြူ့ အပေါ် ပိုင်းတခုလုံး ကျွန်တော့် နှာခေါင်းနဲ့ နှုတ်ခမ်းက မရောက်တဲ့
နေရာ မရှိဆိုသလောက်ပါဘဲ၊ ဖြူ့ကတော့ တအင်းအင်းနဲ့ ကျွန်တော့် နှုတ်ခမ်းနဲ့ ထိမိတဲ့ နေရာလေးတွေ
ကြွကြွတက်တက်လာတာပါဘဲ၊ သူ့လက်နှစ်ဘက်ကလဲ ကျွန်တော့်ကျောကို ပွတ်လိုက်၊ ခေါင်းကို ပွတ်လိုက်၊
လက်မောင်းသား နှစ်ဘက်ကို လာညှစ်လိုက်နဲ့၊
ဘိုက်သားလေးပေါ် မျက်နှာအပ်ပြီး လက်က စည်းထားတဲ့ သူ့ စကပ်ထမီလေး ဇစ်အစကို ကိုင်လိုက်တော့
"ကိုဇော်ရယ် ဖြူကြောက်တယ်" ဆိုရင်း ကျွန်တော့် လက်ကို လာဆုတ်တယ်၊
ကျွန်တော့် နှုတ်ခမ်းက လာဆုတ်တဲ့ ဖြူ့လက်ဖမိုးလေးကို နမ်းရင်း လက်ညိုးနဲ့ လက်မက ဇစ်ကို ဖြေးဖြေးလေး
ဆွဲချလိုက်တယ်၊ ချောင်သွားတဲ့ စကပ်က ဘိုက်အောက်ပိုင်းသားလေးကို ဟင်းလင်းပွင့်သွားသလိုဘဲ အောက်ခံ
ပန်းရောင် ဘောင်းဘီလေးလဲ ပေါ် လာတယ်၊ နှုတ်ခမ်းလေးကို ပွင့်သွားတဲ့ ဘိုက်သားလေးပေါ် တင်လိုက်တော့
ဖြူ့လက်က ကျွန်တော့် လက်မောင်းနှစ်ဘက်ကို လာညှစ်ပြန်တယ်၊ ခါးလေးလဲ ကော့လာတယ်၊
ကျွန်တော့်လက်နှစ်ဘက်လဲ သူ့တင်ပါးအောက်ကို ဝင်သွားတယ်၊
"ဟင်း ဟင်း ဟင်း ဟင်း ကိုဇော် ဖြူ့ကို ဘာတွေလုပ်နေတာလဲ၊ ဖြူ နေလို့မရတော့ဘူး"
ကျွန်တော်လဲ ဘယ်လိုမှ နေလို့မရတော့၊ ဘိုက်သားကို ဆွဲစုတ်ရင်း လက်က သူ့စကပ်ကို
အောက်ဆွဲချလိုက်တယ်၊ သူ့စကပ်က ကျွန်တော့်ကိုယ်နဲ့ ဖိနေတာဆိုတော့ ကုန်းကုန်းကွကွနဲ့ မနဲ
ဒူးလောက်ထိရောက်သွားအောင် ဆွဲချလိုက်ရတယ်၊ နှုတ်ခမ်းက ဘိုက်သားလေးကို စုတ်ထားတာ လွှတ်မှ
မလွှတ်ချင်ဘဲကိုး၊ စကပ်က အောက်လျှောသွားမှ သူ့ခြေ က လွတ်လွတ်လပ်လပ် ကားလို့ရသွားတယ်၊
ကျွန်တော်လဲ သူ့ပေါင်ကြားမှာ မှောက်နေတာ အဆင်ပြေသွားတယ်၊ ကားလာတဲ့ ပေါင်အတွင်းသားလေးပေါ်
ကို နှုတ်ခမ်းတင်လိုက်တော့ ဖြူ့လက်ကို ကျွန်တော့် ဆံပင်ကို ဆုတ်ဆွဲလာတယ်၊
"ဟင်း ဟင်း ဟင်း ဟင်း" နဲ့ တင်ပါးလေးလဲ ကော့လာတယ်၊ လက်က ဖြူ့ပေါင်နှစ်လုံးကြားက ပန်းရောင်
အတွင်းခံဘောင်းဘီ အလယ်စလေးကို စမ်းမိတော့ အရည် ချွဲချွဲတွေ ရွှဲနစ်နေတာဘဲ၊ နှုတ်ခမ်းနဲ့
ပေါင်အတွင်းသားလေးကို အထက်အောက် အပြန်အလှန်ပွတ် ရင်း၊ လက်က အဲဒီ အရည်တွေ ရွှဲနေတဲ့
ကြားထဲက အရာလေးကို အသာလေး ဖိလိုက်တယ်၊
"အင့်" ဆိုပြီး ဖြူ့တကိုယ်လုံး ဆတ်ကနဲ တုန်သွားတယ်။ လက်က ဆံပင်ကို ပိုဆွဲလိုက်သလိုဘဲ
တင်းသွားတယ်။
ကျွန်တော့်လက်ချောင်းလေးက ပေါင်ရင်းကတဆင့် အတွင်းခံ ဘောင်းဘီအောက်ထဲ အသာဝင်သွားတော့။
ကားထားတဲ့ သူ့ခြေထောက်လေးက စိသွားပြီး လူက ကော့လာပြန်တယ်။ မထူးဘူး သူ့ဘောင်းဘီကို
လိပ်ချွတ်လိုက်တယ်၊ လူက ကော့နေတာဆိုတော့ ဘောင်းဘီက အသာအယာဘဲ တင်ပါးအောက်က
ထွက်လာတယ်၊ ဆက်တိုက်ဘဲ ဘောင်းဘီကို အောက်ဆွဲချလိုက်ရင်း မျက်နှာက ဆီးခုံပေါ် အပ်လိုက်တယ်၊
အမွေးနုနုလေးကြားထဲကျွန်တော့်လျှာက ဟိုထိုးဒီထိုး ထိုးကစားရင်း မျက်နှာက စေ့ထားတဲ့ပေါင်ကြားကို
အပ်မိတော့ အတင်းဖိပြီး ခေါင်းကို နဲနဲရမ်းရင်း စေ့ထားတဲ့ပေါင်ကို ထိုးခွဲလိုက်တယ်၊
"ကိုဇော်ရယ် လုပ်ပြီကွယ်" ကျွန်တော်က ဒီလိုဘဲ ကြားလိုက်တယ် ထင်တာဘဲ၊ စေ့ထားတဲ့ ပေါင်က
တဖြေးဖြေးချင်းကားလာတယ်၊ ကျွန်တော့် လျှာက အကွဲကြောင်းလေးကြားကို ဝင်သွားတော့
"ဟင်း ဟင်း ဟင်း ဟင်း ကိုဇော်ရယ်၊ အင်း . . . . . . . ." အသံရှည်တချက်ထွက်လာပြီး တင်ပါးက
ကော့လာတယ်၊ ကော့လာတဲ့ တင်ပါးအောက်လက်သွင်းပြီး အားရပါးရဘဲ အရည်တွေရွှဲနေတဲ့
အကွဲကြောင်းတလျှောက် လျှာနဲ့ ထိုးပြီး အထက်အောက် အစအဆုံး ရက်လိုက်တယ်၊ ခပ်ငံငံ
အရသာချွဲချွဲလေးက လျှာပေါ် ပြေးတက်လာတယ်။ ကုတင်ပေါ် ခြေဖဝါး ထောက်ပြီး
ဒူးထောင်ရက်ကော့နေတဲ့တင်ပါးက ကုတင်ပေါ် ကို ပြန်ကျတော့ပါဘူး၊ ပေါင်နှစ်ဘက်ကို ကျွန်တော့်ခေါင်းကို
တင်းတင်းညှပ်လိုက်၊ လျှော့သွားလိုက်၊ ဆံပင်တွေကို ဆွဲလိုက်၊ တင်ပါးအောက်က လျှိုပြီး ဘိုက်သားပေါ်
မှာဆုံးသွားတဲ့ ကျွန်တော့်လက်ကို လာကိုင်ဆုတ်လိုက်နဲ့ ပါးစပ်ကလဲ တဟင်းဟင်း တအင်းအင်း ကိုဇော်ရေ
ကိုဇော်ရေ နဲ့ ကျွန်တော့်ကိုအတင်းခေါ် နေလေရဲ့၊ သူ့ပေါင်နှစ်ဘက်က ကျွန်တော့် ခေါင်းကို

အတင်းညှပ်လိုက်လို့ ကျွန်တော့်မှာ လှုတ်မရ စုတ်မရနဲ့ အနမ်းလျှော့သွားတော့ သူက ပြန်လျှော့ပေးလိုက်၊
စိတ်ချက် ပြင်းသွားလို့ သူမခံနိုင်တဲ့ အခါမျိုးကျတော့ ပေါင်နှစ်လုံးကို အတင်းစေ့ပြီး ကျွန်တော့်ကို
မလှုတ်နိုင်အောင် ချုပ်ထားပြန်ရော၊ သိပ်မကြာပါဘူး၊ သူအသာလေးလျှော့ပေးတဲ့ အချိန်မှာ ကျွန်တော်
ခေါင်းကို သူ့ပေါင်ကြား သေချာအပ်ပြီး အရည်ကြည်တွေ စိမ့်ထွက်နေတဲ့ အပေါက်ထဲ လျှာကို အတင်း
အဆုံးထိထိုးသွင်းပြီး ရက်ပေးလိုက်တော့
"အင်း ကိုဇော်ရေ့" ဆိုပြီး ကျွန်တော့် ခေါင်းကို သူ့ပေါင်ကြားနဲ့ ကပ်နေအောင် အတင်းဆွဲပြီး ကော့နေတဲ့
တင်ပါးက အပေါ် တက်အောက်ဆင်းနဲ့ အတင်းရမ်းနေရင်း ကျွန်တော့်ခေါင်းကို သူ့ပေါင်နှစ်ဘက်နဲ့
အတင်းညှစ်ရင်း ငြိမ်ကျသွားပါလေရော၊
ကုတင်ပေါ်က ဆင်းပြီး ကျွန်တော်လဲ ကျွန်တော့် ဂျင်းကို ကမန်းကတန်း ဆွဲချွတ်လိုက်တယ်။ အတွင်းခံကိုပါ
တဆက်တည်း ချွတ်ချလိုက်တော့မှ အထဲမှာ လှောင်ပိတ်မိနေတဲ့ ကျွန်တော့ကောင်က အပြင်ကို
လွတ်လွတ်ကျွတ်ကျွတ်ရောက်လာတယ်၊ ပြီးတော့ ဖြူ့ အနားမှာ လှဲအိပ်ချလိုက်တယ်၊ အသာလေး ဖြူ့ကို
ဖက်ပြီး ခြေထောက်နဲ့ ခွလိုက်တော့ ကျွန်တော့်ကောင်က ဖြူ့ကိုသွားထိတယ်၊
"ဖြူ"
"အင်"
"ချစ်တယ်နော်"
"ချစ်တယ်ကိုဇော်ရယ်"
ဖြူ့လက်ကို ဆွဲယူပြီး ကျွန်တော့်ကောင်လေးပေါ် တင်ပေးလိုက်တယ်။
"အို ကိုဇော်ရယ်" ဆိုပြီး မဝံ့မရဲနဲ့ ဆုတ်ထားတယ်။ ကျွန်တော်လဲ သူ့ကို ဖက်ပြီး
"ကိုဇော်တို့ ထပ်ချစ်ကြအုံးမယ်နော်"
"အင်း"
ဒါနဲ့ကျွန်တော်လဲ သူ့ပေါင်ကြား ဒူးထောက်ထိုင်လိုက်ပြီး သူ့ပေါင် ၂ ဖက်ကိုကားလိုက်ရင်း
ကျွန်တော့်ကောင်လေးကို သူ့ အပေါက်ဝ တေ့လိုက်တယ်။ သူ့အပေါက်ဝက အရည်တွေနဲ့ ရွှဲရွှဲစိုနေတုန်း၊
ကျွန်တော့်ကောင်လေးကလဲ မာထန်လိုက်တာမှ တဆတ်ဆတ်တုန်လို့၊
"ကြေက်တယ်ကိုဇော်ရယ်"
ကျွန်တော်လဲ ပထမဆုံး အကြိမ်ဘဲ၊ အားတင်းပြီး အသာဖိချလိုက်တယ်။ စွတ်ကနဲ ကျွန်တော့်ကောင်လေး
သူ့အခေါင်းထဲ ကြပ်ကြပ်တည်းတည်းတိုးဝင်သွားတယ်၊ အရည်တွေရွှဲပြီး ချွဲနေတာဆိုတော့
တိုးဝင်သွားတာကိုက အရာသာတခုလိုဘဲ၊ သူ့အဖို့ကတော့
"အား အား အား အား နာတယ် နာတယ် ကိုဇော် နာတယ် နာတယ် ကိုဇော် ကိုဇော် ကိုဇော် အား အား အား"
အဲဒီ ထိုးသွင်းနေတဲ့ စက္ကန့်ပိုင်းလောက်အတွင်းမှာ ဖြူ့ဆီက အသံမျိုးစုံထွက်လာတယ်၊
အဆုံးထိလဲရောက်သွားရော၊ ကျွန်တော်လဲ သူ့အပေါ် အသာမှောက်ချလိုက်တယ်၊ ဘာမှဆက်မလုပ်တော့၊
ကျွန်တော့် ကောင်လေးက အထဲမှာ ဘာမှမလုပ်ဘဲနဲ့တောင် အရသာက အရမ်းကောင်းနေပြီ၊
"ဖြူ အရမ်းနာလားဟင်"
"အင်း ကိုဇော်ရယ်၊ နာတယ်၊ ခုတော့ မနာတော့ပြန်ဘူး"
"ပြန်လုပ်ကြည့်မယ်နော်"
"ဟင်အင်း နေအုံး ကိုဇော်ရယ်၊ ဒီအတိုင်း ငြိမ်ငြိမ်လေး ခဏ နေအုံးနော်"
"အင်း" သူ့ကို ဖက်ရင်း သူးပါးလေးကို နမ်းလိုက်တယ်၊ သူကျွန်တော့်ကျောကို သိုင်းဖက်လာတယ်။
"ချစ်တယ် ဖြူရယ်"
ထပ်ရက်ကလေး ကျွန်တော့်ကောင်လေးကို သူ့ထဲမှာ လှုတ်ကြည့်လိုက်တယ်၊
"အင်း ကိုဇော်"
"ရပြီလား ဖြူ"
"အင်း ဖြေးဖြေးနော်"
စောစောက အနေအထားအတိုင်း ဒူးထောက်ပြန်ထိုင်ရင်း အသာဆွဲထုတ်လိုက်တယ်၊ ကျွတ်ထွက်လာတဲ့
ကျွန်တော့်ကောင်လေးကို ကျွန်တော်ပြန်ကြည့်ပြီး နဲနဲ လန့်သွားတယ်၊ အနီရောင် သွေးကြောင်းလေးတွေ
ကပ်ပါလာတာကိုး၊ ကြားဘူးတာတွေ ရှိနေတော့ သိပ်တော့ စိတ်မပူပါဘူး၊ စောစောကလို အသာဘဲ

ပြန်ထိုးသွင်းလိုက်တယ်။
"အင်း အား အား အား အား ကိုဇော် ကိုဇော် အင်း အင်း အင်း"
အဲလိုဘဲ တဖြေးဖြေး ဆွဲထုတ်လိုက် ထိုးသွင်းလိုက် ၄ - ၅ ကြိမ်လောက် ဆက်လုပ်ပေးလိုက်တော့ အား အား ဆိုတဲ့ အသံက အင်း အင်း ကို ပြောင်းသွားတယ်။ သူလဲ အင်း အင်း ကို ပြောင်းသွားတော့ ကျွန်တော့်ကောင်က ပြီးချင်ပြီ၊ မပြီးချင်ဘဲ နေမလား၊ စဝင်ကတဲက ကျွန်တော့်ကောင်လေးက အရမ်းကောင်းနေတာကိုး၊ ကျွန်တော်လဲ ပီးခါနီးဆိုတော့ သွက်သွက်လေးဘဲ လုပ်လိုက်တော့
"အား အား အား အား နာတယ် ကိုဇော် ဖြေး ဖြေး အား အား"
"အင်း အင်း ဖြူ ကိုဇော် ပီးတော့မယ်၊ ပီးတော့မယ်" ဆိုရင်း ကျွန်တော့်ကောင်လေးဆီက အရည်တွေ ပန်းထွက်ကုန်တယ်။
ဖြူလဲ အင်း အင်း အင်း အင်း ဆိုပြီး ကျွန်တော့်လက်ကို တအား လာဆုတ်ထားတယ်။
ကျွန်တော်လဲပီးပီးချင်း ဖြူ့ကိုယ်ပေါ် မှောက်ချလိုက်တော့ ဖြူ့လက် ၂ ဖက်က ကျွန်တော့်ကြောကို တအားလာဖက်ထားတော့တယ်။

အဲဒီကနေ အစပြုပြီး ဖြူနဲ့ ကျွန်တော် အချစ်နယ်ကျွံခဲ့တာ ခဏခဏပါဘဲ၊ သူဘာလို့ ကျွန်တော့်အလို အဲလိုလိုက်ခဲ့တယ်ဆိုတာ အဲဒီနေ့ကဘဲ ဖြူကပြောပြတယ်လေ၊ သူတို့တမိသားစုလုံး အမေရိကားကို သွားရတော့မယ်တဲ့၊ ဟိုက သူ့အဖေရဲ့ အကိုက ခေါ် တယ်ဆိုလားဘဲ၊ လျှောက်ထားတာတော့ ၁၀ နှစ်ကျော်လောက်ရှိပြီ ဆိုတာဘဲ၊ ခု ဒီနှစ်ဆို သွားရတော့မှာတဲ့၊ စာမေးပွဲ အောင်စာရင်း ထွက်တာတောင် သူဒီမှာ ရှိပါ့မလား မသိဘူးတဲ့၊ ခုတောင် နောက်အပတ်က စပြီး စပီကင် သင်တန်း မြို့ထဲ သွားတက်မယ် ဆိုတာဘဲ၊ ကျွန်တော့်ကိုလဲ လိုက်တက်ဘို့ခေါ် တယ်၊ နောက်ပြီး သူကပြောသေးတယ်၊ သူဟိုမှာ အခြေကျပြီး ဟို နိုင်ငံသား ဖြစ်ရင် ကျွန်တော့်ကို လက်ထပ်ပြီး ခေါ် မယ်တဲ့၊ အဲဒီအချိန်လောက်ဆိုရင် ကျွန်တော်လဲ ဆရာဝန်ဖြစ်လောက်ပြီပေါ့တဲ့၊ သူသိတယ်လေ၊ ကျွန်တော် ဆရာဝန်အလုပ်ဝါသနာပါတယ်ဆိုတာ။ သူ့အစီအစဉ်ကတော့ ချောနေတာဘဲ၊ အေးလေ ကျွန်တော်ကတော့ ဘာမှပြန်မပြောလိုက်ပါဘူး၊ သူပြောသမျှဘဲ ခေါင်းထဲမှာ ထည့်ထားလိုက်တယ်၊ နောက်ပြီး အဲဒီအချိန်မှာ သူ့ကို နောက်တချီလောက် ထပ်ဆော်ဘို့ စိတ်ထဲရောက်နေတာလဲ ပါချင်ပါမှာပေါ့။ ဘာဘဲပြောပြော ကျွန်တော်က နိုင်ငံခြားသွားနေရမှာကို စိတ်မဝင်စားပါဘူး၊ ခဏတဖြုတ် အလည်သဘောနဲ့ သွားရရင်တော့ သွားချင်တာပေါ့လေ၊ ဟိုမှာ တသက်လုံး နေဘို့ဆိုတာကိုတော့ ဘဝင်မကျတာကတော့ အမှန်ဘဲ၊ ကျွန်တော်နေချင်တဲ့ ဘဝမျိုးက ကျွန်တော်ဝါသနာပါတဲ့ ဆရာဝန်အလုပ်လေးနဲ့ တောမကျ၊ မြို့မကျ နေရာလေး တခုမှာ ဆေးခန်းလေးတခု ဖွင့်ပြီး ကိုယ့်မိသားစုနဲ့ကိုယ် အေးအေးချမ်းချမ်း လေးနေချင်တာပါဘဲ။ အေးလေ ဒါတွေက ထားပါ။ လောလောဆယ်ဆယ် ဇာတ်လမ်းကိုဘဲ ပြန်ဆက်ရအောင်။

နောက်တပတ်မှာ သူတက်တဲ့ စပီကင်သင်တန်းကို ကျွန်တော်လိုက်တက်ဖြစ်တယ်။ မြို့ထဲမှာ၊ တက်ဖြစ်တာကလဲ ဒီလို၊ အားနေတာကလဲတကြောင်း၊ သူနဲ့ ဒီအချိန်လေးအတွင်းမှာ နီးနီးကပ်ကပ်နေချင်တာကလဲ တကြောင်းပေါ့။ ပြီးတော့ ကံကောင်းချင်တော့ သူငယ်ချင်းကောင်း တင်ထွန်းရဲ့ မိဘက မြို့ထဲက ကံထရိုက်တိုက်တလုံးမှာ အခန်းတခန်းဝယ်တယ်လေ၊ အဓိကရည်ရွယ်ချက်က ဈေးတက်ရင် ပြန်ရောင်းမယ်ပေါ့၊ ဒါမှမဟုတ် သူ့သားသမီး တယောက်ယောက်နေမယ်ပေါ့၊ လောလောဆယ်ဆယ်တော့ ဆောက်ပြီးခါစဆိုတော့ ဘယ်သူမှ မနေဘူး၊ အဲဒါ တင်ထွန်းနဲ့ တိုင်ပင်ပြီး တင်ထွန်းက လစ်ရင်လစ်သလို သော့ယူယူလာပေးတယ်လေ၊ သူလဲ သူ့ကောင်မလေးနဲ့သွား၊ ကျွန်တော်လဲ ဖြူ့နဲ့ အခွင့်အရေးရရင် ရသလိုပေါ့။
ဖြူနဲ့နေခဲ့ရတဲ့ အချိန်တွေကတော့ ကျွန်တော့်ကို စိတ်ကြေနပ်မှု အပြည့်အဝ ပေးခဲ့တာတော့ အမှန်။ အနေကြာလာတာနဲ့အမျှ ဖြူနဲ့ ကျွန်တော့်ကြားမှာ အရှက်တရားက ကုန်ခန်းပြီး အချစ်တရားက အသားကုန် ကြီးထွားလာတာကတော့ ဗေဒင်မေးစရာတောင်မလိုဘူး။
အခွင့်အရေးရလို့ အဲဒီအိမ်ကို ရောက်လိုက်တယ်ဆိုရင်ဘဲ၊ တယောက်နဲ့ တယောက် ဖက်မဝ၊ နမ်းမဝ၊ ရက်မဝ၊ နဲ့ ယာယီ အိပ်ယာပါးကလေးသာရှိတဲ့ အိမ်ခန်းသစ်လေးထဲမှာ တယောက်နဲ့ တယောက် အချစ်ချင်းပြိုင်ကြတာက တပတ်ကို နှစ်ကြိမ်လောက် ဖြစ်ဖြစ်နေတယ်။ ခွဲရတော့မယ့်ရက်နီးလာလေ

ပိုချစ်လာလေ၊ ပိုပြီး ချစ်လို့မဝလေ ဖြစ်လာသလိုဘဲ။ တယောက်နဲ့ တယောက်လဲ ချစ်နည်းပေါင်းစုံနဲ့ ချစ်ဖြစ်ကြတယ်၊ ဖြူကလဲ ကြိုက်တယ်လေ၊ ကျွန်တော်ကတော့ ဖိုးကြိုင်းဒုတ်ပေါ့။ ခုဆို ဖြူက ကျွန်တော့်ကို တက်ခွပြီး အပေါ် ကလဲ ကောင်းကောင်းလုပ်တတ်ပြီ၊ နောက်ကနေဆော်တဲ့ လေးဘက်ထောက်ပုံစံလာမလား၊ လှေကြီးထိုးရိုးရိုးနဲ့ စမ်းမလား၊ ခြေတဖက်ထောင်၊ ခြေနှစ်ဖက်ထောင်၊ ခြေတဖက်ခွ၊ အကုန်အစုံ ထိုင်လျှက်တမျိုး၊ ကုန်းလျှက်တဖုံ၊ နည်းစုံနဲ့ကို ချစ်ပြစ်လိုက်ကြတာ၊ အဲ ကျွန်တော်တို့ နှစ်ယောက်အကြိုက်ဆုံးကတော့ ခြောက်ဆယ့်ကိုးလို့ ခေါ် တဲ့တယောက်နဲ့ တယောက်အပြန်အလှန် နမ်းတဲ့ပုံစံဘဲ။ တွေ့ရင် အားရပါးရ တယောက်နဲ့ တယောက်အပြန်အလှန် နမ်းစုတ်ပြီးမှ လိုချင်တဲ့ ပန်းတိုင်ကို စိတ်တူကိုယ်တူ ပြေးတော့တာပါဘဲ။

ဖြူပြောတဲ့အတိုင်း သိပ်မကြာပါဘူး၊ နောက် ၆ လလောက်မှာ သူတို့ တမိသားစုလုံး အမေရိကား ပြောင်းသွားပါလေရော။ မှတ်မှတ်ရရ အဲဒီတုန်းက စာမေးပွဲ အောင်စာရင်း ထွက်ဘို့ တလလောက်ဘဲ လိုတော့တယ့်အချိန်၊ ကျွန်တော်တို့ စာအတူကျက်တဲ့ သူငယ်ချင်း တစုလုံး လေဆိပ်လိုက်ပို့ကြတယ်၊ တွေ့နေတုန်းကမသိသာပေမဲ့ တကယ်လေဆိပ်လိုက်ပို့တော့မှ ကျွန်တော်လဲ တော်တော်စိတ်မကောင်းဖြစ်မိတယ်။ ဖြူလဲ မျက်ရည်တွေနဲ့၊

ခင်ဗျားတို့သိတဲ့အတိုင်း ကျွန်တော်တို့ကျောင်းက ကျူတိုရီရယ် တလတခါ လောက်စစ်နေတာဆိုတော့ စစ်တော့မယ်ဆိုတိုင်း သူတို့အိမ်မှာ သွားသွားအိပ်ဖြစ်တယ်။ စာအတူစုပြီး ဆွေးနွေးဘို့ပေါ့၊ ကျွန်တော်တို့စာက အထက်တန်းကျောင်းသားဘဝကလို ဘာသာတိုင်း အာဂုံဆောင်ဘို့မလိုပေမဲ့၊ နားလည်ဘို့ လိုတာဆိုတော့ နားလည်အောင် စာအုပ်တွေ တော်တော်များများ ဖတ်ရတယ်၊ အကျိုးအကြောင်း ဇစ်မြစ်ရှာရတယ်၊ ဦးနှောက်ခြောက်စရာတွေပေါ့၊ ဒါပေမဲ့ ကျွန်တော်တို့ ၃ ယောက်က အဝတ်မဝတ်ရ နယ်မြေထဲက ပြန်ထွက်လာပြီး ခေါင်း ၃ ခေါင်းဆိုင်ရင်း တယောက်တပေါက် ဆွေးနွေးလိုက်ရင် ခဏလေးနဲ့ နားလည်သွားတာဘဲ၊ တခါတခါ ယောင်ခြောက်ဆယ်ဖြစ်ပြီး ခက်ခဲနက်နဲနေရင်တော့ ဦးနှောက်ဆေးတဲ့ အနေနဲ့ အဲဒီနယ်မြေထဲပြန်သွားတယ်ဗျာ၊ နောက်နေ့ကျ သုံးယောက်သား ဆရာ့ကို သွားမေးလိုက်တာဘဲ။ ထူးဆန်းတယ်နော်။ ဟုတ်တယ်၊ ကျွန်တော့်ဖာသာ ကျွန်တော် တယောက်တည်း အိမ်မှာ စာလုပ်ရင် အချိန်အများကြီးကုန်ပြီး ယောင်တိယောင်ဝါးနဲ့၊ သုံးယောက်အတူဆိုတော့ စာရတာလဲမြန်တယ်၊ ကောင်းကလဲ ကောင်းတယ်၊ မြန်ကောင်းလေး။

ဖြူနဲ့ကတော့ ခုထိ အဆက်အသွယ်ကမပြတ်၊ ထုံးစံအတိုင်း တပတ်တခါ စာမှန်မှန်ရေးမြဲ၊ တခါတခါ ၂ ပတ်တခါ၊ တလတကြိမ်လောက် သူ့ဆီက သူ့ဓါတ်ပုံလေးတွေလဲ ပို့လာတယ်။ ဟိုရောက်မှ ဖြူလဲ အသားတွေ ဖြူပြီး လှလာတယ်၊ ကျွန်တော်ကတော့ ဓါတ်ပုံ သိပ်မရိုက်တော့ တခါတလေ သူတို့နဲ့ သွားလည်လို့ ရိုက်ထားတဲ့ ကျွန်တော့် တယောက်တည်းပုံတွေရရင်တော့ ပို့လိုက်တာပေါ့၊ ဒါကလဲ ရန်ဖန်ရန်ခါမှပါ။ သူတို့နဲ့ သူငယ်ချင်း ဖြစ်နေတဲ့အကြောင်းတောင် ခုထိ ဖြူ့ကို အသိမပေးရသေးဘူး၊ ဘယ်လိုစပြီးပြောရမှန်း မသိတာကလဲတကြောင်း၊ တော်ကြာ မလိုလားအပ်တဲ့ ပြသနာတွေ ဝင်လာမှာ စိုးတာကလဲတကြောင်းဆိုတော့၊ စာရေးတိုင်း စဉ်းစားရင်း စဉ်းစားရင်း နဲ့ မရေးဖြစ်ခဲ့ဘူး၊ ဘာလိုလိုနဲ့ ဖြူနဲ့ဝေးနေတာ ၄ နှစ်လောက်ရှိရောပေါ့။ ကျွန်တော်တောင် ဒုတိယနှစ် တက်နေပြီ၊ မိချိုတောင် ရှစ်တန်း စာမေးပွဲ ဖြေတော့မယ်၊ ခုနောက်ဆုံးရောက်လာတဲ့ စာထဲမှာရေးထားတာက ကျွန်တော်တို့ စာမေးပွဲပြီး ကျောင်းပိတ်ချိန်လောက် သူအလည်လာမယ်တဲ့၊ ကျွန်တော့်ကိုလဲ အရမ်းလွမ်းတယ်တဲ့၊ တနေရာရာကို နှစ်ယောက်တည်း သွားလည်ရအောင်တဲ့။

ဒီအကြောင်း မော်နဲ့မွန်ကိုတောင် ပြောပြဖြစ်သေး။ သူတို့က မိုးကုတ်လာလည်ပါလားတဲ့၊ ကျွန်တော်က ဟင်အင်း နီးနီးနားနား ချောင်းသာလောက်ဘဲ သွားမယ် စိတ်ကူးတယ်လို့၊ ဘာဖြစ်လို့လဲဆိုတော့ ဖြူနေမှာက တပတ်တည်း။ သူတို့ကတောင်ပြောသေးတယ်၊ နင့်ရီးစား လာတဲ့ အချိန်ကျ ငါတို့က ရန်ကုန်မှာ မရှိဘူးဆိုတော့ မတွေ့လိုက်ရဘူးပေါ့တဲ့။ ဟုတ်တယ်၊ သူတို့က ကျောင်းပိတ်တိုင်း မိုးကုတ် ပြန်နေကျ။ တခါတခါ ကျွန်တော် သူတို့ နှစ်ယောက်ကို နားမလည်၊ သူတို့ နှစ်ယောက် ကျွန်တော့်ကို ချစ်တဲ့ အချစ်က အရမ်းသန့်စင်တယ်။ သူတို့က ကျွန်တော့်ကို ချစ်နေရရင်ပြီးရော ဆိုတဲ့ အချစ်မျိုး၊ ကျွန်တော့်ဆီက ဘာမှ တောင်းဆိုမှုမရှိ၊ ကုန်ကုန်ပြောရရင် ခုလိုအခြေအနေ၊ သူတို့နဲ့ ဒီလိုနေထိုင်နေတာ၊ သူတို့ဆီက သူတို့ကို ချစ်လား ဆိုပြီးကျွန်တော့်ကို တခွန်းမမေး။ ကျွန်တော်ကလဲ သူတို့ကို ချစ်တယ်လို့ မပြောမိ၊ မှတ်မှတ်ရရ သူတို့နဲ့ မဖြစ်ခင်အချိန်က စကားပြောရင်း နင်တို့က ငါ့ရဲ့ အချစ်ဆုံး သူငယ်ချင်း နှစ်ယောက်လို့တော့ ပြောဖြစ်ခဲ့ပါရဲ့၊ အဲဒီတုန်းက သူတို့က စသလိုနောက်သလိုနဲ့ သူတို့နှစ်ယောက်ပေါင်းရင် ကျွန်တော့်အသဲတခြမ်းပိုင်တယ်လို့တောင် ဆိုခဲ့သေးတယ်။ အဲဒီနောက်ပိုင်း သူတို့နှစ်ယောက်နဲ့ ကျွန်တော် အချစ်အကြောင်း မပြောမိကြတော့၊ သူတို့နဲ့ ကျွန်တော့်ကြား တယောက်နဲ့တယောက် စိတ်ထဲက အချင်းချင်း နားလည်မှု ရှိနေသလိုဘဲ၊။ ဘယ်လိုကြီးမှန်းလဲမသိ၊ နာမည်တတ်ရခက်တဲ့အချစ်တမျိုး။ ရီးစားလဲ မကျ၊ သူငယ်ချင်းလဲ မက လို့ဘဲ ဆိုမလား။ ဒါမှမဟုတ် နားလည်မှုရှိတဲ့ အချစ်လား။ ပေးဆပ်ခြင်းဆိုတဲ့အချစ်လား။ ကျွန်တော်မသိတော့။

ဒီလိုဘဲ လုံးလယ်ချာလယ်လိုက်ရင်း နေ့တွေ တနေ့ပြီးတနေ့ ဖြတ်သန်းလာခဲ့တယ်။ မိချိုနဲ့ကလဲ တနေ့တခြား သံယောဇဉ်က ပိုပိုလာတယ်။ ဘာလိုလိုနဲ့ ဖြူလာမဲ့ရက်ကလဲ နီးနီးလာတယ်။ ကျောင်းပိတ်ခါနီးကျတော့ မော်နဲ့မွန်က နင့်ရီးစားလာရင် ငါတို့ကို မေ့မသွားနဲ့နော်၊ ငါတို့ နင့်ဆီ နေ့တိုင်းဖုံးဆက်မှာ သိလားတဲ့။ ခါတိုင်းနှစ်တွေကလဲ ပြန်တိုင်း သူတို့ ကျွန်တော့်ဆီ နေ့တိုင်း ဖုန်းဆက်နေကြ။ ဆက်တိုင်းလဲ သူတို့နှစ်ယောက်အတူ၊ ဘယ်တော့မှ တယောက်ထဲ မဆက်၊

မိချိုကို ဖြူလာမဲ့ အကြောင်းပြောပြတော့ မိချိုက မျက်နှာညိုးသွားတယ်။ ကိုထူးက နိုင်ငံခြား လိုက်သွားမလို့လားတဲ့၊
ကျွန်တော်က မလိုက်ပါဘူး၊ သူက အခုခဏလာလည်တာပါ ဆိုပြီး ရှင်းပြတယ်။ ဒီတော့သူက "မိချိုသိပါတယ်၊ သူက ခဏလာလည်ရင်း ကိုထူးကို သူ့ဆီပါအောင် အတင်း ဆွယ်တော့မယ်ဆိုတာ၊ ပြီးတော့ ကိုထူးက ကိုထူးရီးစားဆိုတော့ နောက်ကကောက်ကောက်ပါအောင်လိုက်သွားမှာ၊ နောက်ဆုံး မိချိုဘဲ ဒီမှာ တယောက်ထဲကျန်ခဲ့မှာ" ဆိုပြီး ငိုသံပါကြီးနဲ့ပြောတော့ ကျွန်တော်တော်တော်သနားသွားတယ်။ ကျွန်တော်ဘာလုပ်ရမှန်းမသိ၊ ဒါကြောင့်သူ့ကို ဖြေသိပ်တဲ့အနေနဲ့
"မလိုက်ပါဘူး မိချိုရယ်" ဆိုတော့
"ဘာမလိုက်ပါဘူးလဲ၊ မိချိုသိတယ်၊ လိုက်သွားမှာ၊ လိုက်သွားမှာ၊ ခုမလိုက်ရင်တောင် နောက်လိုက်သွားမှာ၊ မိချိုသိတယ်၊ ကိုထူးမိချိုကို ထားခဲ့မှာ မိချိုသိတယ်၊ ဟီး ဟီး ဟီး ဟီး" နဲ့ ငိုချပါလေရော ကျွန်တော်ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားတယ်၊ ဟိုးမသိတတ်သေးတဲ့ ခလေးဘဝအရွယ်ကတဲက ကျွန်တော့်ကြောင့် မိချို တခါမှ မငိုဘူး၊ အကြောင်းတခုခုကြောင့် သူငိုရင်တောင်မှ ကျွန်တော်ကသူ့ကို အမြဲတိတ်အောင် ချော့နေကြ၊ အမြဲသူ့ဘက်က၊ ကြည့် ခုကျွန်တော့်ကြောင့် သူငိုရပြီ၊ သူငိုတော့ ကျွန်တော်လဲ စိတ်မကောင်း။ စိတ်တင်မဟုတ် ရင်ထဲကလဲ မကောင်း၊
"မိချိုရယ် နင်ကလဲ မကြီးမငယ်နဲ့ ငိုမနေပါနဲ့ဟာ၊ ငါတကယ်မလိုက်သွားပါဘူး၊ နင့်ကို ငါကတိပေးပါတယ်၊ သူဘယ်လောက်ဆွယ်ဆွယ် ငါမလိုက်ပါဘူး"
ဟုတ်တယ်၊ မိချိုမျက်ရည်ကြောင့် ကျွန်တော် တထိုင်တည်း ဆုံးဖြတ်ချက်ချလိုက်တယ်။ ကျွန်တော် နိုင်ငံခြား ဘယ်တော့မှမသွား၊
"မယုံဘူး၊ မယုံဘူး၊ ကိုထူးမိချိုစိတ်ချမ်းသာအောင် ညာပြောတာ၊ မိချိုသိတယ်၊ ကိုထူးလိုက်သွားမယ် ဆိုတာ၊ ဟီး ဟီး ဟီး ဟီ" မိချိုက အငိုမရပ်၊ တကယ့်ကို ဝမ်းနဲတကြီးငိုနေတယ်၊ ကျွန်တော် ညာပြောနေတယ်လို့ဘဲ အောက်မေ့နေတယ်။
"မိချိုရယ် ငါနင့်ကို ဘယ်တုန်းကများ ညာဘူးလို့လဲ၊ ငါတကယ်ပြောတာပါ၊ ငါဘယ်တော့မှ မသွားဘူး၊ နင်နဲ့ တသက်လုံးနေမယ်၊ ငါတကယ်ပြောတာပါ၊ တိတ် နော် တိတ်တိတ်" ကျွန်တော် သူ့ပုခုံးလေး ဖက်ရင်း တတွတ်တွတ် ချော့နေရတယ်၊
"တကယ်နော်ကိုထူး၊ ကိုထူး တကယ်ပြောတာနော်၊ ကိုထူးတကယ်မသွားဘူးနော်"
"အေးပါမိချိုရယ်၊ တကယ်ပါ၊ တိတ်နော် တိတ် တိတ်"
မိချိုက ငိုတာ တိတ်ပြီး တရှုတ်ရှုတ်နဲ့ ရှိုက်တုန်း၊ ကျွန်တော်က သူ့မျက်ရည်တွေ လက်မလေးနဲ့သုတ်ပေးနေမိတယ်။
မိချိုငိုသံကြားလို့ ထင်ပ၊ သူ့အဖေကြီး အိမ်ထဲက ထွက်လာတယ်၊ သူ့သမီးငိုနေတာတွေ့တော့
"ဟေ့ မောင်ထူး၊ မင်းသမီးကို ဘာလုပ်လိုက်တာလဲ၊ သမီးကရော ဘာဖြစ်လို့ ငိုနေတာလဲ" ဆိုပြီး ပြာရီပြာယာနဲ့ မေးတယ်၊ ကျွန်တော်သိတယ်၊ သူ့အဖေကြီးက သူ့သမီးကို အရမ်းချစ်တာ၊ ကျွန်တော်ဘာမှမဖြေရသေး၊ မိချိုက ဦးအောင် သူ့အဖေကို
"ကိုထူးက သမီးတို့ကို ခွဲပြီး နိုင်ငံခြားမှာ သွားနေမလို့တဲ့ ဖေကြီး၊ အဲဒါ သမီးက ဝမ်းနဲလို့ငိုတာပေါ့" ဦးအောင်တိုင်တယ်။
ဒီတော့မှ အဖိုးကြီးက နဲနဲစိတ်အေးသွားတဲ့ပုံနဲ့၊ ခပ်တည်တည် ကျွန်တော့်ကို
"မင်းက တကယ်သွားနေမလို့လားကွ"
"မနေပါဘူးဦး၊ ကျွန်တော်က မိချိုကိုစတာပါ" လို့ အဆင်ချောအောင် ဝင်ပြောလိုက်တယ်။

"အေး၊ ဒါဆိုလဲ မင်း သမီးကို နောက်တာပါလို့ ပြောလိုက်လေကွာ"
"ကျွန်တော် ပြောပြီးပါပြီဦး၊ သူက မယုံဘူး ဆိုပြီး ဆက်ငိုနေလို့"
"ကဲ ကဲ သမီး မငိုနဲ့တော့နော်၊ တွေ့လား မောင်ထူးပြောပြီးပြီဘဲ၊ သူမသွားပါဘူးတဲ့"
"ဖေကြီးသက်သေနော်၊ ကိုထူးမသွားဘူးဆိုတာ ဖေကြီးကြားတယ်နော်" တဆက်တည်း ကျွန်တော့်ကို
"ကိုထူးနော် ကတိပေးပြီး နောက်မှ ရှုပ်ရှုပ်ရှုပ်ရှုပ် လုပ်ရင် မိချိုက ဖေကြီးကိုပြောပြီး ကိုထူးကို ဂုတ်ဂုတ်ဂုတ်ဂုတ် လုပ်ခိုင်းလိုက်မှာနော်၊ လိမ်ဘို့တော့မကြိုးစားနဲ့"
သူ့အပြောကို သဘောကျပြီး ကျွန်တော်ပြုံးသည်။ အဖိုးကြီးက စောင်းငန်း စောင်းငန်းနဲ့ အိမ်ထဲ ပြန်ဝင်သွားတယ်။ မိချိုကသိပ်စိတ်ပြေသေးဟန်မတူ
"ဟွန်း ဘာပြုံးတာလဲ" ဆိုပြီး ကျွန်တော့်ပေါင်ကို ထုတယ်၊ ပြီးတော့
"တကယ်နော် မိချိုနဲ့ တသက်လုံးနေမှာနော်" တဲ့
"တကယ်ပေါ့ မိချိုရယ်"
ဒီစကားက တနေ့မှာ အရေးပါလာမယ်ဆိုတာ အဲဒီတုန်းက ကျွန်တော်မတွေးမိလိုက်။

မင်္ဂလာဒုံ လေယာဉ်ကွင်းက လူကြိုတဲ့ အပေါက်မှာ ရပ်ရင်း လည်တဆန့်ဆန့်နဲ့ ထွက်လာတဲ့ သူတွေကို ကြည့်နေတယ်။ တယောက်ပြီး တယောက်ထွက်လာတယ်၊ ဖြူကိုမတွေ့၊ အထူးသဖြင့် မိန်းခလေး တွေထွက်လာရင် ပြူးတူးပြဲတဲ ကြည့်ရတယ်၊ မတွေ့ရတာ ၄ နှစ်လောက်ရှိပြီဆိုတော့ မြင်ရင် မှတ်မိပါ့မလား ဆိုပြီး စိုးရိမ်စိတ်က တထင့်ထင့်၊ ဓါတ်ပုံက အမြဲရနေပေမဲ့ တခါတခါ ဓါတ်ပုံနဲ့ အပြင်က နဲနဲကွာတတ်တယ်ဆိုတော့ မြင်ရင်တော့ သေချာပေါက် မှတ်မိမှာဘဲဆိုပြီး ကိုယ့်ဟာကိုယ် အားတင်းထားရတယ်၊ ပြီးတော့ ကိုယ့်ကိုလဲ သူမြင်သာအောင် ရှေ့နားကို အတင်းတိုးပြီး မြင်သာထင်သာရှိတဲ့ နေရာမှာ နေရာယူထားတယ်၊ မတော်တဆ ကိုယ်ကမတွေ့တောင်မှ သူကတွေ့အောင်လေ၊ သူထွက်မလာခင်တရက်က ဖုံးဆက်ရင်း သူငယ်ချင်းတွေပါ ခေါ် ပြီး လာကြိုမယ်လေ ဆိုတော့ သူက ဘယ်သူမှ ခေါ် မလာနဲ့တဲ့ ကိုဇော်နဲ့ဘဲ အရင်ဆုံးတွေ့ချင်တယ်တဲ့၊ ဒါနဲ့ တယောက်ထဲဘဲ လာကြိုဖြစ်တယ်၊ ဖြူက သူဇာပြန်လာတာ ဘယ်သူမှ အသိမပေးချင်၊ သူ့ဆွေမျိုးတွေ တော်တော်များများက အကုန် အမေရိကန်ရောက်ကုန်ပြီး ဒီမှာ သူနဲ့ သွေးနဲနဲဝေးတဲ့ ဆွေမျိုးလောက်ဘဲ ကျန်တော့တာဆိုတော့ သူက နောက်အချိန်ရမှ သွားတွေ့မယ်ဆိုတဲ့ သဘောပေါ့၊ နို့မို့ဆို တပတ်လောက်အချိန်က ကျွန်တော်နဲ့ အေးအေးဆေးဆေး တွေ့ရဘို့ လမ်းမမြင်၊ စိတ်စောနေလို့လားမသိ၊ ဖြူကိုမတွေ့၊ စိတ်ထဲမှာ ဒီလေယာဉ်နဲ့ပါမှ ပါလာရဲ့လားဆိုပြီးတောင်တွေးမိတယ်။
ဟော ထွက်လာပါပြီခင်ဗျာ၊ မရွှေချော၊ မမှတ်မိစရာ ဘယ်လိုမှမရှိ၊ စောစောက ပြူးတူးပြဲတဲနဲ့ ဟိုကြည့်ဒီကြည့် ဟိုရှာဒီရှာတွေ အလကားဖြစ်သွားတယ်၊ အပေါက်ဝက ထွက်ထွက်ချင်းဘဲ တန်းကနဲ မှတ်မိလိုက်တယ်၊ သူကလဲ ကျွန်တော့်ကို မြင်မြင်ချင်းမှတ်မိတယ်၊ သွားတွေအဖွေးသားပေါ် အောင်ပြုံးပြတယ်။ ကျွန်တော်လဲ လက်ထောင်ပြရင်း သူ့ဆီကမန်းကတမ်းပြေးသွားတယ်။
"ဖြူ"
"ကိုဇော်"
၄ နှစ်လောက်ဝေးနေတဲ့ ချစ်သူနှစ်ယောက် လူကြားသူကြားထဲ ပြေးမဖက်ရဲတမယ်ပါဘဲ၊ ဖြူ့လက်ကလေး လှမ်းကိုင်လိုက်တယ်၊ ပူအိုက်လှတဲ့ လေယာဉ်ကွင်းထဲမှာတောင် ဖြူ့လက်လေးက အေးလို့၊
"ကြာလိုက်တာ ဖြူရယ်"
"အထဲမှာ ရစ်နေလို့ ကိုဇော်ရေ့၊ ဖြူက အခွန်ဆောင်ထားတဲ့ စာရွက်က မိတ္တူဘဲ ပါတာဆိုတော့ အဲဒါမူရင်းပြရမယ်ဆိုပြီး အတင်းပြောနေလို့၊ ဖြူကြောက်လိုက်တာ ကိုဇော်ရယ်၊ မပေးဝင်ရင် ဒုက္ခဘဲဆိုပြီးတော့၊ နောက်ဆုံး အလုပ်သမားတယောက်က ပိုက်ဆံပေးလိုက်လေ ဆိုပြီးတိုးတိုးလေး ကပ်ပြောလို့ ဖြူလဲ ဒေါ် လာ ၂၀ ထုတ်ပေးလိုက်တော့မှ အဆင်ပြေသွားတယ်"
"အင်း အဆင်ပြေသွားလို့ တော်သေးတာပေါ့၊ ကိုဇော်က ဖြူ မထွက်လာနိုင်နို့စိတ်တပူပူနဲ့၊ ဒီလေယာဉ်နဲ့မှ ပါလာရဲ့လားလို့၊ လာသွားစို့" ဆိုရင်း ဖြူ့ လက်ဆွဲအိပ်ကြီးတင်ထားတဲ့ လှည်းကို လှမ်းတွန်းလိုက်တယ်။
"ဘယ်မှာသွားတည်းမလဲ ကိုဇော်"
"မြို့ထဲနဲ့ နီးနီးနားနား သွားရလာရလွယ်တဲ့ သမ္မတ ဟိုတယ်ဘဲသွားရင်ကောင်းမယ်ထင်တယ်၊

ဟိုတယ်ကတော့ သိပ်အကောင်းချည်းတော့ မဟုတ်ဘူး၊ ဖြူဘယ်လိုသဘောရလဲ"
"ဟိုတယ်က ကောင်းမကောင်း အရေးမကြီးပါဘူး၊ အဆင်ပြေဘို့ဘဲ အရေးကြီးပါတယ် ကိုဇော်ရယ်၊ ကိုဇော် ဖြူနဲ့ အတူရှိနေမှာဘဲဟာ"
"လာ ဖြူ" ဆိုပြီး အငှားကားတွေရပ်ထားတဲ့ ဘက်ကို ခြေဦးလှည့်လိုက်တယ်။
"ကိုဇော်၊ ဖြူ့မှာ မြန်မာ ပိုက်ဆံမပါဘူး၊ အဲဒါ လဲပေးဘို့ လုပ်အုံး"
"ကို့မှာ ရှိပါတယ်" ဆိုတော့
"ကိုဇော့်မှာ ရှိတာ ဘယ်လောက်ပါ့မလဲ၊ ဖြူတို့က တပတ်လုံး လျှောက်လည်မဲ့ဟာ၊ လဲပေးပါ ကိုဇော်ရာ၊ ဖြူလဲ ကိုယ့်ပိုက်ဆံနဲ့ကိုယ်သုံးချင်တာပေါ့"
"အင်း ကို့အသိတယောက်ရှိတယ်၊ ဟိုတယ်သွားရင်းဝင်လဲလိုက်မယ်လေ"
အငှားကားဆရာနဲ့ ဈေးစကားပြောပြီး ကားပေါ် တက်လိုက်တယ်၊ လမ်းမှာ နှစ်ယောက်သား စကားကောင်းလာကြတယ်၊ နေ့တိုင်းအရမ်းလွမ်းကြောင်း၊ သူငယ်ချင်းတွေအကြောင်း၊ သူဟိုမှာ ဘယ်လိုနေတယ်၊ ဘာလုပ်တယ် ဆိုတဲ့အကြောင်းတွေ အစုံ အစုံ၊
ပိုက်ဆံလဲတဲ့ အသိတယောက်အိမ်ဝင်ပြီး ပေါက်ဈေးနဲ့ ဖြူ ပိုက်ဆံလဲတယ်၊ မြန်မာငွေတွေ အများကြီးရလာတော့ ရော့ ကိုဇော်လဲ တဝက်ယူထားပေးအုံးဆိုပြီး လှမ်းပေးတယ်။ ပြီးတော့ ဟိုတယ်ကိုမောင်းခိုင်းတယ်၊ လမ်းမှာ တင်ထွန်းတို့ အိမ်သစ်လေးကို သတိရသေးလား မေးတော့ ဖြူကပြုံးတယ်၊
ဟိုတယ်ရောက်တော့ နှစ်ယောက်သား အခန်းယူတယ်၊ ဟိုတယ်အလုပ်သမားက လက်ဆွဲအိပ်ကြီးကို အခန်းထဲ ကူသယ်ပေးတယ်။ ဘောက်ဆူးပေးပြီး အလုပ်သမားပြန်ထွက်သွားတော့ ဖြူ့ကို ဖက်ပြီး လွမ်းလိုက်တာ ဖြူရယ် လို့ဆိုရင်း ကုတင်ပေါ် လှဲချလိုက်တယ်။
"နေအုံး ကိုဇော်ရယ်၊ ဖြူရေချိုးချင်သေးတယ်၊ တလမ်းလုံး အကြာကြီး လေယာဉ်စီးလာရတာ တကိုယ်လုံး ငြီးစီစီကြီးနဲ့၊ နောက်ပြီး နံစော်နေတာဘဲ" ဆိုတော့
"မှန်းစမ်း ဘယ်နေရာတွေ နံလဲဆိုတာ ရှုကြည့်ရအောင်" ဆိုပြီး တကိုယ်လုံးကို လျှောက်နမ်းလိုက်တယ်၊ ချွေးနံ့သင်းနေတဲ့ကိုယ်သင်းနံ့လေးက တမျိုးလေး၊ ရှုလို့တော့ကောင်းသား။ ရှုလို့ကောင်းကောင်းနဲ့ ဖြူ့အဝတ်တွေ တစစီ ချွတ်ရင်း ရှုလာလိုက်တာ ဘောင်းဘီ ကျယ်သီးကိုလဲ ကိုင်မိရော
"ဟိုး ဆရာ ဟိုးဟိုး၊ ခဏစောင့်အုံးကိုဇော်ရယ်၊ ဖြူ တကယ်ရေချိုးချင်လို့ပါ၊ ပြီးမှ ကိုဇော့်သဘော" လို့ အတင်းငြင်းတော့ ကျွန်တော်လဲ ရပ်လိုက်တယ်၊
"ကဲ ဘာအစီအစဉ်ရှိလဲ၊ ဘာလုပ်ချင်လဲပြော" ဆိုပြီး ဖြူ့ကိုမေးလိုက်တယ်၊ ဖြူက
"ဖြူတပတ်လုံး ကိုဇော်နဲ့နေမယ်၊ ပြန်တဲ့နေ့အထိ၊ ကိုဇော်ရော အိမ်ကိုပြောပြီးပြီလား"
"ပြောတော့ပြောထားတယ်၊ အဝတ်အစားတော့ မယူလာရသေးဘူး၊ ပထမတော့ တခါတည်းယူလာမလို့ဘဲ၊ နောက်တော့ တက်စ်စီနဲ့ လေယာဉ်ကွင်းလာတာဆိုတော့ ယူမလာတော့ဘူး၊ တော်ကြာပြန်ယူလိုက်မယ်လေ၊ မနက်ဖြန် ချောင်းသာသွားတာပေါ့၊ ဟိုမှာ ၄ ရက်လောက်နေမယ်၊ ပြီးတော့ ဒီကိုပြန်လာမယ်၊ ပြီးတော့ ရန်ကုန်မှာဘဲ လည်မယ်လေ၊ မကောင်းဘူးလား"
"ကိုဇော့်သဘော၊ ဖြူက ကိုဇော့်ကို တွေ့ချင်လို့ ပြန်လာတာ၊ ကိုဇော်နဲ့ နေရရင်ပြီးရော"
အဲဒီစကားကြားတော့ အချစ်စိတ်က ပြန်ထလာပြန်ရော
"လွမ်းလိုက်တာ ဖြူရာ" ဆိုပြီး ပြန်ဖက်တော့
"နောက်မှ လွမ်းချင်သလောက်လွမ်း ကိုဇော်ရာ၊ သွား အဝတ်အိပ်သွားယူအုံး၊ အများကြီး ယူမလာနဲ့အုံးနော်၊ ဖြူ ကိုဇော့်အတွက် အကျီတွေ၊ ဘောင်းဘီတွေ ဝယ်လာသေးတယ်"
"ချော့ကလက်ရော မပါဘူးလား"
"ပါတာပေါ့"
ရွှတ်ကနဲ နဖူးလေးကို နမ်းပြီး အခန်းထဲကပြေးထွက်ခဲ့တယ်။

ဟိုတယ်ဝက တက်စ်စီကို ခေါ် ပြီး အိမ်ကိုပြေးတယ်၊ အသင့်ထည့်ထားတဲ့ အဝတ်အိပ်ကို ကောက်လွယ်ပြီး မေ့မေ့ကို ပြောတယ်၊ အစကတဲကတော့ ပြောထားပြီးသား၊ ၁၀ တန်းတုန်းက စာအတူဖတ်တဲ့ သူငယ်ချင်း နိုင်ငံခြားက ခဏလာလယ်မှာမို့ သူ့ကို အလည်လိုက်ပို့မယ်ဆိုတဲ့အကြောင်း ပြောပြပြီးသား၊ သူငယ်ချင်းတွေနဲ့

အတူတူ သွားမှာဖြစ်ကြောင်း မလိမ်မဖူး လိမ်လိုက်ရတယ်၊ မေမေကတော့ မစပ်စုပါဘူး။ ကျွန်တော်လဲ ခလေးမှမဟုတ်တော့တာဆိုတော့၊ နှစ်ယောက်ထဲဆို လူကြီးပီပီ စိုးရိမ်နေမှာစိုးလို့၊ တမင် သူငယ်ချင်းတွေနဲ့ ဆိုပြီးထည့်ပြောလိုက်တာ၊ အစီအစဉ်ကို အကြမ်းဖျဉ်း ပြောပြလိုက်တယ်၊ မေမေက ရောက်တဲ့နေရာက နေ့တိုင်း ဖုံးဆက်ဘို့မှာတယ်၊ အိမ်ထဲကပြေးအထွက်
"ဟဲ့သား" ဆိုပြီးမေမေက လှမ်းခေါ် တယ်
"ဗျာ" ဆိုတော့
"ခရီးသွားခါနီး မိဘကို ကန်တော့သွားရတယ်" တဲ့
ပြန်ဝင်လာပြီး မေမေ့ကို ဦး ၃ ကြိမ်ချတယ်၊ ဖေဖေကတော့ ရုံးမှာမို့လို့ မကန်တော့လိုက်ရဘူး၊ မေမေက ခလုပ်မထိ ဆူးမငြိဘဲ လိုရာခရီးရောက်ပါစေလို့ ဆုပေးတယ်၊
"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ" လို့ပြောရင်း စိတ်ထဲမှာ ဝမ်းနဲသွားသလိုဘဲ၊ တခါမှ အဲလို မိဘနဲ့ ခွဲပြီး အကြာကြီး ခရီးမထွက်ဘူး။

ဆိုင်ကယ်နဲ့ဘဲ ထွက်ခဲ့တယ်၊ ဆိုင်ကယ်ကို ဟိုတယ်မှာ ထားပြီး ချောင်းသာကို ကားနဲ့ တက်မယ်၊ ဟိုကပြန်လာရင် ဆိုင်ကယ်နဲ့ ရန်ကုန်တခွင်လျှောက်လည်မယ်ပေါ့၊
ပြောပြီးဖြစ်ပေမဲ့ မိချိုကို ဝင်နှုတ်ဆက်လိုက်အုံးမယ် စိတ်ကူးနဲ့ မိချိုဆီ ဝင်ခဲ့တယ်၊ မိချိုက အိမ်ထဲမှာ စာအုပ်တအုပ်နဲ့
"မိချို" တံခါးဝက လှမ်းခေါ် ရင်း အိမ်ထဲဝင်ခဲ့တယ်
"ဟင် ကိုထူး၊ ချောင်းသာကို မဖြူနဲ့ သွားလည်မယ်ဆို"
"အင်းလေ၊ အဲဒါသွားခါနီးမို့ နင့်ကို လာပြောတာ၊ ငါတော်ကြာသွားတော့မှာ"
"ကိုထူးနော်၊ မိချိုကို ကတိပေးထားတာ မမေ့နဲ့နော်"
"အေးပါ မိချိုကလဲ၊ ငါမမေ့ပါဘူး၊ သူက အတင်းခေါ် ရင်တောင်၊ ငါက မလိုက်နိုင်ဘူး၊ နင် ဒီမှာ လာပြန်နေဆိုပြီး ပြောလိုက်မယ်လေ"
"အင်း၊ တကယ်လို့ သူက ဒီပြန်မနေနိုင်ဘူးဆိုရင်၊ သူ့ကို ဖြတ်လိုက်၊ သိလား ကိုထူး၊ မိချိုကိုထူးနဲ့ တသက်လုံး အတူနေပေးမယ်" တဲ့
"ဟဲ့ မချို နင်ကလဲ" ကျွန်တော် အလန့်တကြား သူ့ကို ပြောလိုက်တယ်၊
"ဘာလဲ ကိုထူးက မယုံလို့လား" ကျွန်တော် ဘာပြန်ပြောရမှန်းမသိ၊ ရင်ထဲက ဒိတ်ကနဲ ခုန်သွားတယ်၊ မိချိုကို သေချာကြည့်မိတော့ မိချို ခလေး မဟုတ်တော့။
"ငါသွားအုံးမယ်ဟာ၊ တပတ်ကြာမှာနော် မိချို"
"အင်း ကိုထူး၊ မိချိုတော့ တပတ်လုံး ကိုထူးကို လွမ်းနေတော့မှာဘဲ၊ ကိုထူးမရှိရင် မိချိုပျင်းတယ် ကိုထူးရာ"
"အေးပါ၊ ပြန်ရောက်ရောက်ချင်း ငါ နင့်ဆီအရင်လာခဲ့မယ်၊ ဟုတ်ပြီလား"
"အင်း၊ မိချိုမှာတာ မမေ့နဲ့နော်"
ကျွန်တော် ပြန်မပြောမိ၊ သူ့ကို ပြုံးပြရင်း အိမ်ထဲက ထွက်ခဲ့တယ်၊ သူက နောက်ကလိုက်လာတယ်။ ဆိုင်ကယ်ထွက်တော့ သူက လက်ပြတယ်၊ ခြံဝမှာ ဆိုင်ကယ်ခဏရပ်ရင်း သူ့ကို ပြန်လှည့်ကြည့်လိုက်တော့ သူရပ်နေတုန်း၊ ဒါနဲ့လက်ပြနှုတ်ဆက်လိုက်တယ်။ လမ်းမှာ မိချိုစကားက နားထဲက မထွက်၊ မိချိုဘာကိုရည်ရွယ်ပြီးပြောတာပါလိမ့်။

ဟိုတယ်ခန်းထဲပြန်ရောက်တော့ ဖြူက ရေမိုးချိုးပြီးလို့ အိပ်ယာပေါ် လှဲလို့၊ ကျွန်တော်ဝင်လာလာချင်းသူကဆီးပြီး
"သွားနေလိုက်တာ အကြာကြီးဘဲ၊ ဒီမှာဖြူ ဘိုက်တောင်ဆာလာပြီ"
"ဟုတ်လား၊ ကိုထင်သားဘဲ၊ ဖြူတော့ ဘိုက်ဆာနေမယ်ဆိုတာ၊ ဒါတောင်အမြန်ပြန်ခဲ့တာ ဖြူရေ"
ဆိုပြီး ဖြူအနားဝင်လှဲရင်း သူ့ဘိုက်ဖြည့်ပေးဘို့ ပြင်တယ်၊
"ကိုဇော်၊ ဆာနေတဲ့ ဘိုက်က ဒီအပေါက်ကဖြည့်ရမှာနော်" ဆိုပြီးသူ့ပါးစပ်ကို လက်ညိုးနဲ့ပြတယ်၊
"အင်း သိတယ် သိတယ်၊ ဟိုးအရင်က တင်ထွန်းတို့ အိမ်အသစ်လေးမှာ လုပ်နေကျပုံစံလေးမှတ်လား"
ပြောရင်း သူ့ကိုယ်လေးကို ဒူးထောက်ခွရင်း မျက်နှာဘက်ဆီ ဒူးထောက်လျှောက်လျှောက်လာတယ်၊ သူက

ကျွန်တော့်ပေါင် နှစ်ဘက်ကို ဆီးတွန်းရင်း
"ကိုဇော်နော် သိသိကြီးနဲ့၊ ဒီမှာ တလမ်းလုံး လေယာဉ်ပေါ် ကကျွေးတဲ့ မသေရုံတမယ် အစားအသောက်လေးဘဲ စားလာခဲ့ရတာနော်၊ တွေ့လား ဗိုက်က ဂွီဂွီအော်နေပြီ"
"မုန့်စမ်း၊ ဘယ်လောက်အော်နေလဲဆိုတာ" ဆိုရင်း ကိုယ်ကို လှည့်ရင်း နားကို ဗိုက်မှာ ကပ်လိုက်တယ်၊
"ကိုဇော်ရယ် ထမင်းအရင်သွားစားရအောင်နော်၊ ဟိုတခါ စားတဲ့ ချစ်တီးဆိုင်မှာလေ၊ မှတ်မိသေးလား"
"အိုကေ ချစ်ချစ်လေးသဘော" ဆိုပြီး ထရပ်လိုက်တယ်။ ဟုတ်တယ်၊ သူဆာနေရောပေါ့၊
ခုနှစ်နာရီတောင်ထိုးတော့မယ်၊ မနက်စာ အဝအပြဲတုတ်ထားတဲ့ ကျွန်တော်တောင် ဆာပြီဘဲ၊
"လာ သွားစို့၊ အဆင်သင့်ဘဲ မဟုတ်လား"
"အင်း"
နှစ်ယောက်သား ဟိုတယ်ကထွက်ခဲ့တယ်၊ ဆိုင်ကယ်ပေါ် ရောက်တော့
"ထွက်မယ်၊ ကိုင်ထား" ဆိုတော့ ဖြူက ကျွန်တော့်ခါးကို တင်းတင်းလေးဖက်လိုက်တယ်။
ဂူးကနဲ ဆိုင်ကယ်လေးက ဗိုက်ဆာနေတဲ့ သူနှစ်ယောက်ကို တင်ပြီး ချစ်တီး ဆိုင်ဘက်ပြေးတယ်။
နှစ်ယောက်သား အဝအပြဲ ဗိုက်ရိုက်ပြီးတော့ စားလိုက်တယ်။ စားပြီးတော့ ဖြူက
"ရွှေတိဂုံဘုရားမှာ ရွှေသွားချချင်တယ် ကိုဇော်၊ ဖြူ့ ကိုယ်ပိုင်ပိုက်ဆံနဲ့ ကုသိုလ်ကောင်းမှုလုပ်ချင်လို့" ဆိုတော့ ဆိုင်ကယ်လေးက အလှူရှင် ၂ ယောက်ကိုတင်ပြီး ရွှေတိဂုံဘုရားကို ပြေးပြန်တယ်။ ဘုရားကို ကြည်ညိုကန်တော့ပြီး အလှူခံဌာနမှာ ရွှေပြား လှူတယ်၊ အလှူခံ ဖြတ်ပိုင်း ရေးတဲ့ဦးကြီးက နာမယ် ဆိုတော့ ဖြူက
"ကိုဇော်ထူး နဲ့ မဖြူဖြူဝင်း" တဲ့
ပြီးတော့ ဘုရားကို နှစ်ယောက်သား လက်ချင်းတွဲလို့ ပတ်ကြတယ်၊ ပြီးတော့ လှေခါးက လမ်းလျှောက်ဆင်းခဲ့တယ်။ စက်လှေခါးတောင် မစီး။

ဆိုင်ကယ်ရပ်ထားတဲ့ဆီပြန်ရောက်တော့
"ကဲ ဟိုတယ်ပြန်လို့ရပြီလား" လို့ပြုံးစစနဲ့ သူ့ကိုမေးတယ်။
"သွား သူ့ခေါင်းထဲမှာ ဒါဘဲ"
"ကြည့်စမ်း ဖြူ ကိုယ့်နားရောက်နေတာ၊ ညနေ ၄ နာရီလောက်ကတဲက၊ ခု ၉ နာရီထိုးတော့မယ်ဆိုတော့ အင်း ၅ နာရီလောက်ကြာပြီ၊ သူများအတွဲတွေဆို ခုလောက်ဆိုရင် ၅ ခါလောက်ပြီးရောပေါ့"
"ဒါကြောင့် သူ့ကို ကြောက်တာ"
"ကြောက်တာလား ကြိုက်တာလား ဆိုတာ ဟိုတယ်ရောက်မှ လက်တွေ့ပြလိုက်အုံးမယ်၊ ကဲ တက်၊ ထွက်မယ်" ဆိုင်ကယ်ပေါ် ရောက်တော့ ခါးလေးကို ဖက်လို့၊ ပါးလေးကို ကျောမှာကပ်လို့၊ အကြောက်ဖြေနေတယ်ထင်ပ။

အခန်းထဲကို ဓါတ်လှေခါးက တက်ခဲ့တယ်၊ အခန်းထဲရောက်ရောက်ချင်း တံခါးကို ဂုန်းကနဲပိတ်ပြီး အထဲက ချက်ချလိုက်တယ်။ ပြီးတော့ ဖြူ့ကို ဇွ‌တ်ကနဲ ပွေ့ချီလိုက်တယ်။
"အိုး" ကနဲအော်ရင်း လက်ပေါ် မှာပါလာတယ်၊ နှစ်ယောက်အိပ် အိပ်ယာပေါ် အသာချရင်း ကျွန်တော်ပါ သူ့ပေါ် က ထပ်လဲသွားတယ်၊ အိပ်ယာခင်း ဖြူဖြူလေးခင်းထားတဲ့ ရေမြှုပ်မွေ့ယာထဲ ဖြူ့တကိုယ်လုံး နစ်ဝင်သွားလားထင်ရတယ်၊
"ဖြူ"
"အင်"
"တင်ထွန်းတို့အိမ်က ပထမဆုံး ဖြစ်ခဲ့တာ မှတ်မိလား"
"အင်း၊ အဲဒီတုန်းက ကိုဇော် အရမ်း ဆိုးတာဘဲ"
"မဆိုးပါဘူး ဖြူရယ်၊ ကိုဇော်လဲ ကြောက်ကြောက်နဲ့ ဖြူ့ကို လုပ်ရတာပါ၊ အဲဒီတုန်းက ကိုဇော်ရင်တွေအရမ်းတုန်ပြီး ကြောက်လိုက်တာ"
"သွား ငါးဖယ်က ပြောင်းပြန်"
"တကယ်ပြောတာဖြူရ၊ အဲဒီတုန်းကများ၊ ဘယ်အချိန်မှာ ဖြူက ဟင်အင်း လို့ ညင်းလိုက်မလဲလို့ စိတ်ပူရတာကတမျိုး၊ ရင်တွေပန်းတွေတုန်ပြီး လူကလဲ ထိမ်းမရအောင် ဇောတွေကတက်လာ၊ တခါမှ

မလုပ်ဘူးတော့ ကြောက်ကလဲကြောက်နဲ့ဖြူရာ"
စကားလဲပြော၊ လက်ကလဲ ဖြူ့အဝတ်အစားတွေ ခွာချနေတယ်၊ ဖြူကတော့ ဟိုကြွလိုက် ဒီလှည့်လိုက်နဲ့ ကျွန်တော့်အလုပ်ကို ဝိုင်းကူညီတယ်။ သိတယ်မှုတ်လား လွန်ခဲ့တဲ့ ၄ နှစ်လောက်ကတဲက ဖြူနဲ့ ကျွန်တော်က အရက်ကုန်ခဲ့တာလေ။ ဖြူကညိမ်ပြီးနားထောင်နေတော့ ကျွန်တော်က ဆက်ပြီး
"ဖြူတို့ မိန်းခလေးဘဝဘဲကောင်းတယ်၊ ကိုယ့်ချစ်သူလုပ်တာ ကောင်းရင် အသာလေး မှိန်းပြီး ဇိမ်လေးနဲ့ ခံနေယုံဘဲ၊ မကောင်းရင်ဖြစ်ဖြစ်၊ စိတ်မပါရင်ဖြစ်ဖြစ် ဟင်အင်း လို့ တခွန်းညည်းလိုက်ရင် ပြီးပြီ၊ ကြိုးစားခဲ့သမျှ သွားရော"
ကျွန်တော့်စကားကို ဖြူကသဘောကျသွားပုံရတယ်၊ ပြုံးရင်း
"ပြောကောင်း"
ကျွန်တော်လဲ သူ့တကိုယ်လုံးကျွတ်သွားတော့၊ ကျွန်တော့် အဝတ်အစားချွတ်တယ်၊ ချွတ်ရင်း
"သိလားဖြူ၊ ဖြူ နိုင်ငံခြားထွက်သွားပြီးတော့၊ ကို ဖြူ့ကို သတိရနေတာ နေ့တိုင်းဘဲ"
"ဖြူရောဘဲပေါ့၊ ကိုယ့်ကို အရမ်းလွမ်းတာဘဲ"
"ကိုယ့်ကိုလွမ်းတာလား၊ ကိုယ့်ဟာလေးကို လွမ်းတာလား"
"ကိုယ့်ကိုလဲလွမ်းတယ်၊ ကိုယ့်ဟာလေးကိုလဲ လွမ်းတယ်"
"ဘယ်ဟာကို ပိုလွမ်းတာလဲ" ပြုံးပြီးမေးတော့
အဝတ်မဲ့သွားတဲ့ ကျွန်တော့်ခန္ဓာကိုယ်က ပစ္စည်းလေးကို အသာလှမ်းကိုင်ရင်း
"ကိုယ့်ကိုလွမ်းတော့မှ ဒါလေးက အလိုလိုပါလာတာပေါ့" တဲ့
သူ့လက်နဲ့ထိတော့ သူ့ကိုဖက်ပြီး နှုတ်ခမ်းကို စုတ်ယူလိုက်တယ်၊ အားလားလား ဒီနှုတ်ခမ်းလေး မစုတ်ရတာ ကြာပြီ။ တဝကြီးစုတ်ပြစ်လိုက်တယ်၊ လျှာလဲမချန်၊ ပြီးတော့လည်တိုင်လေးကို နမ်းရင်း ဖြူ့နို့အုံလေးကို လှမ်းကိုင်လိုက်တယ်၊
"ဖြူ့ နို့လေးတွေက ကြီးပြီး တင်းလာသလိုဘဲ"
"အင်း နော်၊ အဲဒါ ကို့အတွက်လေ၊ ရော့ စို့ပေး" ဆိုပြီး ရင်ဘတ်လေးကိုကော့ပေးတယ်။ အသာဘဲ ဖမ်းစို့လိုက်တယ်၊
"အင်း ကိုရယ်" ဆိုပြီး ကျွန်တော့် ခေါင်းကို လက်နဲ့ပွတ်ရင်း ကော့ပေးထားတယ်။
"ကောင်းလား ဖြူ"
"ကောင်းလိုက်တာ ကိုဇော်ရယ်၊ ဖြူလွမ်းနေတာ၊ ဒီဘက်လဲ စို့အုံးလေ"
သူပြောတဲ့အတိုင်းပြောင်းစို့လိုက်တယ်၊ ဟိုဘက်ကိုတော့ လက်နဲ့ နယ်ပေးနေလိုက်တာ၊ ဖြူကတော့ အင်း အင်း အင်း အင်း နဲ့၊
နို့စို့နေရင်း ခေါင်းအုံးကို ဆွဲယူပြီး ခုတင်ခေါင်းရင်းမှာထောင်လိုက်တယ်၊ ပြီးတော့ ခေါင်းအုံးကို ပုတ်ပြရင်း
"ဒီမှာ မှီလိုက် ဖြူ"
ကျွန်တော်ဘာလုပ်တော့မယ်ဆိုတာ သူသိသွားတယ်၊ ကိုယ်ကို တွန့်ရင်း ကုတင်မှာ မှီထားတဲ့ခေါင်းအုံးပေါ် ကျောချလိုက်တယ်၊ ကျွန်တော်လဲ ကားနေတဲ့ သူ့ပေါင်ကြားထဲ ကိုယ်ကို ရွှေ့ရင်း လက်က အမွေးမဲမဲလေး ဖုံးနေတဲ့ နေရာကို အသာပွတ်လိုက်တယ်၊
"အရည်တွေတောင် ရွှဲနေပြီ ဖြူရ"
"အင်းပေါ့၊ ကြည့် ကိုဇော့်ကို ဖြူဘယ်လောက်လွမ်းနေလဲဆိုတာ"
ဆိုရင်း ပေါင်နှစ်ချောင်းကို ကားပေးတယ်။ ကားလိုက်မှ အထဲက အစေ့လေးက ပြူထွက်လာတယ်၊ အစေ့ထိပ်လေးကို လက်ညိုးနဲ့ အသာပွတ်လိုက်တော့
"အင်း" ဆိုပြီး ကော့လာတယ်၊ လက်က ကျွန်တော့်ခေါင်းကို ပွတ်နေတယ်၊ အမွေးလေးကို ဖြဲပြီး လက်ခလယ်လေးကို အကွဲကြောင်းတလျှောက် ပွတ်ဆွဲကစားပေးနေလိုက်တယ်၊ ဖြူက မျက်လုံးလေးမှိတ်ပြီး တအင်းအင်းနဲ့ ဖီလင်ယူနေလေရဲ့။ ခဏလေးနေတော့
"ကိုဇော်ရယ်၊ ဘာလုပ်နေတာလဲ၊ ရက်ပေးတော့ကွာ၊ ဖြူ မနေနိုင်တော့ဘူး" ဆိုပြီး ကျွန်တော့် ဆံပင်ကို ဆွဲရင်း ခေါင်းကို သူ့ပေါင်ကြားကို ဖိချတယ်၊ ကျွန်တော်လဲ အလိုက်သင့်လေးပါသွားပြီး ပြူနေတဲ့ အစေ့လေးကို နှုတ်ခန်းနှစ်ခုနဲ့ ညှပ်ပြီး အားရပါးရ စုတ်ယူလိုက်တယ်။
"အား . . . . . . . " ဆိုတဲ့ အသံရှည်ကြီးနဲ့အတူ

"ကောင်းလိုက်တာ ကိုဇော်ရယ်၊ ဖြူလွမ်းနေတာ ကြာလှပြီတဲ့"
ဖြူက လွမ်းနေတာကြာပြီဆိုတော့ ကျွန်တော်က အားရပါးရ အလွမ်းဖျောက်ပေးနေမိတယ်၊ အရည်တွေရွှဲနေတဲ့ အပေါက်ဝလေးကို လျှာနဲ့ရက်ရင် ဖြူက တအားအား နဲ့ ပိုအော်ပြီး ကောင်းလိုက်တာ ကောင်းလိုက်တာ တဲ့။
တော်တော်လေးကြာအောင် ဖြူ့စိတ်ကြိုက်လုပ်ပြီးတော့
"ကိုယ့်အလှည့်" လို့ဆိုရင်း ခေါင်းအုံးတလုံးကို ဆွဲယူရင်း ဖြူထိုင်တဲ့ပုံစံအတိုင်းထိုင်လိုက်တယ်။ ဖြူက ကျွန်တော့်ပေါင်ကြားထဲ မှောက်ပြီး စောစောက ကျွန်တော်နေသလိုလေး။ ပြီးတော့ ကျွန်တော့်ဟာလေးကို သူကိုင်ပြီး
"ကိုဇော်ရဲ့ပစ္စည်းလေးကလဲ ကြီးလာသလိုဘဲ" ဆိုရင်း သူ့နှုတ်ခမ်းလေးနဲ့ အသာငုံလိုက်တယ်။ အင်း ဆိုပြီးကျွန်တော့်ခေါင်းမော့သွားတော့ သူက မျက်လုံးလေး အသာလှန်ကြည့်ပြီး ထိပ်ဖူးလေးကို လျှာနဲ့ပတ်ပြီး စုတ်ဆွဲနေသလိုဘဲ၊ ထိပ်ဖျားလေးထိ စုတ်ဆွဲတင်လိုက်၊ ပါးစပ်ကို အသာဟပြီး အလယ်လောက်အထိပြန် ထိုးသွင်းလိုက်၊ ပြီးတော့ တင်းတင်းလေး နှုတ်ခမ်းနှစ်ဘက်နဲ့ ညှပ်ပြီး စုတ်ဆွဲတင်လိုက်နဲ့၊ ကောင်းလိုက်တာ ဖြူရာ လို့ ခဏခဏ ပါးစပ်က ထွက်ထွက်သွားတယ်။
"လုပ်တော့မယ်ဖြူရာ ကိုယ်မနနိုင်တော့ဘူး" ဆိုတော့ ဖြူက ပက်လက်လှန်ပေးတယ်၊
ကျွန်တော်လဲ သူ့ပေါင်ကြား ဒူးထောက်ထိုင်ရင်း ထိပ်လေးကို အဝနားတေ့လိုက်တယ်၊
"ဖြေးဖြေးနော်ကိုဇော်"
"အင်း" လို့ပြန်ပြောရင်း အရည်တွေ ရွှဲနေတဲ့ အဝထဲ ဒစ်လေးမြုတ်ရုံ အသာဖိလိုက်တယ်
ဖြူ မျက်စိမှိတ်ပြီး နှုတ်ခမ်းလေးကိုက်ထားတယ်၊ အသာ ပြန်ဆွဲထုတ်ပြီး နောက်တကြိမ် ထပ်ဖိချလိုက်တယ်၊ နဲနဲ ပိုဝင်သွားသလိုဘဲ၊ အဲလိုလေး ထုတ်လိုက်သွင်းလိုက်နဲ့ တဖြေးဖြေး အဆုံးထိရောက်အောင် သွင်းလိုက်တယ်၊ အဆုံးထိလရောက်ရော
"အား ကောင်းလိုက်တာ ကိုဇော်ရာ" ဆိုရင်း ကျွန်တော့်ကို အတင်းဖက်ပါရော၊
ကျွန်တော်လဲ သွင်းထားရက်တန်းလန်း ခဏလေး ငြိမ်နေလိုက်တယ်၊ ပြီးမှ ပြန်ထပြီး တချက်ချင်း မှန်မှန်လေး ဆောင့်ပေးလိုက်တယ်၊
"အင့် အင့် အား အား အင့် အင့် အား အား" နဲ့ ကျွန်တော့်ဆောင့်ချက်တိုင်းကို အသံနဲ့ တုန့်ပြန်တယ်။ ခဏလေးနေတော့
"အား ကျင်ပြီ ကိုဇော်ရေ့ ကျင်ပြီ၊ ကောင်းတယ် ကောင်းတယ်" မျက်စိစုန်မှိတ်ပြီး အော်တော့တာပါဘဲ၊ အဲလိုအော်တော့ ကျွန်တော်လဲ မနေနိုင်တော့
"အား ပြီး ပြီ ပြီးပြီ၊ ထွက်ကုန်ပြီ၊ ထွက်ကုန်ပြီ" နဲ့ ဖြူကအော်တော့ ကျွန်တော်လဲ ထွက်ကုန်တာပါဘဲ။
နှစ်ယောက်သား ခြေပြစ်လက်ပြစ်၊
"ကောင်းလိုက်တာ ကိုဇော်ရယ်၊ ဖြူလွမ်းနေတာ ကြာလှပြီ" တဲ့ မောသံလေးနဲ့၊
အဲဒီညက နားလိုက် လုပ်လိုက် အိပ်လိုက်၊ လုပ်လိုက် နားလိုက် အိပ်လိုက်၊
ဆားငံရည်မသောက်ဘူးတော့ သောက်လေ သောက်လေ ငတ်မပြေဆိုတာ မှန်မမှန် ကျွန်တော်မသိဘူး၊ အဲ သိသလောက်ပြောရရင် စားလေ စားလေ စားမပြေတဲ့ စွဲမက် ယိုစုံ ကျနေတာဘဲ။ ဒါနဲ့ ခင်ဗျားတို့ စွဲမက်ယိုစုံစားဘူးလား။ မန္တလေးကလုပ်တာလေ။

မနက်ကျတော့ နှစ်ယောက်သား ချောင်းသာသွားဘို့ အစီအစဉ်ဆွဲတယ်၊ ဖြူက ဘတ်စ် နဲ့ မသွားချင်ဘူးတဲ့၊ မလွတ်လပ်ဘူးတဲ့၊ ကောင်းတယ်၊ ကြိုက်တယ်၊ လဲထားတဲ့ ပိုက်ဆံတွေကလဲ တထောကြီးဆိုတော့ သုံးစမ်း၊ ဖြူကလဲ ပြောတယ်၊ ဒီပိုက်ဆံတွေ ဒီတပတ်အတွင်း အကုန်သုံးပြစ်မယ်တဲ့၊ ကျွန်တော်လဲ တခါမှ ဒီလောက်အများကြီး ကိုင်မသုံးဘူး၊ အင်း မကုန်ကုန်အောင်ဆို ကားစီးလုံး ငှားသွားရင်ကောင်းမယ်ပေါ့၊ ဒါနဲ့ ရေမိုးချိုး၊ ဘရိတ်ဖတ်စ် စားပြီး နံပါတ်နက်အငှားကားတွေ စတည်းချတတ်တဲ့ နေရာကိုလာခဲ့တယ်၊ ပထမ တစီး နှစ်စီးလောက် ချောင်းသာသွားမလား ၄ ရက်ဆိုပြီး ဈေးမေးကြည့်တယ်၊ ဒါနဲ့ ပေါက်ဈေးကို အကြမ်းဖျဉ်းလောက် သဘောပေါက်သွားတယ်၊ နောက်တနေရာသွားပြီး ကားနဲနဲ သန့်သန့်လေးကိုရှာမယ်ပေါ့၊ နှစ်ယောက်သား လမ်းလျှောက်ရင်း ကားတွေကို ကြည့်လာခဲ့တယ်၊ ကားဆရာတွေကတော့ ကားယူမလားဆရာ၊ ကားငှားမလား ဆရာနဲ့ပေါ့၊ ခဏလောက်လျှောက်လိုက်တော့ အရပ်ခပ်ပုပု၊ မျက်နှာချိုချို နဲ့ လူတယောက်က ကားရှာနေတာလား ဆရာတဲ့

ကျွန်တော်က "အင်း" ဆိုတော့
"ကျွန်တော့်ကားရှိတယ်ဆရာ၊ ဆရာဘယ်သွားမလို့လဲ"
"ဘယ်မှာလဲ ခင်ဗျားကား" ဆိုတော့
"ဒီမှာလေဆရာ" ဆိုပြီး သူ့လက်နှစ်ဘက် ခြေနှစ်ဘက်ကို ကားပြတယ်၊ ရုတ်တရက်
ကျွန်တော်တို့နှစ်ယောက်ကြောင်သွားတယ်၊ ပြီးတော့ သဘောပေါက်သွားတယ်၊ ဖြူဆို တခစ်ခစ်နဲ့၊
ကျွန်တော်တောင် ပြုံးမိတယ်၊ သူကဆက်ပြီး ဟိုမှာလေဆရာ ဆိုပြီး ပြောင်လက်အောင် တိုက်ချွတ်ထားတဲ့
အဖြူရောင် တိုယိုတာ ဖင်ကောက်လေး၊ ပြီးတော့ နေရောင်ကာ မှန်နဲ့၊
"ဘယ်သွားမလို့လဲ ဆရာ"
"အင်း သွားချင်တာကတော့ ချောင်းသာ၊ ၄ ရက်လောက်၊ ဖြစ်မလား"
"ဖြစ်တာပေါ့ဆရာ၊ ၄ လ လောက်ဆိုလဲ ဖြစ်တယ်၊ ကျွန်တော့် ဘော့စ်ကို ဖုန်းတချက် လှမ်းခေါ် လိုက်ရုံဘဲ"
"ကဲ ဘယ်လောက်လဲ" ကျွန်တော်မေးတော့
"ဆရာတို့က ဆီထည့်ပေးမှာလား၊ ကျွန်တော်က ကိုယ့်ဟာကိုယ်ထည့်ရမှာလား" တဲ့
"မင်းဟာမင်း အားလုံးကွာ" ဆိုတော့ သူကဈေးပြောတယ်၊ မဆိုး၊ ဖြူ့ ကို လှမ်းကြည့်လိုက်တော့ ဖြူက
အသာအယာ ခေါင်းညိမ့်ပြတယ်၊ နောက်တခုက သူကပျော်တတ်ပုံရတယ်၊ အဲဒါက သဘောကျစရာ၊
ကျွန်တော်လဲ ပြုံးပြီး
"ခင်ဗျားက နောက်ကြည့်မှန်မကြည့်ဘဲ ကားမောင်းတတ်လား" မေးတော့ ကျွန်တော်တို့ နှစ်ယောက်ကို
ကြည့်ရင်း သဘောပေါက်သွားပုံရတယ်၊
"ကျွန်တော် မျက်စိ တဖက်တည်းနဲ့တောင် မောင်းလို့ရတယ်ဆရာ၊ ပြီးတော့ တခါတလေ ကျွန်တော် နားလဲ
မကြားဘူးတဲ့"
ဟား ဟား ဟား ဟား၊ ကားဆရာ အပြောကို သဘောကျသွားတယ်။
"ဒါနဲ့ ခင်ဗျားကားက အဲယားကွန်းရော အလုပ်လုပ်ရဲ့လား" ဆိုတော့
"ဆရာတို့ ၂ ယောက် အတူတူခြုံထားဘို့ စောင်ပါထည့်ခဲ့ဆရာ" တဲ့၊ ကြိုက်ပြီ၊ အဲလိုကားနဲ့ အဲလို ဒရိုင်ဘာ
ရှာနေတာ။
ဒါနဲ့ အပေးအယူတဲ့သွားတယ်၊ ဟိုတယ်မှာ ဆုံဘို့ ချိန်းလိုက်တယ်။ ကျွန်တော်တို့လဲ ဟိုတယ်ပြန်တယ်၊
ဟိုတယ်မှာ ပြန်လာမဲ့ရက်အတွက် ကြိုတင် ဘွတ်ကင်လုပ်တယ်၊ ဆိုင်ကယ်ကို ထား ထားလို့ရမလားမေးတော့၊
ရတယ်တဲ့၊ ဒါနဲ့ အပြင်က အလုပ်သမားကို ဘောက်ဆူးပေးပြီး ဆိုင်ကယ်ကို ကြည့်ထားပေးဘို့ မှာရတယ်၊
အလုပ်သမားက စိတ်ချဆရာ၊ ဆရာ့ဆိုင်ကယ် ယင်ကောင်တောင် မနားစေရဘူးတဲ့၊ အော် ဒီလူတွေ
လုပ်သက်တော်တော်ရင့်ပုံရတယ်။

ပြောရရင် လမ်းခရီးတလျှောက်မှာရော၊ ဟိုမှာရော အဆင်ပြေလို့၊ ကားဆရာကလဲ တော်သလားမမေးနဲ့၊
သူမသိတာ မရှိသလောက်ဘဲ၊ ကြံကြံဖန်ဖန်ရယ်စရာတွေလဲ ပြောတတ်တယ်၊ တလမ်းလုံးမပျင်း၊
ချောင်းသာကိုရောက်တာ ၁၅ ခေါက်ရှိပြီတဲ့၊ ကျွန်တော်တို့ နှစ်ယောက်အတွက် ဘန်ဂလိုလေးပါ
သူကရှာပေးတယ်။ အားကိုးရပါပေတယ်။ ချောင်းသာမှာ နေတဲ့ ၄ ရက်လုံးက ပျော်စရာအတိ၊ မိုးမမြင်
လေမမြင်၊ စားလိုက် အိပ်လိုက် ရေကူးလိုက် ပေါ့၊ အဲ လုပ်လိုက်လဲ ပါတယ်။

ရန်ကုန်ပြန်ရောက်ပြီး ဘွတ်ခ် လုပ်ထားတဲ့အတိုင်း ဟိုတယ်မှာ ဆက်နေတယ်၊ ဆိုင်ကယ်လေးက
နေရာတောင်မရွှေ့၊ နောက်နေ့မှာ အရင်ကသူငယ်ချင်းတွေနဲ့ သွားတွေ့တယ်၊ တင်ထွန်းအိမ်ကို
နေ့လယ်ပိုင်းလောက် နှစ်ယောက်သားဆိုင်ကယ်တစီးနဲ့ ပေါက်ချသွားတော့ တင်ထွန်းမျက်လုံးပြူးသွားတယ်၊
မတွေ့တာလဲ ကြာပြီ၊ ကျွန်တော်လဲ ကိုယ့်အလုပ်နဲ့ကိုယ်မအား၊
"ဟ ဟ မင်းတို့ နှစ်ယောက် ဘယ်ကနေ ဘယ်လို . . . . " အံ့သြတကြီးနဲ့ ပြောလိုက်တဲ့စကား
"ဖြူပြန်ရောက်နေတာ တပတ်ပြည့်တော့မယ်၊ အလည်လွန်နေလို့ ခုမှ လာတွေ့ဖြစ်တာ" ဖြူက
ဖြတ်ပြောလိုက်တော့တဝက်တပျက်နဲ့ ရပ်သွားတယ်၊
"ဒါနဲ့များ မင်းတို့ကွာ၊ ဖုံးလေး ကြိုဆက်ထားတာမဟုတ်ဘူး" ကြံဖန်ပြီး အပြစ်တင်လိုက်သေးတယ်၊
"ဖြူက မင်းတို့ကို အံ့သြသင့်စေချင်လို့တဲ့၊ ဒါနဲ့ သူဇာရော" ဆိုပြီး စကားလှအောင်ကြည့်ပြောလိုက်ရတယ်၊

"သူ့အိမ်မှာပေါ့"
"သွားခေါ် ကွာ၊ ပြီးတော့ ဗလကြီးနဲ့ မိုးမိုးကို ခေါ် ပြီး ငါတို့ သူငယ်ချင်းတွေ တစုလုံး ပျော်ပျော်ပါးပါး အပြင်မှာ ညနေစာ သွားစားရအောင်"
သူဇာရောက်လာတော့ တင်ထွန်းက ကမန်းကတန်း ဗလကြီး နဲ့ မိုးမိုးကို အဆင့်သင့်စောင့်နေဘို့ ဖုံးလှမ်းဆက်လိုက်တယ်၊

သူငယ်ချင်းတစုလုံး ကားတစီး ငှားပြီး ရွှေဘဲစားသောက်ဆိုင် ကိုထွက်ခဲ့တယ်။ တလမ်းလုံး ဟေးလားဝါးလား ပျော်ပျော်ပါးပါး၊ ဆယ်တန်းကျောင်းသားဘဝ ပြန်ရောက်သွားတယ်။ ဆိုင်ထဲမှာ နေရာယူပြီး အစားအသောက်မျိုးစုံ မှာကြတယ်၊ နာမည်ကြီး ဘဲကင်ကတော့ မပါမဖြစ်ပေါ့။ ထုံးစံအတိုင်း အထိမ်းအမှတ် ဘီယာကတော့ မပါမဖြစ်၊ တယောက်တလုံးစီလောက် ဝင်သွားတော့ စကားဝိုင်းက ပိုစိုပြေလာတယ်၊ မိန်းခလေးတွေကို တယောက်နဲနဲစီအတင်း ဝိုင်းတိုက်ကြတယ်၊ အစားအသောက်တွေကလဲ ရောက်လာတာနဲ့ အတော်ဘဲ၊ စားလိုက် သောက်လိုက် စကားတွေပြောလိုက်နဲ့၊ အထူးအဖြင့် ဖြူ့ကို နိုင်ငံခြားက အကြောင်းတွေ ဝိုင်းမေးကြတယ်။
အရက်မူးတော့ စကားပေါတယ်လို့ဆိုမလား၊ စချင်နောက်ချင်လို့ဘဲလားမသိ၊ သူဇာကစပြီး
"ဟဲ့ ဖြူ နင့်လူ ဇော်ထူးကို ကြည့်ထိမ်းအုံးနော် သူကျောင်းမှာ ကောင်မလေး နှစ်ယောက်နဲ့ တွဲနေတယ်" တဲ့၊ ကျွန်တော်ရင်ထဲက ဒိုင်းကနဲ ခုန်သွားတယ်၊ ရီဝေဝေ အမူးလေးတောင် ပျောက်သွားတယ်၊ ဖြူက
"ဟုတ်လား" ဆိုတော့
ကျွန်တော်က
"သူငယ်ချင်းတွေပါ ဖြူရာ၊ အတန်းတူ သူငယ်ချင်းတွေပါ"
"အမယ် နင်တို့သတင်း ငါကြားပါတယ်နော်၊ နင်တို့ ၃ ယောက်အတွဲက မိုးလင်းက မိုးချုပ်တတွဲတွဲဘဲဆိုတာ" သူဇာ ကအဆင်းမှာ ထပ်တွန်းတယ်။
"အမယ် ငါလဲကြားပါတယ်၊ အဲဒီကောင်မလေး နှစ်ယောက်ကို လိုက်တဲ့သူတွေက နင့်ကြောင့်တပ်လန်ကုန်တယ်ပြောတာဘဲ၊ သူတို့ နှစ်ယောက်ကလဲ နင့်ကိုဘဲ ကပ်နေတာဆို" မိုးမိုးကလဲ ဝင်ထောင်တယ်၊
"ငါ့ကို ကပ်နေတာမဟုတ်ပါဘူးဟာ၊ ငါတို့က သူငယ်ချင်းတွေပါ၊ အတန်းတူတွေဆိုတော့ အမြဲတမ်း တတွဲတွဲ ဖြစ်နေတော့ လူတွေက လျှောက်ပြောနေတာ နေမှာပါ"
ကျွန်တော်လဲ ဦးနှောက်ခြောက်သွားတယ်၊ ဘယ်လိုရှင်းရမှန်းမသိ၊ ဘယ်လိုဘယ်လို ကျွန်တော့်သတင်းက သူတို့ဆီရောက်သွားလဲ မသိ၊ မိန်းမတွေများ စပ်ကိုစုတယ်။
ကျွန်တော်တို့ အခြေအတင်ပြောတာကို ဖြူက နားထောင်နေတယ်၊ ဟုတ်လား တခွန်းအပြင် ဘာမှ ဝင်မပြော၊
"ကဲ ကဲ တော်ကြပါ နင်တို့ကလဲ ဖြူက ဟိုက ခဏတဖြုတ်ပြန်လာတာ၊ နင်တို့က မသေချာဘဲ အရမ်းမပြောကြပါနဲ့၊ သူတို့ ၃ ယောက်အတူတူ တွဲတာ၊ သူငယ်ချင်းတွေမို့ ၃ ယောက်အတူတူပေါ့၊ ကြည့်ပါလား ဆယ်တန်းတုန်းကလဲ ငါတို့ ၆ ယောက်အတူတူတွဲတာဘဲဟာ" တင်ထွန်းက ပြေရာပြေကြောင်းဝင်ပြောတယ်၊
"သူတို့လဲ သိပါတယ်၊ ငါ့မှာ ဖြူရှိပြီးသားဆိုတာ၊ သူတို့ကို ငါပြောပြထားပြီးသား" ကျွန်တော်ကလဲ သူတို့ကို ဝင်ရှင်းတယ်။
"တော်ပြီ တော်ပြီ ဒီအကြောင်းရပ်တော့၊ ဘာမှလဲ မသေချာဘဲ အရေမရ အဖတ်မရ၊ နင်တို့ကလဲ မသေချာဘဲ သူများကို အရမ်းမပြောပါနဲ့" ဗလကြီးကပါ ကျွန်တော့်ဘက်က ဝင်ပါတယ်။
"ငါတို့က ရမ်းပြောတာမဟုတ်ပါဘူး၊ ရီးစားဖြစ်နေတယ်လဲ မပြောပါဘူး၊ ကောင်မလေး ၂ ယောက်နဲ့ တွဲနေတယ်လို့ဘဲ ပြောတာပါ" သူဇာက စကားလျော့ချတယ်၊
"အေး နင်က အဲလိုတွဲတိုင်းသာ ရီးစားဆိုရင် ငါနဲ့ မိုးမိုး တွဲနေတာ ဘယ်နှနှစ်ရှိပြီလဲ၊ ဘယ်မှာရီးစားဖြစ်လို့လဲ ကဲပြော"
မိုးမိုးက
"ဗလကြီး နင်ဘာတွေလျှောက်ပြောနေတာလဲ" ဆိုပြီး ရှက်ရမ်းထရမ်းတယ်၊ အားလုံး တဟားဟား နဲ့ ဝိုင်းရယ်ကြတော့ ကျွန်တော့်ဇတ်လမ်း ဒီမှာတင်ရပ်ပြီး ဗလကြီးနဲ့ မိုးမိုး အလှည့်ရောက်သွားတယ်၊

ကျေးဇူးတင်ပါတယ် ဗလကြီးရယ်။

သူငယ်ချင်းတွေနဲ့ လမ်းခွဲပြီး ဖြူနဲ့ ကျွန်တော် ဟိုတယ်ပြန်လာတယ်၊ တလမ်းလုံး စကားမဆိုမိကြ၊ ကိုယ့်အတွေးနဲ့ကိုယ်၊
အခန်းထဲရောက်တော့ နှစ်ယောက်သား မောမောနဲ့ကုတင်ပေါ် လှဲချရင်း ဖြူက
“ကိုဇော်က ကျောင်းမှာ သူငယ်ချင်းကောင်မလေးနှစ်ယောက်ရနေတယ်ဆိုတာ ဖြူ့ကိုတောင်မပြောဘူး”
“ဖြူရယ်၊ ပြောချင်တာပေါ့၊ ဖြူဆီ စာရေးတိုင်း ဒီအကြောင်း ဖြူ့ကို ပြောပြရင်ကောင်းမလား၊ မကောင်းဘူးလား ဆိုတာ အမြဲတမ်းစဉ်းစားမိပါတယ်၊ ပြောလိုက်ရင် တော်ကြာ ဖြူက ဟိုကနေပြီး စိတ်ပူနေရင်၊ ဖြူ့ကို သက်သက် ဒုက္ခပေးသလို ဖြစ်နေမှာစိုးတာက တကြောင်း၊ နောက်ပြီး ကိုတို့က ရိုးရိုးသူငယ်ချင်းတွေဘဲ ဆိုတော့ အရေးမကြီးပါဘူးလေ ဆိုပြီး မပြောဖြစ်တာပါ”
“အင်းလေ ကိုဇော်လဲ ဖြူနဲ့ ဝေးနေတာ ၄ နှစ်ကျော်တောင်ရှိပြီဆိုတော့ ဖြူ နားလည်ပါတယ်” တဲ့
“မဟုတ်ဘူး ဖြူ မဟုတ်ဘူး၊ အဲဒါနဲ့ သူတို့နဲ့ တွဲနေတာနဲ့ ဘာမှမဆိုင်ဘူး၊ ဖြူက ကိုယ့်ချစ်သူ၊ သူတို့က ကိုယ့်သူငယ်ချင်းတွေ”
“အင်းလေ ဒါတွေထားပါ၊ ခုဖြူပြောမယ် နားထောင်”
“အင်း”
“ခု ဖြူ ဟိုရောက်နေတာ ၄ နှစ်ရှိပြီ၊ နောက်နှစ်ဆို ဖြူ ဟိုနိုင်ငံသား ခံယူတော့မယ်။ မေမေတို့လဲ ဟိုနိုင်ငံသား ယူတော့မယ်၊ အဲဒါ မယူခင် ကိုဇော်နဲ့ တိုင်ပင်ချင်လို့ ပြန်လာတာ” ဆိုပြီး ခဏနားတယ်၊ ပြီးတော့ ဆက်ပြောတယ်။
“ကိုဇော်က ဖြူ ဟိုနိုင်ငံသား ခံယူပြီးရင် ဖြူနဲ့လက်ထပ်ပြီး ဟိုမှာလိုက်နေမလား” တဲ့
အင်း စပြီ၊ ဇာတ်လမ်းက၊ ဖြတ်ကနဲ မိချိုကို သတိရသွားတယ်။
“ကိုဇော်က ခုမှ ဒုတိယနှစ်ပြီးကာစဘဲရှိသေးတာဖြူရာ၊ ဘွဲ့ရဘို့ အဝေးကြီးလိုသေးတယ်၊ နောက်ပြီး ဘွဲ့ရပြီးရင်တောင် မြန်မာပြည်မှာ ၅ နှစ်အနဲဆုံး အလုပ်လုပ်ပေးရအုံးမယ်”
“ဖြူ သိပါတယ် ကိုဇော်ရယ်၊ ကိုဇော် ဖြူ့ဆီရေးတဲ့ စာတွေထဲမှာ ဖြူ့ကို လွမ်းတာဘဲ ပါတယ်၊ ဖြူနဲ့ နိုင်ငံခြားမှာ အတူနေမယ်ဆိုတာ တလုံးမှ မပါဘူး၊ မှန်မှန်ပြော ကိုဇော်၊ ကိုဇော် နိုင်ငံခြား မလာချင်ဘူးလား” တဲ့၊
ကျွန်တော် ဘာပြန်ပြောရမှန်းမသိ၊ ကျွန်တော် တော်တော်ကြာအောင် နှုတ်ဆိတ်နေမိတယ်၊
“ပြောပါကိုဇော်ရာ၊ ကိုဇော် ရင်ထဲရှိတာ ပွင့်ပွင့်လင်းလင်းသာပြောပါ၊ ဖြူကိုဇော့်ကို စိတ်မဆိုးပါဘူး”
ကျွန်တော် ဟင်းကနဲ သက်ပြင်းချရင်း သူ့ကို အသာလှမ်းဖက်ရင်း ပြောလိုက်တယ်။
“ကိုဇော် ဖြူ့ကို ချစ်တယ်ဆိုတာ ဖြူယုံတယ်နော်၊ ကိုဇော်ရင်ထဲက အမှန်အတိုင်းဖြူ့ကိုပြောပြမယ်၊ ကိုဇော် နိုင်ငံခြား မထွက်ချင်ဘူး၊ ဖြစ်နိုင်ရင် ဖြူလဲ ဟိုနိုင်ငံသား မခံယူပါနဲ့၊ ကိုဇော်ဘွဲ့ရပြီး ဆရာဝန်ဖြစ်ရင် ဖြူပြန်လာပြီး ဒီမှာ ကိုဇော်နဲ့ နေပါလား၊ ကိုတို့ နှစ်ယောက် ဒီမှာဘဲ အတူတူ နေကြမယ်လေ”
“ကိုဇော်ရယ်” ဆိုပြီး ဖြူက ကျွန်တော့်ကို ပြန်ဖက်တယ်။ ပြီးတော့
“မဖြစ်ဘူးကိုဇော်ရယ်၊ ဖြူ ဒီမှာမနေချင်ဘူး၊ မေမေတို့ကလဲ ဒီပြန်မလာချင်တော့ဘူး၊ ဖြူ့ကို တလွဲတော့ မထင်စေချင်ဘူးကိုဇော်ရယ်၊ ဖြူလဲ ကိုဇော့်ကို အရမ်းချစ်ပါတယ်၊ ချစ်လို့လဲ ဖြူတယောက်ထဲဒီပြန်လာပြီး ကိုဇော့်ကို လာခေါ် တာပေါ့၊ ဖြူ ကိုဇော်နဲ့ ဒီမှာ ပြန်နေဘို့ဆိုတာတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူးနဲ့တူတယ်”
ပြောရင်း ဖြူမျက်ရည်ကျတယ်။
ကျွန်တော်လဲ မသွားချင်၊ တကယ်တန်းစဉ်းစားကြည့်ရင် ကျွန်တော်မှာ နိုင်ငံခြား သွားနေဘို့ အဓိကအကြောင်းအချက်ဘာမှမရှိ၊ အဲ ဖြူ့ကို ချစ်တဲ့ အချစ်တခုက လွဲရင်ပေါ့၊ ကျွန်တော့် ဆွေမျိုးမိဘ အသိုင်းအဝိုင်း တဦးတယောက်မှ ဟိုမှာမရှိ၊ နောက်ပြီး ပညာရေးကလဲ တပိုင်းတစ တန်းလန်း၊ ပြီးတော့ ကျွန်တော် ဝါသနာပါတဲ့ ဒီဆရာဝန်လိုင်းကို ရဘို့ ငယ်ငယ်ကတည်းက ကြိုးစားခဲ့ရတဲ့ အရင်းအနှီး၊ အဲဒါတွေ အားလုံးကို ဖြူ့ကို ချစ်တဲ့ အချစ်တခုနဲ့ လဲလိုက်လို့ဖြစ်ပါ့မလား၊ ဖြူ့ကို ဘယ်လိုရှင်းပြရမှန်းမသိ၊ ဖြူ ဒါတွေအားလုံးနားလည်နိုင်ပါစေလို့ဘဲ ဆုတောင်းမိတယ်။
အဲဒီညက အခြေအတင် ဆက်မဆွေးနွေးဖြစ်ကြ၊ တယောက်နဲ့ တယောက်တင်းတင်းဖက်ပြီး၊ ကိုယ့်စိတ်ကူးနဲ့ကိုယ်၊

တကယ်လို့ ကျွန်တော်နိုင်ငံခြားလိုက်သွားပါပြီဘဲထား၊ ဟိုမှာ ကျွန်တော် ဝါသနာပါတဲ့ ဆေးကျောင်းတက်ရပါပြီဘဲထား၊ တစ်အချက် ကျွန်တော့် မိဘတွေနဲ့ ခွဲရမယ်၊ ဖြူတောင်မှ သူ့မိဘတွေပြန်မလာတော့ဘူးပြောလို့ သူလဲ ပြန်မလာတော့ဘူးပြောသေးတာဘဲ၊ သူဟိုမှာ နေဘို့ သဘောကျတာ သဘောကျတာ တပိုင်းပေါ့၊ ကျွန်တော်လဲ ဒီမှာနေရတာ သဘောကျတာဘဲ၊ တကယ်လို့ ဟိုမှာ ကျွန်တော် နိုင်ငံသားဖြစ်လို့ ကျွန်တော့် မိဘကို ခေါ် ခွင့်ရပါပြီဘဲထား၊ ကျွန်တော့် မိဘက လာမှာမဟုတ်၊ ဒါကို ကျွန်တော် အသိဆုံး၊
နောက်တကြောင်းက ကျွန်တော် မိချိုနဲ့လဲ မခွဲနိုင်၊ ခုတောင် မိချိုနဲ့ မတွေ့ဖြစ်တာ ၆ ရက်ရှိပြီ၊ အဲဒီညက တညလုံး ဖြူနဲ့ ကျွန်တော် တယောက်နဲ့ တယောက်ဖက်ပြီး ဒီအကြောင်းနဲ့ ပတ်သက်ပြီး စကားမဆိုဖြစ်ကြတော့၊ တယောက်နဲ့တယောက် နားလည်သွားတယ်လို့ဘဲ ဆိုရမလားမသိ၊ မိုးလင်းခါနီးမှ နှစ်ယောက်သား အိပ်ပျော်သွားတယ်။

နောက်နေ့ကျတော့ ဖြူက ဆုံးဖြတ်ချက်ချလိုက်ဟန်တူတယ်၊ ဘာဘဲပြောပြော ဖြူက ကျွန်တော့်ထက်စာရင် ပိုသတ္တိရှိတယ်လို့ဘဲ ဆိုရမယ်၊

ကိုဇော်မလာချင်တဲ့ နိုင်ငံကို ဖြူ အတင်းခေါ် ဘို့လဲ မကြိုးစားပါဘူးတဲ့၊ ကိုဇော်စဉ်းစားပါတဲ့၊ ကိုဇော့်ကို ဖြူ နောက်ထပ် ၂ နှစ်စောင့်မယ်တဲ့၊ အဲဒီ ၂ နှစ်အတွင်းမှာ ကိုဇော် စိတ်ပြောင်းမယ်ဆိုရင် ဖြူ့ဆီ ဆက်သွယ်ပါတဲ့၊ ဖြူကိုဇော့်ကို ပြန်လာလက်ထပ်ပြီး ခေါ် မယ်တဲ့၊ ၂ နှစ်ကျော်သွားရင်တော့ ဖြူလဲ ကိုယ့်ဘဝရှေ့ရေး အတွက် ကိုယ့်ဟာကိုယ် ရွေးချယ်တော့မယ်တဲ့၊ သူပြောတာ တရားမျှတပါတယ်၊ ကျွန်တော် သဘောတူပါတယ်၊ ကျွန်တော်လဲ ပြန်ပြောလိုက်ပါတယ်၊ အဲဒီအချိန်အတွင်းမှာ ဖြူလဲ ကိုယ်နဲ့အတူ ဒီမှာနေဘို့ ဆုံးဖြတ်လိုက်ရင် အချိန်မရွေးပြန်လာပါလို့၊

တယောက်နဲ့တယောက် သဘောတူညီမှုရသွားတဲ့ နောက်မှာတော့ ကျန်နေသေးတဲ့ တရက်တာ အချိန်လေးကို အခန်းထဲမှာဘဲ တယောက်နဲ့ တယောက် ဘယ်သူကအချစ်ပိုတယ်ဆိုတာ သက်သေပြရင်းနဲ့ဘဲ ကုန်ဆုံးစေလိုက်တော့တယ်။

မင်္ဂလာဒုံလေယာဉ်ကွင်း အပေါ် ထပ်ကနေပြီး ကောင်းကင်ပေါ် ထိုးတက်သွားတဲ့ လေယာဉ်ကြီးကို ကြည့်ရင်း ဒီတခါတော့ တကယ်ဝေးရပြီထင်ပါရဲ့ ဖြူရယ် လို့ ရင်ထဲက တိုးတိုးလေးပြောဖြစ်တယ်၊ ရင်ထဲမှာ တကယ်မကောင်း၊ ဘာတတ်နိုင်မှာလဲ ဖြူရယ်၊ တကယ်တော့ အချစ်ဆိုတာ ဘဝမှ မဟုတ်တာဘဲ၊ လေယာဉ်ကြီး တိမ်တိုက်ထဲတိုးဝင် ပျောက်ကွယ်သွားတဲ့ အထိ ကျွန်တော် ငေးကြည့်ရင်း တလှမ်းချင်း လေယာဉ်ထွက်ပေါက်ဆီကို လှမ်းခဲ့တယ်။ ဘယ်ကနေဘယ်လို အငှားကားပေါ် ရောက်ပြီး ဘယ်ကနေ ဘယ်လို ဟိုတယ်ပြန်ရောက်လာတယ်ဆိုတာ ကျွန်တော် မမှတ်မိလိုက်၊ ဟိုတယ်ရှေ့ ကားတုန့်ကနဲ ထိုးရပ်လိုက်မှ သတိပြန်ဝင်လာတယ်၊ ကားခထုတ်ပေးပြီး ဟိုတယ်မှာ အပ်ခဲ့တဲ့ ကျွန်တော့် အဝတ်အိပ်ကိုယူရင်း လက်စွဲတော် ဆိုင်ကယ်လေးနဲ့ အိမ်ကိုပြန်ခဲ့တယ်၊ အိမ်ရောက်ခါနီးမှ ပြန်လာရင် နင့်ဆီအရင်ဆုံးဝင်ခဲ့မယ် ဆိုတဲ့ မိချိုကို ပြောထားတဲ့ စကားကို သတိရပြီး ဆိုင်ကယ်ကို မိချိုအိမ်ဘက်ပြန်ကွေ့လိုက်တယ်။

"အယ် ကိုထူးပြန်လာပြီ" ဆိုရင်း ကျွန်တော့်ဘေးပြေးလာတယ်၊ လွယ်ထားတဲ့ အဝတ်အိတ်ကို ဆိုင်ကယ်ပေါ် အသာတင်ရင်း မိချိုနဲ့အတူ ထိုင်နေကျ ခုံလေးဆီ လှမ်းလာခဲ့တယ်၊
"ကိုထူး၊ ကိုထူးနေမကောင်းဘူးလား၊ မျက်နှာလဲ မကောင်းပါလား" တဲ့
"နေကောင်းပါတယ် မချိုရာ၊ စိတ်မကောင်းတာပါ"
"ဘာလဲ မဖြူကိုလား"
"အင်း၊ ကိုထူးနဲ့ ဖြူတော့ ဒီတခါ တကယ်ဝေးရပြီထင်တာဘဲ"
"ဘာဖြစ်လို့လဲ ကိုထူး"
"မိချိုထင်တဲ့ အတိုင်းပေါ့၊ သူက သူ့နဲ့ လိုက်နေဘို့ ကိုထူးကို ခေါ် တယ်၊ ကိုထူးကလဲ လိုက်ဘို့ဆိုတာ မဖြစ်နိုင်တဲ့ အကြောင်း၊ ဖြူဒီမှာ နေဘို့ အကြောင်း တယောက်နဲ့တယောက်အပြန်အလှန်ဆွေးနွေးကြတာပေါ့"

"အင်း ဒီတော့"
"ဒီတော့ နောက်ဆုံးသူက ကိုထူးကို ဟိုကနေ သူ ၂ နှစ်စောင့်မယ်တဲ့၊ အဲဒါ ကိုထူးစိတ်ပြောင်းပြီး သူနဲ့ အတူနေချင်ရင် သူ့ဆီ အချိန်မရွေး ဆက်သွယ်ပါတဲ့၊ သူပြန်လာပြီး ကိုထူးကို လက်ထပ်မယ်တဲ့၊ အဲလိုပြောသွားတယ်"
"ကိုထူးကရော ဘာမှပြန်မပြောလိုက်ဘူးလား"
"အင်း ပြောလိုက်ပါတယ်၊ အဲဒီ ၂ နှစ်အတွင်းမှာ ဖြူပြန်လာပြီး ကိုထူးနဲ့အတူ ဒီမှာနေဘို့ဆုံးဖြတ်လိုက်ရင် အချိန်မရွေးပြန်လာပါလို့ပေါ့"
"ကောင်းတာပေါ့ ကိုထူးရ၊ ကိုထူးစကားအတိုင်း သူ့ကို ကိုထူး ၂ နှစ်စောင့်ပေါ့၊ သူကိုထူးကို တကယ်ချစ်တယ်ဆိုရင် သူဒီပြန်လာပြီး ကိုထူးနဲ့ နေနိုင်ရမှာပေါ့"
"မထင်ပါဘူး မိချိုရာ၊ သူကတော့ ဒီမှာ ပြန်နေမှာ မဟုတ်ဘူးဆိုတာ ကိုထူးကို သေသေချာချာပြောသွားတာ"
"အင်းလေ၊ ဒါကတော့သူ့သဘောပေါ့၊ သူပြန်မလာလဲ စိတ်မပူပါနဲ့ကိုထူးရာ၊ ဒီမှာ မိချိုတယောက်လုံး ကိုထူးအနားမှာရှိပါတယ်"
ပြောပြန်ပြီ ဒီစကား၊ ကျွန်တော် အလန့်တကြားသူ့ကို ကြည့်မိတော့ မိချိုမျက်နှာလေးက ချောင်လို့၊ မျက်တွင်းတွေကလဲ ချိုင့်လို့
"ဟဲ့မိချို၊ နင်နေမကောင်းဘူးလား၊ ဘာဖြစ်လို့လဲ မျက်နှာကလဲ ချောင်လို့၊ မျက်တွင်းကလဲ ဟိုက်လို့"
ဆိုတော့
"ကိုထူးနဲ့ တပတ်ချည်းတောင် မတွေ့ရတော့ ကိုထူးကို လွမ်းလို့ပေါ့" တဲ့
"ဖြစ်မှဖြစ်ရလေ မိချိုရယ်၊ နင့်ကိုငါပြောသွားသားဘဲ၊ တပတ်ကြာမယ်ဆိုတာ"
"အင်းလေ၊ ပြောသွားတာတော့ ပြောသွားတာပေါ့၊ လွမ်းတာက လွမ်းတာဘဲ၊ ပြီးတော့ ကိုထူး မဖြူနောက်ပါသွားမှာ စိတ်ပူတာကလဲ ပါတာကိုး"
"နင့်ကို ငါပြောထားပြီးပြီဘဲ၊ နင့်ကိုငါပြောထားပြီးရင် ငါဘယ်နှစ်ခါ မလုပ်ဘဲ နေလို့လဲ"
"မိချိုသိပါတယ် ကိုထူးရာ၊ ဒါပေမဲ့ မဖြူက ကိုထူးရီးစားဆိုတော့ မိချိုက စိတ်ပူတာပေါ့လို့"
"နင်ကလဲ ဘာစိတ်ပူစရာရှိလဲ၊ ငါက နင့်ကိုပြောပြီးသားဘဲ၊ ငါမသွားပါဘူးဆိုတာ"
"အင်းပါ မိချိုသိပါတယ်၊ မသွားဘူးဆိုတာ၊ စိတ်က သူ့အလိုလိုပူတာ ဘယ်တတ်နိုင်မလဲ"
"သူ့အလိုလို မပူအောင် ကိုယ့်ဟာကိုယ်ထိမ်းပေါ့ဟ၊ နင်က လူကြီးဖြစ်နေပြီဘဲ"
"ကိုထူးဟာလေ တော်တော်ဒုံးဝေးတယ်၊ ခုလူကြီးဖြစ်လို့ပူတာ ကိုထူးရေ ပူတာ၊ ပြီးတော့ ငယ်ငယ်ကလို မမှားအောင် အမြဲသတိထားနေရတယ်"
"အံမာ နင်က ငယ်ငယ်က ဘာများ အမှားလုပ်မိလို့လဲ"
"ကိုထူးကို ရီးစား ထားခွင့်ပေးလိုက်တဲ့ အမှားလေ" သူ့ဟာသူပြောပြီး သူ့ဟာသူ ခေါင်းလေးပုပြီး လျှာလေးထုတ်လို့
"တယ် ဒီကောင်မလေး . . . ခု ကိုထူးပြန်လာပြီ၊ ဒီည အိပ်ရေးဝအောင်အိပ်၊ မနက်ဖြန် ကရဝိတ်မှာ ရေခဲမုန့် သွားစားမယ်"
"တကယ်နော် ကိုထူး"
"လာပြန်ပြီ ဒီတကယ်လားဆိုတာ"
မိချို ခေါင်းလေးပုပြီး လျှာလေးပြန်ထွက်လာတယ်။ အရင်က ဒီလိုပုံစံလေး မမြင်ဘူး၊ ဒါသူ့နောက်ဆုံးပေါ် အိုက်တင် ဖြစ်ပုံရတယ်။ ကြည့်လို့တော့ ကောင်းသား။
မချိုနဲ့ ရင်ဖွင့်လိုက်ရလို့လားမသိ၊ ရင်ထဲက ဝေဒနာက နဲနဲသက်သာသွားသလိုဘဲ၊ ရှင်းရှင်းတော့ မပျောက်။

အိမ်ရောက်တော့ အိပ်ယာပေါ် လဲသွားတယ်၊ ပျော်ခဲ့ရဲ့လား သား ဆိုပြီး အမေမေးတာတောင် ပြန်မဖြေနိုင်ဘဲ မောလာလို့ အမေရေ့ ခဏနားအုံးမယ်ဆိုပြီး အခန်းထဲ တန်းဝင်ခဲ့တယ်၊ အိပ်ယာပေါ် ပြစ်လှဲရင်း တောင်တွေးမြောက်တွေးနဲ့ လူက ခဏ မှေးကနဲဖြစ်သွားတယ်။
အိပ်ယာက ဖြတ်ကနဲ လန့်နိုးတော့ တခုစဉ်းစားမိသွားတယ်၊ လောကဇာတ်ဆရာက ဘယ်တုန်းကမှ ကိုယ်ဖြစ်ချင်တဲ့ ဇာတ်ညွှန်းနဲ့ မက၊ သူကချင်တဲ့ဇာတ်လမ်းနဲ့ကတာဘဲ၊ သူ့ဇာတ်လမ်းအတိုင်း ထိုင်ဆွေးနေလို့ကတော့ ဘယ်သူကမှ ရွှေစင်ရုပ်ထု ဆုချမှာမဟုတ်၊ ဒီတော့ သူ့ဇာတ်လမ်းအတိုင်း

ပျော်ပျော်ပါးပါး လိုက်ကလိုက်ရုံဘဲ ရှိတော့တယ်၊ ဆုမရမဲ့အတူတူ ပျော်ပျော်နေတာက သေခဲ အုံးမယ်။
ဖြူ့ကိုလွမ်းရင်တောင် ပျော်ပျော်လေးဘဲ လွမ်းတော့မယ်။ ဟုတ်တယ်၊ ဒါအကောင်းဆုံးဘဲ၊
ကိုယ့်အတွေးနဲ့ကိုယ်စဥ်းစားမိပြီး လူက ငေါက်ကနဲ အိပ်ယာပေါ် ထထိုင်လိုက်တယ်၊ ခေါင်းတချက် ဆတ်ကနဲ
ကိုယ့်ဟာကို ညိမ့်လိုက်ပြီး ကိုယ့်ဟာကိုယ် အတည်ပြုလိုက်တယ်။ ပြီးတော့ ရေချိုးခန်းထဲ ပြေးဝင်ပြီး
ရေအေးအေးနဲ့ အားရပါးရ ရေချိုးချလိုက်တယ်။ ပြန်ထွက်လာတော့ လူက လတ်လတ်ဆတ်ဆတ်၊
လန်းလန်းဆန်းဆန်း၊ စိတ်သစ်လူသစ်၊
မော်နဲ့မွန်ဆီ ဖုန်းဆက်အုံးမှ ဆိုပြီး ကောက်လှည့်လိုက်တယ်။ ဟိုဘက်က ဖုန်းကိုင်တော့
“ဟော့ မော်လား၊ မွန်ရော”
“ဟော့ မိဇော် ပြန်လာပြီလား၊ ဘယ်လိုလဲ ပျော်ခဲ့ရဲ့လား” လို့လှမ်းမေးရင်း မွန့်ကို ကျွန်တော့်ဆီက
ဖုန်းလာနေတယ်လို့ တဆက်တည်း အော်ပြောလိုက်သံ ကြားလိုက်တယ်။ ခဏလေးနေတော့
နောက်ဖုန်းတလုံးနဲ့ မွန်က
“ဟော့မိဇော်၊ ငါတို့က နင့်ဖုန်းကို စောင့်နေတာဟ၊ နင်ဒီနေ့ပြန်ရောက်မယ်ဆိုလို့၊ တော်ကြာ နင့်ဆီတောင်
ငါတို့ဆက်တော့မလို့၊ တော်တော်ပျော်ခဲ့ရဲ့လား”
“ပထမတော့ ပျော်တယ်၊ နောက်တော့ စိတ်ညစ်သွားတယ်၊ ပြီးတော့ ခုပြန်ပျော်သွားပြီ”
“အော နင့်ရီးစားနဲ့ လျှောက်လည်နေတော့ ပျော်တယ်၊ သူပြန်သွားတော့ စိတ်ညစ်သွားတယ်၊ ခု ငါတို့နဲ့
စကားပြောလိုက်တော့ ပြန်ပျော်သွားတယ်၊ ဒီလိုလား” အတွေးအခေါ်ရှင်မကြီး မော်ကတော့ ဟိုကနေ
တခါတည်း တန်းတွေးကြည့်လိုက်တော့တာဘဲ။
“ဟား ဟား ဟား ဟား၊ တော်တယ် မော် နင်တော်တယ်၊ ဒါပေမဲ့ နင်ထင်တာ တဝက်ဘဲမှန်တယ်။
“ဒါဆိုအပြည့်အစုံပြောပြလေဟာ” မွန်ကတောင်းဆိုတယ်။
“အာ ခုမပြောချင်သေးပါဘူး၊ ခုနင်တို့ဆီ ဖုန်းဆက်တာ ဒီကိစ္စ ဖုန်းဆက်တာ မဟုတ်ဘူး၊ ဒီကိစ္စက
နင်တို့ပြန်လာမှ အေးအေးဆေးဆေးပြောလို့ရတယ်”
“ဒါဆို ခုက ဘာကိစ္စဖုန်းဆက်တာလဲ” နှစ်ယောက်သားသံပြိုင်
“နင်တို့ကို လွမ်းနေတယ်ဆိုတဲ့အကြောင်းပြောမလို့”
“မိဇော် နင်ကလဲ မလွန်ဘူးလား၊ နင့်ရီးစားက ဒီနေ့ဘဲ ပြန်သွားတာလေ” နောက်တယောက်က
“နင့်ရီးစား အနားမှာ ရှိတုန်းက ငါတို့ကိုတော့ သတိမရဘဲနဲ့များ”
“နင်တို့ကလဲ အပြစ်တင်စောတာကိုး၊ ငါ့စကားကို နင်တို့ကနားမှမလည်ကြတာ၊ ငါပြောချင်တာက နင်တို့ကို
လွမ်းနေ . . တယ် ဆိုတဲ့အကြောင်းလေ၊ လွမ်းနေ . . တယ်ဆိုတာ ခုမှ ကောက်ခါငင်ခါ
ထလွမ်းတာမဟုတ်ဘူး၊ တပတ်လုံးလုံး နင်တို့ကို ငါလွမ်းနေ . . တယ် ဆိုတာပြောမလို့”
“မိဇော် နင်တော်တော်အပြောကောင်း” နောက်တယောက်က
“ဒါများတောင် ငါတို့ဆီ ဖုန်းလေး တချက်မဆက်ဘူး”
“အလုပ်တွေ ရှုတ်နေလို့ပါဟာ၊ ဒါနဲ့ နင်တို့ဘယ်တော့ပြန်လာမလဲ”
“ကျောင်းမဖွင့်ခင် တပတ်လောက်စောပြီးပြန်လာမယ်”
အဲဒီကစပြီး သူတို့နဲ့စကားတော်တော်ကြာကြာပြောဖြစ်တယ်၊ အင်း မပြောဖြစ်တာကလဲ
တပတ်လောက်ရှိပြီဆိုတော့ လေကြောကတော်ရုံမပြတ်။
လူကလဲ ခုမှ နေသာထိုင်သာရှိသွားတယ်။

“မိချို၊ ငါမနေ့က နင့်ကို ကျက်ခိုင်းထားတာတွေ ရပြီလား”
“ကျက်တုန်းကတော့ ရတာဘဲ ကိုထူး၊ ဒါပေမဲ့ ပြန်ပြန်မေ့သွားတယ်”
“အဲဒါ နင်အလွတ်ကျက်လို့ပြန်မေ့သွားတာပေါ့၊ စာဆိုတာ အလွတ်မကျက်ရဘူး၊ ပထမ စာကို
နားလည်အောင်ဖတ်၊ ပြီးရင် အဓိပ္ပါယ်ကို စဥ်းစား၊ နောက် ဘာပြီးရင် ဘာဆိုတာ ကိုယ့်ဟာကို
အဆင့်ဆင့်မှတ်၊ ပြီးတော့ ကိုယ့်စကားနဲ့ကိုယ်ပြန်ရေးလိုက်ပေါ့ဟ၊ အမြဲတမ်း
အလွတ်ကျက်နေလို့ဘယ်ဖြစ်မလဲ”
“အင်းပါ ကိုထူးရယ်၊ မိချိုနားလည်ပါတယ်၊ ဒါပေမဲ့ အလွတ်ကျက်လိုက်တော့ မြန်မြန်ပြီးသွားတာပေါ့”
“အေး မြန်မြန်ပြီးသွားတော့ မြန်မြန်မေ့သွားတာပေါ့၊ ကဲကြည့် အခု မနေ့က ကျက်တယ် ဒီနေ့မေ့သွားပြီ”

ကျွန်တော်ပြောလိုက်တော့ မိချို ခေါင်းကလေးပုပြီး လျှာကလေးထွက်လာတယ်။ အင်း မိချိုလဲ ဒီရောဂါဝင်နေတာ အတော်ကြာပြီဘဲ၊

ကျွန်တော် ခု မိချိုကို ဂိုက်လုပ်နေရတယ်၊ မိချိုက ၁၀ တန်းရောက်ပြီလေ၊ ကျွန်တော်ကလဲ တတိယနှစ် တက်နေပြီ၊ မော်နဲ့ မွန်နဲ့ကတော့ ထုံးစံအတိုင်း အရင်ကလိုဘဲ တတွဲတွဲ၊ သူတို့နဲ့က ကြာလေကြာလေ ပိုရင်းနှီးလာတယ်၊ သူတို့နဲ့ ကျွန်တော်က ကိုယ့်ဟာကိုယ်တောင် ဘယ်အဆင့် ဘယ်လိုအခြေအနေဆိုတာ ပြောဘို့ခပ်ခက်ခက်၊ အရင်က ရီးစားလဲ မကျ၊ သူငယ်ချင်းလဲ မက အဖြစ်ကနေ ခုနောက်ပိုင်း ကြာတော့ ရီးစားလဲ မက လင်မယားစ် လဲမကျ ဖြစ်လာသလိုဘဲ၊ တခါကတော့ ဒီအကြောင်းပြောဖြစ်တယ်၊

သူတို့ပြောတာကတော့ ငါတို့က နင့်ကို ချစ်နေရရင်ကြေနပ်နေတာဘဲတဲ့၊ နင်လဲ ငါတို့ကို ချစ်တယ်ဆိုတာ ငါတို့သိတယ်တဲ့၊ ဒါပေမဲ့ နင်နဲ့ ငါတို့နဲ့က တသက်လုံး ဒီလိုအတူနေသွားဘို့ဆိုတာကတော့ မဖြစ်နိုင်တဲ့ကိစ္စဘဲတဲ့၊ ဒီလိုမနေဘဲ နင်ငါတို့ ၂ ယောက်ထဲက တယောက်ယောက်နဲ့ လက်ထပ်ဘို့ဆိုတာကလဲ မဖြစ်နိုင်တဲ့ ကိစ္စဘဲတဲ့၊ ငါတို့နှစ်ယောက်က နင်နဲ့မတွေ့ခင်ထဲက ချစ်ခဲ့တဲ့ သူတွေတဲ့၊ နင့်ကို တယောက်က လက်ထပ်လိုက်ရင် နောက်တယောက်က အရှုံးခံစားရမှာတဲ့၊ ဒါကြောင့် ငါတို့နှစ်ယောက်က ခု နင့်ကို ချစ်ခွင့်ရတဲ့အချိန်အတွင်းမှာ အပြည့်အဝ ချစ်သွားမယ်၊ အချိန်တန်လို့ ကိုယ့်လမ်း ကိုယ်သွားရတဲ့ အချိန်မှာ ငါတို့ နှစ်ယောက်အတူတူ နင့်ကိုလွှမ်းတော့မယ်၊ အဲဒါမှ ငါတို့နှစ်ယောက်အတွက် တရားမျှတမယ်လို့ ငါတို့ထင်တယ်လေ၊
ဟင် ဒါဆို ငါ့ဘက်ကတော့ နင်တို့ မစဉ်းစားတော့ဘူးလား ဆိုတော့၊ စဉ်းစားတာပေါ့ မိဇော်ရယ်၊ ခု နင်က ငါတို့ကို သာယာမှုနဲ့ ချစ်တာပါ၊ နင့်ရင်ထဲမှာ တကယ်ရှိတာက ငါတို့ မဟုတ်ပါဘူး၊ နင့်ကို ငါတို့ အပြစ်ပြောတာမဟုတ်ပါဘူး၊ နင်ငါတို့ကို ဘယ်လို ချစ်ချစ်ပါ၊ တချိန်ကျ နင့်အချစ် ပေါက်ဖွားလာတဲ့ အခါနင် ငါတို့ မရှိဘဲ နေတတ်လာမှာပါ၊ အဲဒီအခါကျမှ ငါတို့ကသာ နင့်ကို လွမ်းရင်း ကျန်ခဲ့မှာပါ၊ ဒါပေမဲ့ နင်ငါတို့ကို ကတိတခုတော့ ပေးပါဟာ၊ ငါတို့နဲ့ ကျောင်းပြီးတဲ့ အထိ အတူတူ နေပေးပါ့မယ်ဆိုတာလေ။
အဲလိုတော့ မပြောပါနဲ့ မော်နဲ့မွန်ရာ၊ ငါနင်တို့ကို ချစ်ပါတယ်၊ တကယ်ချစ်ပါတယ်ဟာ၊ ငါနင်တို့နဲ့အတူ နေခွင့်ရသမျှ အချိန်ထိ အတူနေသွားမှာပါဟာ
သိပါတယ် မိဇော်ရယ် သိပါတယ်၊ နင်ငါတို့ကို ချစ်တယ်ဆိုတာ
အဲဒီတုန်းက ပွင့်ပွင့်လင်းလင်း သုံးယောက်သား ရင်ဖွင့်မိပြီး တယောက်နဲ့ တယောက်ဖက်ထားတာ အကြာကြီး၊ သူတို့ပြောတဲ့ အဲဒီကျွန်တော့်အချစ်ပေါက်ဖွားလာတဲ့ အချိန်ဆိုတာကြီးက ဘယ်တော့လာမှာလဲမသိ၊

တနေ့ သူ့အိမ်က စာကြည့်ခန်းထဲ မိချိုကို စာပြပေးနေတုန်း မိချိုက
“ကိုထူး . . လမ်းထဲက ကျော်မိုးအောင် ဆိုတာ သိလား”
ရင်ထဲထိတ်ကနဲ ဖြစ်သွားတယ်၊ သိလိုက်ပြီ၊ တခုခုတော့ တခုခုဘဲဆိုတာ၊ ဘယ်တုန်းကမှ မိချို တစိမ်း ယောက်ကျားလေး အကြောင်းမပြောခဲ့၊ မိချိုက ခလေးမဟုတ်တော့တာမှန်းတော့သိတယ်၊ ဒါပေမဲ့ . .
“ဘယ်လမ်းထဲကလဲ” မနဲ့ အသံကို ပုံမှန်ဖြစ်အောင် ကြိုးစားလိုက်ရတယ်။
“မိချိုတို့ လမ်းထဲကလေ”
“ဟင်အင်း မသိဘူး၊ ဘာဖြစ်လို့လဲ”
“သူ မိချိုကို စာပေးတာ ၃ စောင်ရှိသွားပြီ” မိချိုကတိုးတိုးလေးပြောပြီး ခေါင်းငုံ့ထားတယ်၊
“အဲဒါ နင်ငါ့ကို အခုမှ ပြောတယ်ဟုတ်လား၊ နင်ငယ်ငယ်က ငါ့ကို ပြောထားတာ နင်မေ့သွားပြီလာ၊ ဘာဖြစ်ဖြစ် ငါ့ကို အသိပေးမယ်ဆို” ကျွန်တော် ရင်ထဲ ထူပူသွားတယ်၊ တခါမှ ဒီလိုမဖြစ်ဘူး၊ ဘာဖြစ်လို့ ဒီလိုဖြစ်သွားတာလဲ ကိုယ့်ဟာကိုယ်တောင် မစဉ်းစားအား၊ မိချိုက ဘာမှပြန်မပြော၊ ဒီတော့ ပါးစပ်က
“နင် နင် မိချို ဒါ ငါ့ကို အခုမှ ပြောရသလား” လို့ဘဲ ပြန်ပြောမိတယ်။ ရင်ထဲမှာ ဘလောင်ဆူနေတယ်၊ မိချိုတို့ ဘယ်အဆင့်ထိရောက်သွားပြီလဲ။
“ပြောစမ်း မိချို၊ အဲဒီ စာပေးတော့ ဘာဖြစ်လဲ” ကျွန်တော့် စိတ်ကပြာလောင်ခတ်နေတယ်၊
ကဘောက်ထိကဘောက်ချာ၊
“ကိုထူး ကိုထူး၊ ဘာဖြစ်နေတာလဲ”

မိချိုကလှမ်းမေးတယ်၊ အမယ် သူကဘဲ မေးရတယ်ရှိသေး၊
"ငါက ဘာဖြစ်ရမှာလဲ"
"ဘာဖြစ်ရမှာလဲ၊ ကိုထူးဘာတွေလျှောက်ပြောနေတာလဲ"
"ဘာပြောရမှာလဲ နင့်ကိုဟိုကောင် စာပေးတယ်ဆို"
"အေးလေ ပေးတာ ဘာဖြစ်လဲ"
သူပြောမှ ကျွန်တော် ကိုယ့်ကိုကိုယ်သတိထားမိသွားတယ်၊ ငါဘာဖြစ်သွားတာပါလိမ့်၊
ငါဘာတွေလျှောက်ပြောလိုက်ပါလိမ့်၊ ထူပူသွားတာ သေချာတောင်မမှတ်မိ၊
"အေးပါ အေးပါ၊ ငါ့ကို သေချာပြန်ပြောပါအုံး" လွှတ်ရှားနေတဲ့ စိတ်ကို ငြိမ်အောင်ထိမ်းရင်း
ပြန်မေးလိုက်တယ်။
"ကိုထူးကလဲ အောင်ကျော်မိုး မိချိုကို စာပေးတယ်လေ၊ ဒါဘဲ၊ ပြီးပြီ"
"နေပါအုံး၊ နေပါအုံး၊ စာပေးတယ်၊ ဒါဘဲ၊ ဟုတ်လား၊ ဘယ်မှာလဲ အဲဒီစာ"
"မရှိတော့ဘူး၊ ဆုတ်လိုက်ပြီ"
"စာထဲမှာ ဘာတွေရေးထားလဲ"
"သိဘူး၊ ဖတ်ကြည့်ဘူး"
"ဘယ်လိုပေးတာလဲ"
"အတန်းထဲက မိချိုသူငယ်ချင်းက တဆင့်ပေးတာ၊ နောက်ဆုံးတစောင်က ကျောင်းကားစောင့်နေရင်း
လွယ်အိပ်ထဲ လာထည့်သွားတာ"
"နင်က နင့်သူငယ်ချင်းကို မယူဘူးလို့ မပြောဘူးလား"
"ပြောတယ်၊ ဒါကြောင့် နောက်ဆုံးတစောင်က သူကိုယ်တိုင် လွယ်အိပ်ထဲ လာထည့်သွားတာနေမှာ"
"ငါ့ကို ဘာလို့ ပထမအစောင် ပေးကတဲက မပြောလဲ"
"သိဘူးလေ၊ အရေးမကြီးဘူး ထင်လို့"
ကျွန်တော် နှုတ်ဆိတ်သွားတယ်၊ မေးခွန်းလဲ ကုန်သွားတယ်၊ ခုမှ အခြေအနေမှန်သိသွားတယ်၊
"အဲဒါ နောက်ခါ သူလာထပ်ပေးရင် ဘယ်လိုလုပ်ရမလဲ" မိချိုကပြန်မေးတယ်။
အဲဒါမှ ဂွဘဲ၊ ဘယ်လိုပြောရပါ့။
"ငါလဲ မသိဘူး၊ ပြောလိုက်ပေါ့ဟာ၊ ငါဒါတွေ မစဉ်းစားသေးဘူး၊ နောက်ခါ လာမပေးနဲ့လို့"
"အင်း၊ ဒါနဲ့ စောစောက ကိုထူး ဘာဖြစ်သွားတာလဲ ကဘောက်ထိကဘောက်ချာနဲ့"
"ဟီး ငါက နင်ရီးစားရနေပြီထင်လို့ စိတ်ပူသွားတာ"
"အံမာ ဘာရီးစားရနေပြီလဲ၊ ကိုထူးတယောက်လုံး မိချိုအနားမှာ ရှိတာ ဘာရီးစားထားစရာလိုလဲ၊
မဟုတ်ဘူးလား"
"အင်း ဟုတ်တယ်၊ ရီးစားမထားနဲ့၊ စားချင်ရင် ဇီးပြားစား ရော့"
ဆိုရင်း သူ့စားလက်စ ဇီးပြားထုတ်ကို ကောက်ယူလှမ်းပေးလိုက်တယ်။
မိချိုခုနောက်ပိုင်း ဒီလိုစကားမျိုး ခဏခဏပြောတတ်တယ်၊ မိချိုစကားက ဘာလိုလို၊ နောက်နေ့မှ မော်နဲ့ မွန်ကို
ဒီအကြောင်း တိုင်ပင်ရမယ်၊

နောက်စနေနေ့သူတို့အိမ်ကိုသွားတော့ ဒီအကြောင်းသူတို့ကို ပြောပြဖြစ်တယ်။
"နင်တို့ကို ငါပြောပြစရာရှိတယ်"
"ပြောဘဲပြောပါဟာ၊ ပြစရာတော့မလိုပါဘူး၊ ငါတို့ဟာငါတို့ကြည့်မယ်"
"ခစ် ခစ် ခစ် ခစ်"
"နင်တို့ကလဲ ငါတကယ်ပြောစရာရှိတာ"
ပြောရင်း သုံးယောက်သား ဆိုဖာပေါ် ဝင်ထိုင်လိုက်တယ်၊ ထုံးစံအတိုင်း ဘယ်တယောက် ညာတယောက်၊
ကျွန်တော်က သူတို့ ၂ ယောက်ကို ဖက်လို့။
"ကဲ ပြော"
"ဟိုနေ့က ငါမိချိုကို စာသင်ရင်း မိချိုကပြောတယ်၊ သူ့ကို လမ်းထဲက အကောင်တကောင် စာပေးတယ်တဲ့"
"အင်း အဲဒါ ဘာဖြစ်လဲ"

“ဘာဖြစ်လို့လဲ မသိဘူး၊ ကြားကြားချင်း ငါတော်တော် ထူပူသွားတယ်၊ လူက ကဘောက်ထိကဘောက်ချာ ဖြစ်သွားတယ်”
“အင်း”
“ငါ အရင်က အဲလို တခါမှ မဖြစ်ဘူးဘူး၊ နောက်ပြီး ငါ့စိတ်ထဲမှာ မိချိုရီးစားရသွားမှာ စိုးရိမ်သွားသလိုဘဲ”
“အင်း”
“ပြီးတော့ ငါမိချိုကို နှမြောသွားသလိုဘဲ၊ ဒီလိုလေ ငါဆိုလိုတာက သူရီးစားရသွားပြီ ထင်ပြီး ငါ့စိတ်ထဲမှာ နှမြောသွားတာကိုပြောတာ”
“အင်း”
“နောက်တော့ သူက အဲဒီကောင်ကို အရေးမလုပ်မှန်း သိတော့မှ ငါစိတ်တော်တော်အေးသွားတာ၊ သူကပြောသေးတယ် ငါတယောက်လုံး သူ့အနားမှာ ရှိနေတာဘဲတဲ့၊ သူရီးစားထားဘို့ မလိုဘူးတဲ့”
“အင်း”
“ဟာ နင်တို့ကလဲ ငါပြောတာ တအင်းအင်းနဲ့ ဘာဖြစ်နေတာလဲ”
“အင်း”
“ဟာ လုပ်ပြန်ပြီ”
“ခစ် ခစ် ခစ် ခစ်”
ပြီးတော့ မော်က ဟန်နဲ့ပန်နဲ့
“အင်း အခြေအနေကို ငါသုံးသတ်ရသလောက်က နင်တို့ နှစ်ယောက်က တယောက်ကိုတယောက် မသိစိတ်ထဲက တော်တော် ခင်တွယ်နေပုံရတယ်၊ အဲ သိစိတ်က နင်တို့ နှစ်ယောက်ကို မဖြစ်သင့်ဘူးလို့ တားထားတယ်၊ အဓိက ကနင်ဘဲ မိဇော်၊ နင့်စိတ်က နင့်ကို တားထားတာ၊ ငါသိသလောက် အဲ ငါမြင်သလောက်ဟောရရင် အဲ ပြောရရင် မိချိုက နင့်လောက် မထိန်းထားဘူး၊ နင့်ကို မျှော်နေတာ၊ ငါ့စိတ်ထဲ မြင်နေတာကတော့ နင်တို့ နှစ်ယောက် တချိန်ချိန်ကျရင်တော့ ပေါက်ကွဲမှာဘဲ၊ အဲ ဘယ်လိုပုံ ဘယ်လိုနည်းနဲ့ ပေါက်ကွဲမယ်သာ ငါမသိတာ”
“မော် နင်ဆရာဝန် မလုပ်ဘဲ ဗေဒင်ဟောစားပါလား”
“ဟဲ့ ငါက လူတကာကို ဟောတာမဟုတ်ဘူး၊ ငါ့မျက်စိထဲမှာ မြင်နေတဲ့ ငါ့ပတ်ဝန်းကျင်က သူတွေကို ငါ့ဟာငါ စိတ်ကူးနဲ့ ဘာဖြစ်နိုင်လဲဆိုတာ စဉ်းစားကြည့်တာ၊ သဘာဝကျကျလေးပေါ့ဟာ၊ ငါထင်တာ မှန်ချင်လဲ မှန်မယ်၊ မှားချင်လဲ မှားမယ်ပေါ့” အမယ် ခုတော့ မော်က အတည်ပေါက်ကြီးနဲ့ ပြောနေလေရဲ့
“ဒါပေမဲ့ မိချိုနဲ့ ငါနဲ့ ဦးလေးနဲ့ တူမတော်တယ်လေဟာ”
“မိဇော်ရယ် ဒါက နင့်စိတ်ကို တားထားတဲ့ အချက်ထဲမှာ ပါတဲ့ အချက်တခုဘဲ၊ နင်တို့ နှစ်ယောက်က ငယ်ငယ်ကတည်းက အတူနေလာကြတာဆိုတော့ နင့်စိတ်ထဲမှာ မောင်နှမလိုလို၊ ဘာလိုလိုနဲ့ ပြီးတော့ ဆွေမျိုးကလဲ နဲနဲစပ်တယ်ဆိုတော့ ဘယ်လိုပြောမလဲ၊ နင့်စိတ်ထဲမှာ နင့်ကိုနင် မဖြစ်သင့်ဘူးလို့ ထင်နေတာလဲ ပါမှာပေါ့၊ တကယ်တမ်းစဉ်းစားကြည့်ရင် နင်တို့ နှစ်ယောက်က ဘာမှ မတော်ဘူး လို့တောင်ပြောလို့ရတယ်၊ နင့် အမ ဝမ်းကွဲက မွေးတဲ့ သမီး ဆိုတော့ သွေးချင်းစပ်ကြည့်စမ်း၊ တချို့သူတွေ မောင်နှမ ဝမ်းကွဲချင်းတောင် ရီးစားဖြစ် ယူကြသေးတာဘဲ၊ နင်က သူတို့ထက်စာရင် သွေးက နှစ်ဆလောက် ပိုဝေးသွားသေးတာဘဲ”
အင်း မော်ပြောတော့လဲ ဟုတ်တုပ်တုပ်၊ ဒါပေမဲ့ ကျွန်တော် မိချိုကို ခုချိန်ထိ ၁၅၀၀ အချစ်နဲ့ ချစ်ဘို့ မစဉ်းစားခဲ့ တာက အမှန်၊ ကျွန်တော့် ကိုယ်ကျွန်တော်သိတယ်၊ ကျွန်တော် မိချိုကို ချစ်တော့ ချစ်တယ်၊ ကျွန်တော့် မျက်စိရှေ့မှာဘဲ မိချိုကို ကျွန်တော် မြင်ချင်တယ်၊ မိချို လိုရာ ဖြည့်စီးပေးနေရတာကို ကျွန်တော်ပျော်တယ်၊ ဒါပေမဲ့ မိချိုကို ကျွန်တော် သူတို့လို ကုတင်ပေါ် ဆွဲတင်ဘို့ ဆိုတာကတော့ ခုထိ စိတ်တောင်မကူးခဲ့ဘူး၊ ဒါကြောင့်
“နင်ပြောတာလဲ ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ ငါ့စိတ်ထဲမှာ သူ့ကို ခုထိ တကယ့်မောင်နှမလိုပါဘဲ၊ နင်တို့လို ဆန်းဆန်းပြားပြား ချစ်ဘို့ ငါတခါမှ စိတ်မကူးခဲ့ပါဘူး၊ ငါတကယ်ပြောတာပါ”
“ငါသိပါတယ် မိဇော်ရယ်၊ အချစ်ဆိုတာ ဆန်းကျယ်ပါတယ်၊ ဘယ်သူမှလဲ အချစ်ဆိုတာ အတိအကျ မသိပါဘူး၊ အချစ်ဟာ သူ့ဟာသူ ပုံစံအမျိုးမျိုးနဲ့ လာတာဘဲ၊ ငါတို့လဲ နင့်ကို ဒီလို ချစ်လာလိမ့်မယ်လို့ အစကထင်မှ မထင်ထားတာဘဲ၊ သူ့ဟာသူ တဖြေးဖြေးနဲ့ အချစ်ဆိုတာ ဖြစ်လာတာဘဲ”
“အင်းပါ မော်ရယ် နင်ပြောတာ မှန်ပါတယ်၊ အချိန်ကျ သူ့အလိုလို ဖြစ်လာမှာပါ” မွန်ကတော့ ကျွန်တော်တို့

ပြောသမျှ ငြိမ်ငြိမ်လေး နားထောင်နေတယ်၊ မော်ကဆက်ပြီး
"အင်း သေချာတာကတော့ အချစ်ဆို ဖြစ်လာရင် တဏှာစိတ်ကတော့ ပါလာတာဘဲ"
"ဒါဆို မိချိုကိစ္စ အသာထားပြီး ဒီစိတ်ကိစ္စ အရင်ရှင်းရမယ်၊ ဒီနေ့ ငါ နင်တို့ နှစ်ယောက်ကို တယောက်စီ ဝမ်းဘိုင်ဝမ်း ရှင်းမယ်၊ သဘောတူလား"
"နင့်သဘောမိဇော်၊ ဘယ်သူနဲ့ အရင်လဲ"
"နင်နဲ့အရင် ပြီးတော့ မွန်အလှည့်" ပြောပြောဆိုဆို ကျွန်တော် မော့်ကို ဆွဲပြီး အခန်းထဲ ခေါ် သွားတယ်၊ မော်က မွန့်ကို လှည့်ကြည့်ရင်း ပြောသွားတယ်၊
"ငါတော့ သေပြီထင်တယ် မွန်" ဆိုတော့ မွန်က
"အလှည့်ကျ မနွဲ့စတမ်းလေ" တဲ့ ပြုံးရင်း ပြန်ပြောတယ်။
တော်တော်လေးကြာတော့ စောင်လေးခြုံရင်း မော် ယိုင်နဲ့နဲ့ နဲ့ထွက်လာတယ်၊ မျက်နှာလေးကတော့ ပြုံးလို့၊ ပြီးတော့ အခန်းထဲက အသံ
"မွန်ရေ"
"လာပြီ၊ လာပြီ" မွန်အော်ရင်း အခန်းထဲ ပြေးဝင်သွားတယ်။
အော် အချစ်ဆိုတာ ဖြစ်လာရင် ဒါတွေက မပါမဖြစ်၊

"နင့်ကိုကြည့်ရတာ ငါအားမရပါဘူး မိချိုရယ်၊ စာကို သေချာကြိုးစားစမ်းပါ၊ နင်ဆရာဝန် မဖြစ်ချင်ဘူးလား"
"ဟင်အင်း၊ ငါဆရာဝန်မလုပ်ချင်ပါဘူး၊ ငါက ဖေကြီးလို ပန်းပင်လေးတွေ စိုက်တာဘဲ ဝါသနာပါတာ"
"နင့်အိမ်က နင့်ကို အမှတ်ကောင်းကောင်းနဲ့ အောင်ပြီး ငါ့လိုဆရာဝန်ဖြစ်စေချင်လို့ သင်ခိုင်းနေတာလေ၊ တော်ကြာ နင်က ရိုးရိုးလေးဘဲ အောင်ရင် ငါ့သင်တာ ညံ့လို့ ဖြစ်နေပါအုံးမယ်ဟာ"
"အံမယ် ငါက နင့်ကို အဲလောက် သိက္ခာချပါ့မလား၊ ဒါပေမဲ့ နင့်လိုတော့ ဂုဏ်ထူးတွေ အများကြီးနဲ့ အောင်အောင်တော့ မကြိုးစားချင်ပါဘူး၊ ပင်ပန်းတယ်၊ ငါက ဆရာဝန်မှ မလုပ်ချင်တာ၊ နင်ဆရာဝန်ဖြစ်ပြီဘဲ၊ ငါလုပ်နေစရာ မလိုပါဘူး၊ ဒါပေမဲ့ နင်သိက္ခာ မကျအောင်တော့ ငါပိုင်တဲ့ ဘာသာ လောက်လောက်တော့ ပါအောင်လုပ်လိုက်ပါ့မယ်လေ"
"အဲလို မလုပ်ပါနဲ့ မိချိုရာ၊ အပြတ်ကြိုးစားစမ်းပါ၊ နောက်မှ နင့်ဟာနင် ဆရာဝန် မလုပ်ချင်ရင် ကြိုက်တာလုပ်ဟာ"
"ဟာကွာ ကိုထူးကလဲ၊ မိချိုမှ စာမကျက်ချင်တဲ့ဟာကို၊ အတင်းမကျက်ခိုင်းပါနဲ့နော် နော်၊ ဘာလဲ ကိုထူးက မိချို ပင်ပင်ပန်းပန်း စာကျက်ရတာ ကြည့်ရက်တယ်လား"
"မဟုတ်ပါဘူး မိချိုရာ၊ ဖြစ်နိုင်ရင် ငါက ဒီစာမေးပွဲကို နင့်အစားတောင် ဝင်ဖြေပေးလိုက်ချင်တာ၊ ခုဟာက ဒီ အချိန် နဲနဲလေး နင်အပင်ပန်းခံလိုက်ရင် နင် ဒီတွေ တတန်းကြီးနဲ့ အောင်ပြီး နင်ကြိုက်တဲ့လိုင်း နင်တက်လို့ရတာပေါ့"
"အဲဒါတော့ မိချိုလဲ သိတာပေါ့၊ ကိုထူးကလဲ စဉ်းစားကြည့်စမ်းပါ၊ မိချိုက ဆရာဝန်လိုင်းမတက်ဘူးလို့ အစကတဲက ဆုံးဖြတ်ထားတာ၊ မိချိုတက်ချင်တဲ့ လိုင်းက အမှတ်ကောင်းစရာလဲ မလိုဘူး၊ ဒီတော့ ဘာလုပ်ဘို့ အပင်ပန်းခံမှာလဲ၊ မဟုတ်ဘူးလား၊ ခုတောင် ကိုထူးက သင်ပေးနေလို့ ၂ ဘာသာလောက်တော့ ဒီထွက်အောင် လုပ်ပေးမလို့ ဟွန်း"
အမလေးလေး မိချိုအပြောနဲ့ သူ့ကိုဘဲ ကျေးဇူးပြန်တင်ရမလိုလို။
"၂ ဘာသာတည်းတော့ မလုပ်ပါနဲ့ မိချိုရာ၊ အနည်းဆုံး ၃ ဘာသာလောက် ပါအောင် လုပ်ပါဟာ"
ကျွန်တော် ဈေးနဲနဲ ထပ်တိုးတောင်းလိုက်တယ်။ သူက နဲနဲ အင်တင်တင်၊
"ဟာ ကိုထူးကလဲ ၂ ဘာသာဆိုတော်ရောပေါ့၊ နို့မို့ဆို အောင်ရုံလောက်ဘဲ ဖြေလိုက်မယ်နော်"
"မလုပ်ပါနဲ့ မိချိုရယ်၊ နင်ငါ့ကို ချစ်တယ်ဆိုရင် အနဲဆုံး ၃ ဘာသာလောက်ပါအောင် လုပ်ပါဟာ"
လွှတ်ကနဲ ကျွန်တော့်ပါးစပ်က ထွက်သွားတယ်၊ သတိရတော့ ပါးစပ်ကပြောပြီးနေပြီ၊ ကျွန်တော်ဆိုလိုတဲ့ ချစ်တယ်ဆိုတာက သူထင်တဲ့ ချစ်တယ်ဆိုတာနဲ့ တူမှတူပါ့မလား မသိ၊ ဘယ်လိုရှင်းရပါ့။
မိချိုလဲ ကြားကြားချင်းတချက်ကျွန်တော့်ကို လှမ်းကြည့်တယ်၊ ပြီးတော့
"အင်း၊ ဒါဆို . . . ကိုထူးသဘောကျ မိချိုကြိုးစားကြည့်မယ်နော်၊ ဒါပေမဲ့ ကိုထူး မိချိုကို ကတိတခုပေး၊ မိချိုဟာ မိချို ဂုဏ်ထူး ဘယ်နှစ်ခုထွက်ထွက် မိချိုကို ဆရာဝန်လိုင်း မတက်ခိုင်းရဘူးနော်၊ ခုလိုမျိုး ငါ့ကို

ချစ်ရင် ဆရာဝန်လိုင်း တက်ပါ ဘာညာနဲ့ လာမပြောရဘူးနော်၊ ကတိပေးမလား”
မိချိုက ကျွန်တော့်ကို လက်ညိုးလေး ထိုးပြီး ချစ်စဖွယ် ကတိတောင်းတယ်၊
“ပေးတယ် ပေးတယ် နင်အခု အပြတ်သာကြိုးစားလိုက်၊ ပြီးရင် နင့်ဘာသာနင်ဘယ်လိုင်းတက်တက်၊
နင့်ဘက်က ငါထောက်ခံပေးမယ်”
“ဟင်းနော် . . ဒါဘဲ ပြောထားမယ်၊ ခုဟာက မိချို ကိုယ့်ဟာကို ကြိုးစားချင်လို့ ကြိုးစားတာ မဟုတ်ဘူးနော်၊
ကိုထူးကို ချစ်လို့၊ သက်သေပြတာ၊ ဒီတကြိမ်ဘဲနော်၊ နောက်ဆို ကိုထူးကို ချစ်ရင် ဟိုဟာလေးလုပ်လိုက်ပါ၊
ဒီဟာလေးလုပ်လိုက်ပါ လို့ထပ်မပြောနဲ့တော့”
“အေးပါ အေးပါ ဒီတခါတည်းပါ”
“ကိုထူးနော် လူလည်မကျနဲ့၊ မိချိုကိုကျတော့ ကိုထူးကို ချစ်ရင် ကြိုးစားခိုင်းပြီးတော့ ကိုထူးကျတော့ မိချိုကို
မချစ်ဘူးလား”
“ဟ ချစ်တာပေါ့၊ ချစ်လို့ နင့်ကို ထူးထူးချွန်ချွန်ဖြစ်စေချင်တာပေါ့”
“တော်ပါ၊ ဟွန်း မသိရင် ခက်မယ်”
အဲဒီကစပြီး သူနဲ့ကျွန်တော် လူကြီးဖြစ်မှ ချစ်စကားပြောဖြစ်တယ်၊ ကျွန်တော်တို့ပြောဖြစ်တဲ့ ချစ်တယ်ဆိုတာ
ဘယ်လိုအချစ်လဲဆိုတာ ကျွန်တော်တို့နှစ်ယောက် သေချာမှ သိရဲ့လားမသိ။

ဘာဘဲပြောပြော မိချိုကတော့ သူ့အချစ်ကို သက်သေပြသွားတယ်၊ အောင်စာရင်းထွက်တော့ ၃ ဘာသာ
ဂုဏ်ထူး၊ ဆရာဝန်အမှတ်ကို မမှီနိုင်ပေမဲ့ သူ့မိဘတွေ ဝမ်းသာထိုက်တဲ့ အခြေအနေ၊ စာသင်ပေးတဲ့
ကျွန်တော်လဲ မျက်နှာပန်းပွင့်တဲ့ အခြေအနေမျိုး၊ သူတို့အောင်စာရင်းထွက်တော့ ကျွန်တော်က တတိယနှစ်
ပြီးခါနီး၊ အောင်စာရင်းထွက်ပြီးတော့ မိချိုကို ဂုဏ်ပြုတဲ့ အနေနဲ့မြို့ထဲမှာ လျှောက်လည်ကြသေးတယ်၊ မော်နဲ့
မွန်တို့လဲပါတယ်၊ အဲဒီနေ့က ရုပ်ရှင်လဲကြည့်ဖြစ်တယ်၊ သူတို့ ၃ ယောက်လဲ ပျော်၊ ကျွန်တော်လဲပျော်၊
အားလုံးပျော်ကြတဲ့ နေ့တနေ့၊ နောက်ဆုံး ပြန်ခါနီး လူလစ်တော့ မိချိုက ကျွန်တော့်ကို တိုးတိုးလေး
ကပ်ပြောလိုက်တယ်
“ကိုထူး ကို မိချိုချစ်တယ်ဆိုတာ ယုံပြီလား” တဲ့
ကျွန်တော်က ပြုံးပြီး
“တဘာသာမှ မထွက်လဲ မိချို ကိုထူးကို ချစ်တယ်ဆိုတာ ကိုထူးသိပါတယ်” လို့ပြန်ပြောလိုက်တယ်
“သွား”
“ဒီမှာ” ပြုံးနေတဲ့ ကျွန်တော့် ပါးစပ်ကို လက်ညိုးထိုးပြီးပေါ် နေတဲ့သွားကိုပြလိုက်တယ်။

မိချိုသူဝါသနာပါတဲ့ ဘော့တနီကိုစတက်တော့ ကျွန်တော်က ဖိုင်နယ်ပတ်ဝမ်း၊ တခါတခါ အချိန်တူလို့
ကျောင်းသွားရင် အတူ၊ မိချိုကို သူ့ကျောင်းမှာ အရင်ဝင်ချ၊ နောက်ကျွန်တော့် ကျောင်းဆက်သွား၊ တခါတခါ
အချိန်မတူရင် မိချိုကို သူ့အဖေကြီးက သူ့အိမ်က ကားနဲ့ လိုက်ပို့တယ်။ ပြီးတော့ သူ့အဖေက သူ့ဆိုင်ကို
သွားတယ်။ အပြန်လဲ ဒီလိုဘဲ ကျွန်တော် နဲ့ အချိန်ကိုက်ရင် ကျွန်တော် ဝင်ကြိုတယ်၊ မကိုက်ရင်
သူ့အဖေကြိုတယ်၊ အားလုံးအေးအေးဆေးဆေးပါဘဲ၊ မော်နဲ့မွန်တို့နဲ့လဲ ဒီလိုဘဲ၊ ဘာမှ မပြောင်း။
ပြောင်းလဲတာဆိုလို့ မိချိုနဲ့ ကျွန်တော် ပိုရင်းနှီးလာတာဘဲရှိတယ်၊ အဲ ဒီလိုလေ မိချိုနဲ့ ကျွန်တော်က
အစကတဲက ရင်းနှီးပြီးသားလေ၊ ပိုရင်းနှီးလာတယ်ဆိုတာက ပိုနီးစပ်လာတာကိုပြောတာ၊ လမ်းသွားလမ်းလာဆို
ကျွန်တော့် လက်မောင်းကို ကိုင်ထားတာတို့၊ ဆိုင်ကယ်စီးရင် ကျွန်တော့်ကို ခါးကို ဖက်ထားတာတို့၊
ကျွန်တော်ကလဲ သူ့ကို လက်ချင်းတွဲတာတို့၊ ပုခုံးလေးဖက်ထားတာတို့ အဲလိုမျိုးလေးတွေပေါ့၊ အခြေအနေနဲ့
အချိန်အခါအရပေါ့၊ အဲဒါတွေအားလုံး တဖြေးဖြေးနဲ့ သူ့အလိုလို ဖြစ်လာတာတွေ၊ ခုဆို သူနဲ့ ကျွန်တော်က
ချစ်သူတွေလား၊ ဘာလား ဆိုတာ ကျွန်တော်တောင် သဲသဲကွဲကွဲ မသိတော့။

ဒီလိုဘဲ တနေ့ပြီးတနေ့ ကုန်ဆုံးလာလိုက်တာ မိချိုလဲ တတိယနှစ်ရောက်ပြီ၊ ကျွန်တော်တောင် ဖိုင်နယ် ပတ်တူး
ဖြေတော့မယ်၊ တနေ့ မိချိုကိုကျောင်းသွားကြိုရင်း မိချိုက ဘူသီးကြော်သွားစားရအောင်ဆိုတော့ အင်းလေ
သွားပေါ့ ဆိုရင်း နှစ်ယောက်သား အင်းလျားကန်စောင်းကို လာခဲ့တယ်။ ခါတိုင်းလဲ ဒီလို စားနေကြပါ၊
လူရှင်းတဲ့ ခုံမှာဝင်ထိုင်ရင်း ဘူးသီးကြော်မှာလိုက်တယ်။

"ကိုထူး"
"ဘာလဲ မိချို"
"ကျောင်းက လူတွေကတော့ ကိုထူးနဲ့ မိချိုကို စုံတွဲလို့ သတ်မှတ်ထားတယ်ဆိုတာ ကိုထူးသိလား"
"အင်း၊ သိသားဘဲ၊ အဲလိုသတ်မှတ်ထားလို့လဲ မိချိုခုလို ရန်သူမျိုးငါးပါးက လွတ်ကင်းနေတာပေါ့"
"ဘာ ရန်သူမျိုးငါးပါးလဲ"
"အော် ရီးစားစကားလိုက်ပြောမဲ့သူ၊ စာလိုက်ပေးမဲ့သူ၊ အနောက်က တကောက်ကောက်လိုက်မဲ့သူ . . . . "
"တော်ပါ ကိုထူးရယ်၊ မိချိုပြောချင်တာ အဲဒါ မဟုတ်ပါဘူး" မိချိုက စကားဖြတ်ပြောတယ်
"ဒါဆိုဘာပြောချင်တာလဲ"
"အော် ကိုထူးက မိချိုကို တကယ်ချစ်ရဲ့လားလို့"
"ချစ်တာပေါ့ မိချိုရယ်"
"ကိုထူးက ချစ်တယ်လဲ ဆိုသေးတယ် ခုထိမိချိုကို ဆက်ဆံတာ ကိုယ့်ညီမလေး တယောက်လိုဘဲ"
"ဟုတ်တယ်လေ မိချိုရယ်၊ ကိုထူးက မိချိုကို ညီမလေး ဘဝထဲက ညီမလေးလို စချစ်ခဲ့တာ မဟုတ်လား"
"ခု မိချိုတို့က ခလေးမှ မဟုတ်တော့တာ ကိုထူးကလဲ"
"အင်းလေ ဒါကြောင့် ကိုထူးက မိချိုကို လူကြီးတယောက်လိုချစ်တာပေါ့" ဆိုရင်း စားပွဲပေါ် ကဘူးသီးကြော်ကို လှမ်းယူပြီး မိချိုကို
"ကဲ ပါးစပ်ဟ" လို့ဆိုရင်း မိချိုပါးစပ်နားတေ့ပေးလိုက်တယ်။
"သွား အဲဒါ ခလေးလို ချစ်တာ" လို့ မိချိုက ဆိုရင်း ပါးစပ်ဟပေးတယ်။
ဒါဆို မိချိုပြောချင်တဲ့ လူကြီးလို ချစ်တယ်ဆိုတာက . . . .
"အဲတော့ အိမ်သော့ခတ်ထားပါလား၊ မေကြီး မရှိဘူးလားမသိဘူး"
မိချိုကပြောရင်း လွယ်အိပ်ထဲက သော့ကို ထုတ်လိုက်တယ်။ နှစ်ယောက်သား သော့ဖွင့်ဝင်လာရင်း
"မေကြီးဘယ်သွားလဲ မသိဘူး၊ နေအုံးကိုထူး ဖေကြီးဆိုင်ကို ဖုံးဆက်မေးလိုက်အုံးမယ်"
ဆိုရင်း ဖုံးဆီကို လျှောက်သွားတယ်။
"ဖေကြီး၊ မေကြီးရော" ဆိုပြီး လှမ်းမေးသံ သဲ့သဲ့ကြာလိုက်တဲ့နောက် ကျွန်တော်လဲ ဆိုဖာပေါ် ခြေပြစ်လက်ပြစ် ထိုင်ချလိုက်တယ်။ နာရီကြည့်လိုက်တော့ ၃ နာရီခွဲ၊ အင်း စောသေးတယ်။
"ကိုထူး မေကြီး ဒဂုံစင်တာသွားတယ်တဲ့ ညနေမှ ဖေကြီးနဲ့ အတူပြန်လာမယ်တဲ့၊ ကိုထူး အအေးသောက်မလား၊ ဘာသောက်မလဲ"
"မသောက်ချင်ပါဘူး မိချိုရယ်"
"အင်း အင်း ကိုထူး ခဏနော် မိချို အိမ်သာဝင်အုံးမယ်" ဆိုရင်း မိချို အိမ်နောက်ပြေးဝင်သွားတယ်။
ကျွန်တော်လဲ ဆိုဖာပေါ် ခြေပြစ်လက်ပြစ် ထိုင်ရင်း စောစောက မိချိုနဲ့ပြောခဲ့တာတွေ စဉ်းစားနေတယ်။
ခဏလေးကြာတော့
"ကိုထူးရေ ကိုထူး လာပါအုံး" အိမ်ထဲက မိချိုလှမ်းခေါ် သံကြားရတော့ အတွေးစပျောက်ပြီး လူက ငေါက်ကနဲ ထရပ်မိတယ်၊ တဆက်တည် ပါးစပ်က
"ဘာလဲဟ" လို့ လှမ်းမေးရင်း အိမ်နောက်လှမ်းဝင်လိုက်တယ်။
မိချိုက အိမ်သာခန်းရှေ့မှာ သူ့ဘောင်းဘီ ဇစ် ကိုကိုင်လို့
"လုပ်ပါအုံး ကိုထူး၊ ဒီမှာ ဘောင်းဘီဇစ် ဖြုတ်မရလို့၊ အီး အီး ထွက်တော့မယ် အီး အီး" ခုန်ဆွ ခုန်ဆွ
"ဟဲ့ ဟဲ့ ငါဘာလုပ်ပေးရမလဲ"
"ကူဖြုတ်ပေးစမ်းပါ ကိုထူး၊ ဒီမှာ ရှူရှူပေါက်ချင်နေပြီး၊ မအောင့်နိုင်တော့ဘူး၊ ဟိုး ဘူးသီးကျော် ဆိုင်ကတဲက ပေါက်ချင်နေတာ" ဆိုပြီး ခုန်ဆွ ခုန်ဆွ
ဟုတ်တယ် ဒါမျိုးက ဖြစ်တတ်တယ်၊ သွားစရာ အိမ်သာမတွေ့ရင် အောင့်ထားရတာ ဟုတ်တုတ်တုတ်၊ အဲ အိမ်သာလဲ တွေ့ရော လူက မအောင့်နိုင်တော့၊ ခင်ဗျားတို့ရော ကြုံဘူးမှာပေါ့၊ သွားချင်နေတဲ့အချိန်မှာ အိမ်သာလဲတွေ့ရော ကမန်းကတန်းပြေးအသွား အိမ်သာထဲ လူရှိလို့ တံခါးပိတ်ထားတဲ့ အခြေအနေ။
ကမန်းကတန်း သူ့ဘောင်းဘီ အပေါ် စကိုကိုင်ရင်း ဇစ်ကို ဆွဲချပေးလိုက်တယ်၊ ဇစ်က ဘယ်လိုမှ မကျ၊ ၄ – ၅ ခါ အားစိုက်ပြီး ဆွဲချကြည့်တယ်၊ မကျ၊ ပေါ် နေတဲ့ ဘိုက်သားဝင်းဝင်းလေးပေါ် ကဂျီးတစက်မှ မရှိတဲ့ လုလုပပ ချက်ကလေးရယ်၊ အပေါ် ကြယ်သီးဖြုတ်ထားလို့ မြင်နေရတဲ့ အောက်ခံ ဘောင်းဘီ နီနီ လေးရယ်

ကိုတောင်မှ စိတ်က မသာယာအား၊ သူအခြေအနေ ကိုကြည့်ပြီး လူက ဇစ်ကိုဘဲ အတင်း ဆွဲချနေမိတယ်၊
"မရဘူးဟ၊ တခုခုနဲ့ ညှပ်နေပြီထင်တယ်" ဆိုရင်း ဘောင်ဘီကို အတင်းဆွဲပြီး ဇစ်အနောက်ဘက်ကို လှမ်းကြည့်လိုက်တယ်၊ ခုမှ အဖြေတွေ့သွားတယ်၊ ကိုယ်တော်မြတ်က ဘောင်းဘီစနဲ့ ညှပ်နေတာကိုး၊ အဲဒါတင်မဟုတ် အတင်းဆွဲပြီး အတွင်းကို လှမ်းကြည့်တော့ အဲဒီ အတွင်းခံ ဘောင်ဘီ နီနီလေး ဝိုက်ဆင်းသွားတဲ့ ပေါင်သားအရင်း ဖွေးဖွေးလေးတွေ၊ အစနီနီလေးဖုံးထားတဲ့ မို့မို့ဖေါင်းဖေါင်းလေးတွေ ပါ မျက်စိထဲ အလုအရက် စုပြုံခုန်တက်လာတယ်။
မိချိုကလဲ တအီးအီးနဲ့ ထွက်ကျခါနီး ခုန်ဆွ၊ ခုန်ဆွ၊ ကျွန်တော်ကလဲ ရင်တဒိန်းဒိန်းနဲ့ တုန်တုန်ရင်ရင်၊ နောက်ဆုံး သူ့ရှေ့ဒူးထောက်ထိုင်ရင်း ညှပ်နေတဲ့ဘက်က အစကို အပေါ် တင်းတင်းဆွဲလို့ ဇစ်ကို အဲဒီဘက် အားပြုပြီး တအားဆွဲချလိုက်တယ်၊ အဲဒီတော့မှ ကိုယ်တော်မြတ်က ရွှတ်ကနဲ သဘောကောင်းစွာ အဆုံးထိ ပြေးဆင်းသွားတယ်၊ ဟ သွားတဲ့ ဘောင်းဘီကြားထဲက စောစောက မမြင်လိုက်ဘဲ ပုန်းတဲ့အရာတွေက မျက်စိထဲ ထပ်ပြေးဝင်လာပြန်တယ်၊
"ဟော ရပြီ" လဲ ဆိုရော မိချိုက ကမန်းကတန်း အိမ်သာထဲ ပြေးဝင်သွားတယ်၊ ကျွန်တော်က ရင်တဒုန်းဒုန်းနဲ့ အိမ်ရှေ့ဘက် ပြန်လျှောက်လာတယ်၊ ကျွန်တော်လဲ ခုမှ ဆီးသွားချင်လာသလိုလို။
တော်တော်လေးကြာတော့ မိချိုက ရေပုလင်းနဲ့ ဖန်ခွက်လေးကိုင်ပြီး ပြန်လာတယ်၊ စားပွဲပေါ် ရေပုလင်းနဲ့ ဖန်ခွက်အသာချပြီး ကျွန်တော့်နားဝင်ထိုင်တယ်။
"တော်သေးတာပေါ့၊ ကိုထူးရှိလို့၊ မိချိုတယောက်ထဲဆို ဘောင်းဘီထဲ ပေါက်ချရမဲ့ကိန်းဘဲ" သူပြောတာကျွန်တော့်ခေါင်းထဲ မရောက်လိုက်၊ အနားထိုင်ချလာတဲ့ မိချိုကို လှမ်းဖက်ရင်း သူ့ပါးမို့မို့လေးကို လှမ်းနမ်းလိုက်တယ်၊ ပြီတော့ တဆက်တည်း
"လူကြီးလို ချစ်တယ်ဆိုတာ အဲလိုလား" လို့မေးလိုက်တယ်၊
"အိုး ကိုထူး" မိချိုအသံဆက်မထွက်တော့၊ ကျွန်တော့်နှုတ်ခမ်းက သူ့ပါးစပ်ကို ပိတ်လိုက်တယ်။
အဲဒီနေ့က မိချိုကို အားရပါးရ နမ်းဖြစ်တယ်။ ခရီးဆုံးတော့ မရောက်၊ ရောက်ဘို့လဲ ကျွန်တော်မကြိုးစားလိုက်၊ မချိုကို ကျွန်တော် အရမ်းချစ်တယ်ဆိုတာ အဲဒီနေ့က ကျွန်တော်ကောင်းကောင်းသဘောပေါက်သွားတယ်၊ အဲဒီအနမ်းလေးတင်က ဘာနဲ့မှ လဲလို့မရ။

"မွန်ရေ နင့်ကိုငါတိုင်ပင်စရာရှိလို့" မော်ကပြောလိုက်သည်။
"ဘာများလဲ မော်ရ၊ နင်တိုင်ပင်မယ်ဆို ငါက မျက်ခုံးခပ်လှုတ်လှုတ်"
"မဟုတ်ပါဘူးမွန်ရယ်၊ ငါစဉ်းစားမိတာ ပြောမလို့ပါ"
"အေးပါ အေးပါ ပြောပါ၊ နင်နဲ့ငါနဲ့ကြားမှာ ဘာမှအတားအဆီးမှမရှိတာ"
"ငါသိပါတယ် မွန်ရယ်၊ ဒီလိုလေ နောက်နှစ်ဆို ငါတို့ ဟောစ်ဆာဂျင်ဆင်းရတော့မယ်လေ၊ ဒါပြီးရင် မိဇော်နဲ့ တို့နဲ့က ဝေးရတော့မှာ မဟုတ်လား၊ နောက်လဲ ထပ်တွေ့ချင်မှတွေ့တော့မယ်လေ၊ ဒါကြောင့် ငါဒီလိုစဉ်းစားမိတယ်"
"ဘာများလဲ မော်ရယ်"
မော်က တုန့်ဆိုင်းဆိုင်းပြောသည်။
"ငါပြောလဲ ပြောချင်တယ်၊ ပြောလဲမပြောချင်ဘူးမွန်ရယ်"
"လုပ်ပြီ မော်ကလဲ"
"ကဲ ဒီလို မွန်၊ သူနဲ့ မခွဲခင် ငါတို့ နှစ်ယောက်ထဲက တယောက် သူ့ရင်သွေးလေး သယ်သွားရင်ကောင်းမလားလို့"
"ဘယ်လို ဘယ်လို မော်"
"မွန်ကလဲ ငါတို့ တယောက်ယောက် သူနဲ့ မခွဲခင် သူနဲ့ ကိုယ်ဝန်ယူသွားမယ်ဟာ၊ ပြီးတော့ ငါတို့ဟာ ငါတို့ မွေးမယ်၊ သူ့ကို မပေးသိဘူးဟာ၊ သူနဲ့ ပတ်သက်ပြီး ငါတို့ အလွမ်းပြေပေါ့"
"ဘုရား ဘုရား မော်ရယ် ကြံကြီးစည်ရာ၊ အဖေမပေါ် ဘဲမွေးရမယ်လို့"
"ငါသိပါတယ် မွန်၊ ငါလဲ ဒါဘဲ စဉ်းစားနေတာ၊ နောက်ဆုံး အခြေအနေက တခုဘဲရှိတယ်"
"ဘာအခြေအနေလဲ"
"ကိုယ်ဝန်ကို နင်ဆောင်မှဖြစ်မယ်၊ ဘာလို့လဲ ဆိုတော့ နင့်မှာက နင့်မိဘ တွေလဲ မရှိတော့ဘူး၊ နင့်ဖိုးဖိုးကလဲ

နင့်ကို သိပ်အပြစ်ပြောမှာ မဟုတ်ဘူး၊ ပြောရမှာက နင့်ရီးစားက နင့်ကိုစော်ကားပြီး ပြစ်သွားတယ်ပေါ့၊ စိတ်နာတယ်ဆိုပြီး အဖေနာမည်လဲ မဖေါ် ဘူးဟာ၊ ပြီးရင် အဲဒီခလေးမွေးမွေးချင်း ငါက အမွေစားအမွေခံ မွေးစားမယ်ဟာ၊ နင်က မွေးမိခင်၊ ငါကမွေးစားအမေ၊ ပြီးတော့ ငါ့မှာ ငါ့အဖွား မသေခင်က ပေးထားတဲ့ အမွေတွေ အများကြီးရှိတာဘဲ၊ ငါတို့ ၂ ယောက် အတူတူ ဒီခလေးကို ကြီးပြင်လာအောင် ထိန်းတာပေါ့၊ ခလေးကိုတော့ အဖေသေသွားပြီလို့ဘဲ အသိပေးမယ်လေ၊ မိဇော် ကိုယ်ပွားလေးပေါ့ဟာ၊ နို့မို့ဆို ငါတို့ တသက်လုံး မိဇော်ကို လွမ်းနေတော့မှာ၊ သူ့ကိုယ်ပွားလေးရှိတော့ နဲနဲ ဖြေသာတာပေါ့ဟာ၊ နင်ဘယ်လိုသဘောရလဲ”
မွန်က အတန်ကြာငြိမ်သွားတယ်၊ ပြီးတော့
“ငါစဉ်းစားအုံးမယ် မော်ရယ်၊ အချိန်ရှိပါသေးတယ်”
“အေးဟာ ငါလဲ စဉ်းစားအုံးမယ် မွန်ရယ်၊ ခုဟာက နင့်ကို ငါတိုင်ပင်တာပါ”
နှစ်ယောက်သား ခုံပေါ် မှာ ငူငူကြီးထိုင်နေမိကြသည်။ အဲဒီ နှစ်ယောက်က စဉ်းစားလိုက်ရင် ထူးထူးဆန်းဆန်း။

“ကဲ အမေကြီး နင့်သမီးကို နင်ဘာမှ မပြောတော့ဘူးလား”
“ဘာကိုလဲ အဖေကြီး”
“ဘာကို ရမလဲ၊ ဟိုကောင် မောင်ထူးနဲ့ သမီးပေါ့၊ ငါ့မျက်စိထဲ မှာ သူတို့ ၂ ယောက်ကို သိပ်မသင်္ကာတော့ဘူး”
“အဖေကြီးရယ် သူတို့က ငယ်ငယ်ထဲက အတူတူနေလာတာလေ၊ မောင်နှမတွေဘဲဟာ”
“အဲဒီ မောင်နှမတွေ ဖြစ်လို့ ငါကပြောနေရတာ၊ တော်ကြာ ဆွေမျိုးချင်း မဖြစ်သင့်တာ ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ”
“ဖြစ်သွားလဲ ဘာဖြစ်လဲ၊ ပိုတောင်ကောင်းသေးတယ်၊ မောင်ထူးက ငြင်းစရာမရှိပါဘူး၊ မျက်စိရှေ့တင် ကြီးလာတာဘဲ”
“ဩ နင်ကပါ သမီးကို မောင်ထူးနဲ့ သဘောတူနေတယ်ပေါ့”
“အဖေကြီးဘဲ စဉ်းစားကြည့်ပါအုံး၊ တခြားတစိမ်းယောက်ကျား တယောက်ယောက်နဲ့ သမီး အိမ်ထောင်ကျတာနဲ့စာရင် မောင်ထူးနဲ့က ကိုယ့်နဲ့ ဆွေမျိုးသားချင်း၊ အတွင်းသိ ဆိုတော့ ပိုမကောင်းဘူးလား”
ဦးဇော် ငြိမ်သွားသည်။ ချောစု ပြောတာက ခိုင်လုံသည်။
ဒါပေမဲ့ သမီးက သမီး၊ လူ့သဘာဝက လူ့သဘာဝ၊ အဲဒီအကြောင်း ခေါင်းထဲရောက်ရင် ဦးဇော် အိပ်မပျော်တော့၊ သမီးကို ဘယ်ယောက်ကျားနဲ့မှမပေးစားချင်၊ စိတ်ထဲ သမီးကို ခုထိ ခလေးထင်နေတုန်း၊ ကိုယ့်ဘက်ကငြင်းနိုင်တဲ့ ခိုင်လုံတဲ့ အကြောင်းပြချက်ကလဲ ရှာမရ။
ဒါနဲ့ ဒိုင်ယာဇီပင် တပြား ထသောက်ပြီး အိပ်ယာပေါ် လှဲချလိုက်သည်။ ခဏနေတော့ သူ့ဘေးက ချောစုလိုဘဲ တရှူးရှူး နဲ့ အိပ်ပျော်သွားသည်။

အဲဒီညက တညလုံး အိပ်မပျော်ဘဲ အိပ်ယာပေါ် တလူးလူး တလိမ့်လိမ့်နဲ့ ဖြစ်နေတာက မိချို။

နောက်နေ့ ကျောင်းသွားဘို့ မိချိုကို သွားကြိုတော့ မိချိုမျက်နှာက မလန်း၊ ဒါပေမဲ့ ပြုံးလို့
“မိချို နေမကောင်းဘူးလား”
“ကောင်းပါတယ်ကိုထူးရယ်၊ မနေ့ညက တညလုံး အိပ်မပျော်လို့”
“ဘာလို့လဲ ဂျပိုး ကိုက်လို့လား” လို့ ခပ်ရွှတ်ရွှတ် ပြုံးပြီးမေးလိုက်တော့ မိချိုက ဆိုင်ကယ်ပေါ် တက်ခွရင်း
“အဲဒီ ဂျပိုး ကိုက်လို့ပေါ့၊ တညလုံး သူများ အိပ်မရဘူး သိလား” လက်က ကျွန်တော့်ဘိုက်ခေါက်ကို ဆွဲညှစ်ရင်းပြောလိုက်တယ်။
ကျွန်တော်တဟားဟားနဲ့သဘောကျသွားတယ်၊ ဆိုက်ကယ်ကို မောင်းထွက်ရင်း
“အဲဒီဂျပိုးက ဒီနေ့ ကျောင်းဆင်းရင် ထပ်ကိုက်မလို့တဲ့ မိချိုရေ့၊ ဘယ်လိုလုပ်မလဲ” လို့လှမ်းမေးလိုက်တယ်။
“ဘယ်လိုလုပ်ရမလဲ၊ ကိုက် ကိုက်၊ ဒီကလဲ အကိုက်မခံဘဲ မနေနိုင်တော့ဘူးတော်ရေ့” တဲ့ နား နားကပ်ပြီးပြောရင်း လက်က ဘိုက်ခေါက်ကို ဆွဲဆုတ်လိုက်တယ်။ မိချိုလေသံက ကျွန်တော့်ကောင်လေးတောင်

ဘောင်းဘီအောက်က တင်းကနဲဖြစ်သွားတယ်။ မော်ပြောတဲ့ နင်တို့ နှစ်ယောက်က တချိန်ချိန်ကျ ပေါက်ကွဲမယ် ဆိုတဲ့ အချိန်ကျလာပြီထင်တယ်။
မိချိုကို ကျောင်းမှာ ချရင်း
"ဒီနေ့ ၂ နာရီ ဆင်းမှာ မဟုတ်လား"
"အင်း ကိုထူးရော"
"၂ နာရီခွဲ၊ ခဏစောင့်လေ၊ ဆင်းဆင်းချင်းပြေးလာခဲ့မယ်"
"ဖြေးဖြေးလဲမောင်းလာအုံး" မိချိုက စိတ်ပူစွာမှာတယ်၊
"အင်း . . .နင်လဲ ရှုရှုပေါက်ထားအုံး" ပြုံးပြီး မိချိုကို စလိုက်တယ်။
"သွား" လို့ဆိုရင်း ကျွန်တော့် ပုခုံးကို တွန်းထုတ်တော့ ကျွန်တော်လဲ တဟားဟားရယ်ရင်း ဆိုင်ကယ်ကို မောင်းထွက်လာခဲ့တယ်။

ကျောင်းရောက်တော့ ရပ်နေကျနေရာမှာ မော်တို့ကားလေးကိုတွေ့တယ်၊ မချောတို့ ကားပေါ် ကမဆင်းသေး ကျွန်တော့်ကို စောင့်နေပုံရတယ်။ သူတို့ကားဘေး ဆိုင်ကယ်ကို ထိုးရပ်ပြီး ကမန်းကတန်း သူတို့ကားနောက်ခန်းထဲ ဝင်ထိုင်လိုက်တယ်။ မော်က
"ဟဲ့ အတန်းထဲ သွားတော့မယ်လေ" ဆိုတော့
"ခဏ နေပါအုံး၊ သတင်းထူးပါလာလို့"
"ဘာများလဲဟ" မွန်က မေးတယ်
"ငါ နဲ့ မိချို မနေ့က သူ့အိမ်မှာ အရမ်း ကစ်(စ) ဖြစ်သွားတယ်"
"ဘာ"
"ဘယ်လို"
သူတို့ နှစ်ယောက် ဆီက အံ့သြသံ ကိုယ်စီထွက်လာတယ်၊
"ဟုတ်တယ်၊ မမျှော်လင့်ဘဲ ဖြစ်သွားတာ" ဆိုပြီး မနေ့က ဖြစ်ပုံ ပြောပြလိုက်တယ်။
"အင်း နင်တို့အဖြစ်ကလဲဟယ်" ဆိုပြီး မွန့်စကားက တပိုင်းတစနဲ့ ရပ်သွားတယ်။
"ဒါဆို ငါထင်တဲ့ အတိုင်းမှန်နေပြီပေါ့" မော်က ဆိုတယ်၊
"အေးဟ မော် နင်တော်တယ်၊ ဒါနဲ့ နင်တို့ ငါ့ကို စိတ်မခုပါဘူးနော်" ကျွန်တော် သူတို့ကိုမေးလိုက်တယ်။
"မိဇော် ဒါကိုငါတို့က အစကတဲကတွက်ထားပြီးသား၊ စိတ်တော့ မခုပါဘူး၊ နဲနဲတော့ ဝမ်းနဲသွားတာပေါ့၊ မဟုတ်ဘူးလား မွန်" မော်က ပြောရင်း မွန့်ကိုပါ စစ်ကူလှမ်းတောင်းလိုက်တယ်။
"အင်း နမြောသလိုလို ဝမ်းနဲသွားတာပေါ့ မိဇော်၊ ငါတို့ကိုတော့ နင် မပြစ်သွားပါဘူးနော်"
"မပြစ်ပါဘူး၊ နင်တို့ကလဲ ငါ နင်တို့ ၂ ယောက်လုံးကို ချစ်တာလဲ နင်တို့သိသားနဲ့၊ ခု မိချိုကို ချစ်တာနဲ့ နင်တို့ ၂ ယောက်ကို ချစ်တာ တူမှမတူတာ၊ မိချိုကို ချစ်တာနဲ့ နင်တို့ကို ချစ်တဲ့ အချစ်က လျှော့မသွားပါဘူးဟာ၊ အစကတည်းက နင်တို့ ၂ ယောက်ကို ငါက ချစ်ပြီးသားဘဲဟာ"
"အေးပါ အေးပါ ယုံပါတယ် ကိုရွှေမန်းရယ်၊ လာ အတန်းတက်တော့မယ်၊ သွားစို့" မော်ကပြောပြောဆိုဆို ကားထဲကထွက်လိုက်တယ်။ ကျွန်တော်တို့ ၂ ယောက်လဲ လိုက်ထွက်ရင်း
"အဲဒါတွေကြောင့် ငါက နင်တို့ကို ချစ်ရတာပေါ့"
"တော်ပါ မိဇော်ရယ် နင်က အချစ်ကို များတယ်၊ ဟိုတယောက်ကို ဟိုလိုချစ်ရတာနဲ့ ဒီတယောက်ကို ဒီလို ချစ်ရတာနဲ့၊ ဖြူဖြူနဲ့ နင်ကွဲသွားတာဘဲ ခပ်ကောင်းကောင်း၊ နို့မို့ဆို နင် ဟိုပြေး ဒီပြေးနဲ့ အသက်တိုမယ်" မော်က မဲ့ရွဲ့ပြီးပြောတယ်၊ ကျွန်တော်က တဟားဟား ရယ်နေလိုက်တယ်၊ ဘာမှ ပြန်မပြောလိုက်၊ စိတ်ထဲကတော့ ဖြူဖြူသာ အစကတဲက ဒီမှာ ရှိနေရင် သူတို့နဲ့ တောင် ဖြစ်မှာမဟုတ် လို့ ဆင်ခြေတက်မိလိုက်သေးတယ်။ ဟုတ် မဟုတ် တော့မသေချာ။

ကျောင်းဆင်းဆင်းချင်း ဆိုင်ကယ်ကို မိချိုရှိရာဘက် ဦးတည်လိုက်တယ်၊ စောင့်နေကျ နေရာလေးမှာ မိချိုကိုတွေ့ရတယ်၊ ဆိုင်ကယ်သံကြားလို့ မိချိုကလဲ လှည့်ကြည့်တာနဲ့ဆုံတယ်။ ကျွန်တော် ဆိုင်ကယ်ကို ဒေါက်ထောက်ပြီး သူ့နားဝင်ထိုင်လိုက်တယ်။
"စောင့်နေတာ ကြာပြီလား"

"အင်းပေါ့၊ ၂ နာရီကတဲက ပြီးတာ"
နာရီလှမ်းကြည့်လိုက်တော့ ၂ နာရီ ၄၅၊
"ပြီးပြီးချင်း ကိုထူးလဲ ထွက်လာခဲ့တာဘဲ၊ ခု ဘာစားပြီးပြီလဲ"
"ဟင်အင်း ကိုထူးကို စောင့်နေတာ"
"ဒါဆို တခုခု သွားစားရအောင်၊ ဘယ်မှာ စားမလဲ"
"ကင်တင်းမှာဘဲ ထမင်းကြော် သွားစားရအောင် မကောင်းဘူးလား"
နှစ်ယောက်သား ကင်တင်းကို လျှောက်လာခဲ့တယ်၊ လမ်းမှာ
"စားပြီးဘယ်သွားရင်ကောင်းမလဲ"
"သိဘူးလေ၊ ဒီနေ့ အိမ်မှာ မေကြီး ရှိမယ်ထင်တယ်"
"ဒုက္ခ၊ ဒါဆိုဘယ်လိုလုပ်ကြမလဲ"
"သိဘူးလေ၊ အဲဒါ ကိုထူးအလုပ်" မိချိုက ပြုံးစစပြောရင်း ကျွန်တော့် လက်မောင်းကို လှမ်းကိုင်လိုက်တယ်။
ကျွန်တော့် ခေါင်းထဲ တော်တော်အလုပ်ရှုတ်သွားတယ်၊ မိချိုကို ဘယ်ခေါ် သွားရင်ကောင်းမလဲ၊
တော်ရုံအဖြေကမထွက်၊ ကင်တင်းမှာ ထိုင်ပြီး ထမင်းကြော်သာ စားနေရတယ်၊ အရသာက ဘယ်နေမှန်းမသိ၊
ဦးနှောက်က မချိုကို ဘယ်ခေါ် သွားရင်ကောင်းမလဲဆိုတာဘဲ စိတ်ရောက်နေတယ်။ နောက်ဆုံး မထူး
"မချို၊ ငါတို့အိမ်ကို သွားမယ်ဟာ၊ နေ့လည်ဆို မေမေက တရေးအိပ်တာ၊ ငါက အိမ်ထဲအရင်ဝင်ပြီး
အခြေအနေကြည့်မယ်၊ နင်က အိမ်ဘေးမှာ ခဏစောင့်နေ၊ ငါ အချက်ပြတာနဲ့ နင် အပေါ် ထပ်ငါ့အခန်းထဲ
ပြေးတက်သွား၊ မကောင်းဘူးလား၊ မေမေက နင်သိတဲ့အတိုင်း တော်ရုံ အပေါ် မတက်ဘူးဟ"
"ဟင် ပြန်တော့ရော"
"ပြန်လဲ ဒီအတိုင်းပေါ့၊ ငါအရင်အအောက်ဆင်းပြီး မေမေ့ အခြေအနေကြည့်မယ်၊ ပြီးတော့ မေမေ့ကို
မီးဖိုချောင်ထဲ ခေါ် ထားလိုက်မယ်၊ နင်က ဆင်းပြီး အိမ်ဘေးမှာ စောင့်နေ၊ ပြီးတော့ ငါနင့်ကို လိုက်ပို့မယ်ဟာ"
"ဟီ ဟိ ရင်တုန်စရာကြီး၊ မတော်တဆ နင့်အမေတွေ့သွားရင်ရော"
"တွေ့သွားရင် ခပ်တည်တည်နဲ့ လာလည်တယ် ပြောလိုက်ပေါ့ဟာ"
"ဟိ ဟိ" မိချိုက ဘာစိတ်ကူးပေါက်သည်မသိ၊ ဟိ ဟိ နဲ့ သဘောကျလို့၊ ကျွန်တော်ကတော့ ရင်တုန်ပန်းတုန်၊
"မိချို နင်က တဟိဟိ နဲ့ ဘာဖြစ်နေတာလဲ"
"သိဘူးလေ ကိုထူး အိမ်ကို အဲလို ခိုးကြောင်ခိုးဝှက် တခါမှ မဝင်ဘူးတော့ ဟိ ဟိ ခုက သဲထိပ်ရင်ဖို
စွန့်စားခန်းကျနေတာဘဲ ရင်တုန်စရာကြီး"
"နင်ရင်တုန်ကလဲ တဟိဟိနဲ့" ကျွန်တော်ပြောလိုက်မှ သူက တဟိဟိ ပိုဖြစ်သွားတယ်။

ခြံဝက ဆိုင်ကယ်ကို ထုံးစံအတိုင်းမောင်းဝင်လိုက်တယ်၊ ရပ်နေကျနေရာမှာ ရပ်ရင်း မိချိုကို အိမ်ဘေးနား
ခဏစောင့်နေဘို့ လက်ပြလိုက်တယ်၊ ကျွန်တော်က ခပ်တည်တည်နဲ့ အိမ်ပေါက်သံတံခါးကို လက်လျှိုပြီး
ဂလန့် ဖြုတ်လိုက်တယ်၊ ဒါလုပ်နေကျ အလုပ်၊ တံခါးဆွဲဖွင့်ပြီး အိမ်ထဲဝင်လာရင်း အခြေအနေကို
အကဲခတ်လိုက်တယ်။ ထုံးစံအတိုင်း တိတ်ဆိတ်လို့၊ မီးဖိုခန်းအထိ တောက်လျှောက်တန်းဝင်လိုက်တယ်၊
ဘယ်သူမှ မရှိ၊ အင်း မေမေ သူ့အခန်းထဲမှာ နေ့ခင်း တရေးတမော အိပ်နေပုံဘဲ၊ လှေခါးရင်းက အပေါ်
ထပ်လှမ်းကြည့်လိုက်တော့ ဘာသံမှမကြား၊
အိမ်ဝပြန်ထွက်ပြီး မိချိုကို လက်ပြလိုက်တယ်၊ မိချိုက အိမ်ဘေးကပြေးလာတယ်၊
"သွား သွား အပေါ် ထပ်မြန်မြန်တက်" ဆိုပြီး လေသံလေးနဲ့ပြောလိုက်တယ်၊ မိချိုက အိမ်ပေါက်ဝမှာ
ဖိနပ်ချွတ်ဘို့လုပ်တော့
"မချွတ်နဲ့တော့ စီးပြီးတခါတည်းတက်သွား" လေသံနဲ့ ပြောလိုက်ရပြန်တယ်၊ တော်ကြာမေမေထွက်လာလို့
အိမ်ရှေ့မှာ ဖိနပ်တွေ့သွားမှဖြင့် အားလုံးပေါ် ကုန်မဲ့ အဖြစ်၊
မချို ကမန်းကတန်း အပေါ် ထပ်ပြေးတက်သွားတယ်၊ ကျွန်တော် အိမ်ရှေ့ တံခါး ပြန်ပိတ်ပြီး အိမ်ထဲ
ဝင်လာတယ်၊ မေမေ့ အခန်းတံခါး အသာတွန်းပြီး ချောင်းကြည့်လိုက်တော့ မေမေက အိပ်ယာပေါ် မှာ၊ လူက
ခုမှ စိတ်နဲနဲအေးသွားတယ်။ ရေခဲသေတ္တာထဲက ရေတပုလင်း ဆွဲပြီး အပေါ် ထပ်ပြေးတက်ခဲ့တယ်။

အခန်းတံခါး အသာဖွင့်ပြီး ဝင်လိုက်တော့ မိချိုက ကျွန်တော့ ကုတင်ပေါ် မှာထိုင်လို့ ဝင်လာတဲ့ ကျွန်တော့်ကို

ပြုံးကြည့်နေတယ်။ တံခါးကို အသာပြန်ပိတ်ပြီး အထဲက ချက်ချလိုက်တယ်။ ပြီးတော့ မိချိုအေး ဝင်ထိုင်လိုက်ရင်း လက်ကိုကိုင်လိုက်တယ်။
"ကိုထူး သိပ်မကဲနဲ့နော် မိချိုကြောက်တယ်" လေသံလေးနဲ့ ကျွန်တော့်ကိုပြောတယ်။
"အင်း" လို့ဆိုရင်း မိချိုကို ဖက်ပြီး ကုတင်ပေါ် လှဲချလိုက်တယ်၊ နှစ်ယောက်သား ကုတင်ပေါ် မှာ မျက်နှာချင်းဆိုင် ဖက်ပြီး တယောက်မျက်နှာ တယောက်ကြည့်လို့ လေသံလေးနဲ့ တိုးတိုးလေး စကားပြောနေကြတယ်။
"ဘာကြည့်နေတာလဲ"
"မိချိုက အရမ်းချစ်စရာကောင်းတာဘဲ" ပြောရင်း မိချိုကို လှမ်းနွှပြီး လက်က တိုးဖက်လိုက်တယ်။ မိချို အနားပိုကပ်လာတယ်။
"ကိုထူး မနေ့က နမ်းလိုက်တာ မိချို နှုတ်ခမ်းလေးတွေ နာနေတုန်းဘဲ သိလား" မိချို သူ့နှုတ်ခမ်းလေးကို စူပြရင်း ပြောတယ်၊
"ဟုတ်လား ဘယ်နှုတ်ခမ်းလဲ"
"အောက်နှုတ်ခမ်း" မိချို သူ့ အောက်နှုတ်ခမ်းကို စူပြရင်း ပြောတယ်
"မုန်းစမ်း" ဆိုရင်း စူလာတဲ့ သူ့နှုတ်ခမ်းကို အသာဆွဲစုတ်လိုက်တယ်၊ မိချိုလဲ ကျွန်တော့်ကို တင်းတင်း ပြန်ဖက်လာတယ်။ ဒီတခေါက် တအားမစုတ်၊ ဖြေးဖြေးလေးဘဲ စုတ်ပေးလိုက်တယ်။ ခဏလေးနေတော့ ပြန်လွှတ်ပေးလိုက်ရင်း
"နာသေးလား"
"ဟင်အင်း နာတော့ဘူး" ပြန်နမ်းပြန်တယ်၊ နမ်းရင်း
"မိချို ကိုထူးကို တအားဖက်ထားကွာ" လို့ပြောတော့ မိချို ကျွန်တော့်ကိုယ်ကို သူ့အားရှိသလောက် တင်းတင်းလေးဖက်ထားတယ်၊
"ခွလဲခွထားလေ" ဆိုတော့ မိချိုခြေထောက်က ကျွန်တော့်ကို လှမ်းခွလိုက်တယ်။ ကျွန်တော်လဲ သူ့ကို တအားပြန်ဖက်ရင်း နှုတ်ခမ်းလေးကို စုတ်လိုက် ပါးလေးကို နမ်းလိုက်နဲ့၊ လက်က ကြောကုန်းလေးကို ပွတ်လို့၊ ပွတ်ရင်းပွတ်ရင်းနဲ့ လက်က သူ့အင်္ကျီ အောက်နားက လျှိုသွင်းလိုက်တော့ ခါးရှည်ဘော်လီအင်္ကျီ ကိုစမ်းမိတယ်၊ အတွင်းမှာ လက်ကပြေးလွှားရင်း အဝတ်မဖုံးတဲ့ နေရာလေးတွေကို လျှောက်ပွတ်နေမိတယ်၊ ခဏနေတော့ ကျွန်တော်ထထိုင်ရင်း ကျွန်တော့်ကိုယ်ပေါ် ကတီရှပ်ကို ဆွဲချွတ်လိုက်တယ်၊ ပြီးတော့ မိချိုကို ဆွဲထူလိုက်တယ်၊
"ကိုထူး ဘာလုပ်မလို့လဲ" မိချိုက တိုးတိုးလေး
"မိချိုအင်္ကျီချွတ်မလို့"
"အိုး ကိုထူးကလဲ၊ ကောင်းပါ့မလား၊ မိချိုရှက်တယ်"
"မျက်စိပိတ်ထားလေ ဒါဆို မရှက်တော့ဘူး" ဆိုရင်း သူ့အင်္ကျီကို အပေါ် လှန်ပြီး ဆွဲချွတ်လိုက်တယ်၊ သူက အလိုက်သင့် လက်ကို မြှောက်ပေးတယ်။ ပြီးတော့ အသာဖက်ပြီး အနောက်က ဘော်လီအင်္ကျီ ချိတ်တွေ တခုချင်းဖြုတ်လိုက်တယ်၊ ဘော်လီအင်္ကျီကွာသွားတော့ မိချိုက ရှက်လို့ထင်ပါ့ ကျွန်တော့်ကို အတင်းဖက်ထားတယ်၊ ဒါနဲ့ နှစ်ယောက်သား အိပ်ယာပေါ် ပြန်လဲကျသွားတယ်။
"ကိုထူး အရမ်း မဆိုးနဲ့နော်၊ မိချိုကြောက်တယ်"
"အင်းပါ မိချိုရယ်" ဆိုရင်း ကျွန်တော့် ခေါင်းက မိချိုရင်ခွင်ထဲ တိုးဝင်လိုက်တယ်။ မိချိုက ကျွန်တော့်ခေါင်းကို တင်းတင်းဖက်လို့၊ ကျွန်တော်က ခုမှ မိခင်ရင်ခွင်က ကျွတ်ထွက်လာတဲ့ ခလေးလို မိချိုရင်သားလေးကို တပြွတ်ပြွတ်စို့လို့၊ လက် နှစ်ဖက်ကလဲ ဟိုပွတ်ဒီပွတ်၊ ဟိုညှစ်ဒီညှစ်၊ နှစ်ယောက်သားက ဟိုလိမ့်ဒီလိမ့်၊

ခဏနေတော့ နှစ်ယောက်စလုံးမောသွားတယ်၊ ကျွန်တော့်ကောင်လေးကလဲ ဘောင်းဘီအောက်မှာ နင်းကန်ရုန်းထနေတယ်၊
"မိချို ငါ့ဘောင်းဘီ ချွတ်မှထင်တယ်၊ အထဲမှာ အရမ်းအောင့်နေတယ်"
"ဟင် ဘာဖြစ်လို့လဲ ကိုထူး"
"ဒီမှလေမတွေ့ဘူးလား၊ လွတ်လွတ်လပ်လပ်မနေရဘဲ အထဲမှာ ကြပ်ညှပ်နေတော့ အောင့်လာတာပေါ့" ဆိုရင်း မိချိုလက်ကို ကိုင်ရင်း ကျွန်တော့်ပေါင်ကြားပေါ် တင်ပေးလိုက်တယ်။

"အိုး ကိုထူး" မချို လန့်သွားပုံရတယ်၊ လက်ကို ကမန်းကတန်းပြန်ရုပ်လိုက်တယ်။
"အဲဒါ ငါဘောင်းဘီချွတ်ထားမှဖြစ်မှာ"
"ဒါဆို လုံချည်နဲ့ လဲဝတ်ထားလိုက်လေ" မိချိုက ပြောတယ်
"နင်ရော မိချို၊ ငါ့လုံချည်ဝတ်ထားမလား၊ တော်ကြာနင့်ဘောင်းဘီစိုကုန်ရင် . . . "
"အိုး ကိုထူး၊ ဘာတွေလျှောက်ပြောနေတာလဲ" ကျွန်တော့်စကားမဆုံးခင် မိချိုက ဖြတ်ပြောလိုက်တယ်။
ကျွန်တော်က မိချိုကို အသာဖက်ရင်း
"ရှက်စရာမလိုပါဘူး မိချိုရယ်၊ ဒါသဘာဝဘဲဟာ၊ ငါနားလည်ပါတယ်"
"သွား သိဘူး၊ ရှက်တာက ရှက်တာဘဲ" မိချိုအိပ်ယာပေါ် မှောက်ရက်၊ မျက်နှာဘေး လက်နှစ်ဘက်နဲ့ ကာထားတယ်။
ကျွန်တော်ပြုံးရင်း အသာထကာ ဘီဒိုထဲက လုံချည် ၂ ထည်ဆွဲထုတ်လိုက်တယ်၊ တထည်ကို ဖြန့်ပြီး မိချို ခြေထောက်က စွတ်ပေးလိုက်တယ်၊ ပြီးတော့ ပါးစပ်က
"လဲလိုက်နော် မိချို" လို့ဆိုရင်း ဖြူဝင်းနေတဲ့ ကြောကုန်းလေးကို ကုန်းနမ်းလိုက်တယ်၊ ပြီးတော့ ခါးလေးကို နမ်းလိုက်တော့ မိချိုက အိ အိ ဆိုပြီးတွန့်လာတယ်၊ ပြီးတော့ လုံချည်ကို ဆွဲတင်ရင်း ရင်လျားလိုက်တယ်။
ကျွန်တော်လဲ လုံချည်ကို ခေါင်းက စွပ်ချရင်း ဘောင်းဘီရော အတွင်းခံပါ တခါတည်း ချွတ်ချလိုက်တယ်။
ပြီးတော့ အိပ်ယာပေါ် ပြန်တက်ရင်း ဘောင်းဘီချွတ်ပြီး ရင်လျားနဲ့ မိချိုကို ပြုံးကြည့်ရင်း
"လာ မိချို" ဆိုပြီး လက်ကမ်းပေးလိုက်တယ်၊ မိချို ကျွန်တော့်ဘေး ဝင်လှဲလိုက်တော့ ကမ်းထားတဲ့လက်က အသာဖက်လိုက်တယ်။
"ကိုထူး"
"မိချိုတို့အရမ်းလွန်လွန်ကျူးကျူး လုပ်လို့ မဖြစ်ဘူးနော်"
"အင်းပါ၊ ကိုထူးသိပါတယ်"
"ကိုထူးကလဲ အင်းပါ အင်းပါ နဲ့ ခု မိချိုတကိုယ်လုံးပါတော့မယ်"
"ကိုထူးက မိချိုကို ချစ်တာကိုးလို့"
"ချစ်တာက ချစ်ပေါ့ ကိုထူးကလဲ၊ မိချိုလဲ ကိုထူးကို ချစ်တာဘဲဟာ၊ ဟိုလေ မိချိုပြောတာက လွန်ကုန်လို့ ဟိုဟာ ဖြစ်လာရင် ဘယ့်နှယ်လုပ်မလဲ"
အင်း မိချိုက အကာအကွယ်မတတ်၊ ဖြူ့တုန်းကတော့ သူ့သူငယ်ချင်း ခင်သူဇာ ရဲ့ လမ်းညွှန်မှုနဲ့ ဆေးသောက်တယ် ဆိုတာ ကျွန်တော်သိတယ်။ မော်နဲ့ မွန်တို့ကတော့ ဆေးထိုးတယ်တဲ့၊ ခု မိချိုကျတော့ ဘာမှမလုပ်တတ်။ နောက်မှ မိချိုအတွက် ဆေးဝယ်ထားပေးရမယ်။ ပြဿနာက ခုလောလောဆယ်။
"အဲဒါမှ ဒုက္ခဘဲ မိချိုရယ်၊ ကိုထူးက မနေနိုင်တော့ဘူး၊ စောစောက မိချိုမတွေ့ဘူးလား ကိုထူး ဘာဖြစ်နေလဲ ဆိုတာ"
"အာ ကိုထူးကလဲ ခက်တော့တာပါဘဲ"
"မခက်ပါဘူး မိချိုရယ်၊ ဒီနေ့ ကိုထူးတို့ လက်နဲ့ လုပ်ကြတာပေါ့၊ နောက်ခါကျ ဟိုဟာ မဖြစ်အောင် ကိုထူး ဆေးဝယ်ထားလိုက်မယ်လေ"
မိချိုကလဲ ခလေးမဟုတ်၊ ကျွန်တော်ပြောတာနားလည်တယ်၊
"ကိုထူးကလဲလေ၊ တအားကဲတာဘဲ"
"ကိုထူးက မိချိုကို တအားချစ်တော့ တအားကဲတာပေါ့"
ပြောပြောဆိုဆို မချိုကို တင်းတင်းဖက်ရင်း ပြန်နမ်းပြန်တယ်၊ နမ်းရင်း နမ်းရင်း မိချိုလက်ကို ကိုင်ရင်း ကျွန်တော့် လုံချည်ထဲ သွင်းလိုက်တယ်၊ မိချိုက မျက်စိ စုံမှိတ်ပြီး မဝံမရဲနဲ့ ဆုတ်ထားတယ်၊ ကျွန်တော့် ကောင်က မိချိုလက်ထဲမှာ တဆတ်ဆတ် တုန်လို့၊ ကျွန်တော့်လက်ကလဲ မိချိုဝတ်ထားတဲ့ လုံချည်ထဲရောက်သွားတယ်၊ မိချို အတွင်းခံ ဘောင်းဘီ ပေါင်ကြားမှာ စိုရွှဲလို့၊ ကျွန်တော် အသာလိမ့်ပြီး ချွတ်လိုက်တယ်၊
"အင်း အင်း အင်း အင်း . . . . ." မျက်စိစုံမှိတ်ထားတဲ့ မိချိုဆီက တီးတိုးသံတွေထွက်လာတယ်၊ သူ့လက်ကလဲ ကျွန်တော့်ကောင်လေးပေါ် မှာ အားကျမခံ ပြန်လှုတ်ရှားလာတယ်၊
"ချစ်တယ် မိချိုရယ်"
"အင်း အင်း အင်း အင်း . . . ."

“မော် ငါဆုံးဖြတ်လိုက်ပြီ သိလား“
ဆိုင်းမဆင့်ဗုံမဆင့် အိမ်ရောက်ရောက်ခြင်း မွန်က မော့်ကိုပြောလိုက်တယ်၊
“ဘာလဲဟ မွန်ကလဲ အရင်းမရှိ အဖျားမရှိ”
“မနေ့က နင်ပြောတဲ့ကိစ္စလေ၊ ငါကိုယ်ဝန်ဆောင်မယ်၊ နောက်နှစ် ငါဆေးမထိုးတော့ဘူး”
“ဟင် နင်ကလဲ ဆုံးဖြတ်တာ မြန်လှချည်လား၊ မစဉ်းစားတော့ဘူးလား”
“အင်း အစကတော့ အေးအေးဆေးဆေး စဉ်းစားမလို့ဘဲ၊ ဒီနေ့ မိဇော်ပြောတာကြားရတော့ ငါတို့
ဝေးရတော့မှာပါလားဆိုပြီး ဝမ်းနဲသွားတာနဲ့ တခါတည်းဆုံးဖြတ်ချက်ချလိုက်တာ”
“နင်တကယ်ပြောတာလား မွန်”
“အင်း တကယ်၊ ဒါပေမဲ့ ကိုယ်ဝန်ကို ငါတို့ခွဲခါနီးမှ ရဘို့ကြိုးစားမယ်ဟာ၊ ရ မရ ကတော့ ကံဘဲ၊
ငါစောစောစီးစီး ကျောင်းမပြီးသေးဘဲ မရချင်ဘူး”
“အေးပါ၊ ငါသိပါတယ်၊ နင်တကယ်ပြောတာနော်၊ ခလေးကို ငါကမွေးစားမှာနော်”
“အေးပါ မော်ရယ်၊ အဖေမရှိတဲ့ ခလေးကို အမေ နှစ်ယောက်နဲ့ မြေတောင်မြှောက်မှာပေါ့”
သူတို့နှစ်ယောက် ကတော့ ရေရှည်စီမံကန်း ကို ၂ ရက်ထဲနဲ့ အပြီးဆွဲလိုက်ကြပြီ၊

“ဟင် အဖေကြီး အစောကြီးပြန်လာတယ်”
အိမ်ထဲဝင်လာတဲ့ ဦးဇော်ကို ကြည့်ပြီး ချောစုက အံ့သြသင့်စွာဆိုတယ်။
“အင်း ရှစ်မိုင်က ခြံ ခဏသွားမလို့ စောစောထွက်လာတာ၊ လိုက်မလား”
“မလိုက်အားပါဘူး အဖေကြီးရေ၊ သမီးတောင် မပြန်လာသေးဘူး”
“ဟင် နောက်ကျလာချည်လား၊ ဒီနေ့ မောင်ထူး ကြိုမယ်ဆို”
“အင်း တနေရာရာ ဝင်နေလို့ ဖြစ်မှာပေါ့”
ပြောရင်း ရှုတ်တရက်
“ကလင် ကလင် ကလင် ကလင်”
“ဟော ဖုန်းလာတယ်၊ သမီးဆီကထင်တယ်” ချောစုက ပြောရင်း ဖုံးပြေးကိုင်တယ်၊ ဦးဇော်က ဆိုဖါပေါ်
ထိုင်ချလိုက်တယ်၊
“ဟဲလို”
“ချောစုလား”
“ဟုတ်ကဲ့၊ ဒေါ် ကြီးလား”
“အေး၊ နင်တို့မှာ ကော်ဖီမှုန့် အပိုဝယ်ထားတာ ရှိလား၊ ငါ့မှာ ကုန်သွားလို့”
“ရှိတယ် ဒေါ် ကြီး၊ နက်(စ်) တဘူး မနေ့က ဝယ်လာတာ အပိုရှိတယ်၊ ယူမလို့လား”
“အေး အေး၊ တော်ကြာ သား အိပ်ယာက နိုးရင် လာယူခိုင်းလိုက်မယ်”
“ဟင် မောင်ထူးက ပြန်ရောက်ပြီလား”
“အေးလေ အပြင်မှာ သူ့ဆိုင်ကယ်တော့ တွေ့တာဘဲ၊ အပေါ် မှာ အိပ်နေတယ်ထင်တယ်”
“အင်း ဒါဆိုလဲ လာယူခိုင်းလိုက်လေ”
“အေးအေး ဒါဘဲနော်”
ဖုံးချသွားတယ်။
“ဒေါ် ကြီး ဆီက အဖေကြီးရေ့ သမီးမဟုတ်ဘူး၊ ကော်ဖီမှုန့်ကုန်သွားလို့တဲ့ သူ့သားကို
လာယူခိုင်းလိုက်မယ်တဲ့”
“သူ့သားက ခုအိမ်မှာတဲ့လား”
“အင်း သူပြောတော့ အပေါ် မှာ အိပ်နေတယ်ဆိုလား”
“ဟင် ဒါဆို သမီးရော၊ သူမကြိုဘူးလား”
“မသိဘူးလေ၊ နေအုံး ဖုံးဆက်မေးလိုက်အုံးမယ်” ပြောပြောဆိုဆို ချောစုက ဖုန်းတင်ထားတဲ့
ခုံဘက်လှမ်းလိုက်တယ်။
“နေနေ မမေးနဲ့တော့၊ ငါတို့ သူ့အိမ်လိုက်သွားမယ်”

ဦးဇော်က တခုခုကို တွေးဆပြီးပြောတယ်၊
"ဒါဆို ခဏလေးနေအုံး ကော်ဖီမှုန့် ဘူးသွားယူလိုက်အုံးမယ်"
ပြောပြောဆိုဆို ချောစုက အိမ်နောက်ပြေးဝင်သွားတယ်၊
ဦးဇော်က "တောက် ငါထင်တာ မှန်နေလို့လားကတော့ကွာ"လို့ စိတ်ထဲက ကြိမ်းဝါးလိုက်တယ်။

"ကိုထူး နှာဘူး"
မိချိုက ပြုံးစိစိနဲ့ ကျွန်တော့်ကို ကြည့်ရင်း စတယ်၊
"ဘာ နှာဘူးလဲ"
"နှာဘူးပေါ့၊ သူများကို မဟုတ်တရုတ်တွေ လျှောက်လုပ်တဲ့ နှာဘူး"
"အမယ်၊ အဲဒီ သူများက တအင်းအင်း နဲ့ ဖီမ်ကျ နေပြီးတော့များ"
"သွား နှာဘူးက နှာဘူးဘဲ၊ ကိုထူး နှာဘူး ကိုထူး နှာဘူး"
မချို ခလေးလို တတွတ်တွတ်ရွတ်ပြီး ကျွန်တော့်ကို စတယ်၊
"ဒါဆို လာ လာ နှာဘူး ထပ်ကျအုံးမယ်" ဆိုရင်း မိချိုကို ထပ်ဖက်လိုက်တယ်။
"အိုး ကိုထူး တော်ပြီ၊ တော်ပြီ"
"ဒါဆို ခေါ် အုံးမလား"
"ခေါ် မယ်၊ ခေါ် မယ်၊ နှာဘူး၊ ကိုထူး နှာဘူး"
"ခေါ် ရင် လုပ်မယ်၊ လုပ်မယ်"
"အိုး အိုး ခစ် ခစ် ခစ် ခစ်"
အိပ်ယာပေါ် မှာ နှစ်ယောက်သား ကျီစယ်ကစားနေကြတယ်၊ ဘယ်လောက်ကြာသွားတယ်မသိ၊ သတိရလို့ နာရီကို ကြည့်လိုက်တော့ ၅ နာရီထိုးခါနီး
"ဟောတော့ ကိုထူးရေ ၅ နာရီတောင်ထိုးတော့မယ်၊ မိချိုပြန်မှနဲ့တူတယ်"
"ဟ ဟုတ်သားဘဲ အချိန်ကလဲ မြန်လိုက်တာ" ဆိုရင်း ၂ ယောက်သား အိပ်ယာပေါ် ကထပြီး ကမန်းကတန်း အဝတ်ကိုယ်စီ ထစွပ်ကြတယ်။
"ကိုထူး အောက်ဆင်းပြီး အခြေအနေကြည့်လိုက်အုံးမယ်" ဆိုပြီး တခါးဖွင့်ဘို့ တခါးနားအသွား
"သားရေ သား၊ တံခါးဖွင့်စမ်းပါအုံး" မေမေ့ ခေါ် သံနဲ့အတူ တံခါးခေါက်သံ တပြိုင်တည်းကြားလိုက်တယ်။
နှစ်ယောက်သား မျက်လုံးပြူး မျက်ဆံပြူး ဘာလုပ်ရမှန်းမသိ၊ ခပ်တည်တည်နဲ့ ကျွန်တော်က
"ဘာလုပ်မလို့လဲ မေမေ" အထဲက အသံပြန်ပေးလိုက်တယ်။
"ဒီမှာ မိချို အဖေနဲ့ အမေရောက်နေတယ်၊ သား မိချိုကို သွားမကြိုဘူးလားတဲ့"
စောစောကပြူးနေတဲ့ မျက်လုံး ပိုပြူးသွားတယ်၊ ရင်တုန်ပန်းတုန်လဲဖြစ်သွားတယ်၊ ကမန်းကတန်း မိချိုကို ကုတင်အောက် ဝင်ပုန်းဘို့ လက်ပြလိုက်တယ်။ မိချိုက ကုတင်အောက် အသာတိုးဝင်လိုက်တယ်။
မိချိုကုတင်အောက်မှာ ပျောက်သွားတဲ့နောက် ကျွန်တော် တံခါးဖွင့်လိုက်တယ်။
"သွားကြိုတယ် အမေ၊ သူ သူ့သူငယ်ချင်း အိမ် ခဏသွားမလို့တဲ့၊ အဲဒါ ၅ နာရီမှ သူ့သူငယ်ချင်း အိမ်မှာ သွားကြိုမလို့၊ ခုဘဲ ကျွန်တော် သွားတော့မလို့"
တံခါးဖွင့်ပေးရင်း ခပ်တည်တည်နဲ့ အမေ့ကို ပြောလိုက်တယ်၊ အသံက မသိမသာတုန်နေသလိုလို။
တံခါးဝမှာ လူစုံတက်စုံ၊ အဆိုးဆုံးက မိချို အဖေ၊ လူကို မသင်္ကာသလိုအကြည့်နဲ့ ကြည့်ပြီး အခန်းထဲကို မျက်လုံးဝေ့ကြည့်တယ်၊ မေမေကပါ ရောယောင်ပြီး အခန်းထဲလှမ်းကြည့်တယ်။
မမစုက
"သမီး တခါမှ သူ့သူငယ်ချင်းအိမ်မသွားဘူးပါဘူး" ဆိုရင်း ကျွန်တော့်အခန်းထဲ လှမ်းဝင်လိုက်တယ်၊ ဝင်ဝင်ချင်း တခါးဝမှာ ချွတ်ထားတဲ့ မိချိုဖိနပ်ကို သွားမြင်တယ်
"ဟင် ဒီမှာ သမီးဖိနပ်" ဆိုတော့ ဂုန်းကနဲ မချိုအဖေ အခန်းထဲကို ဝင်လာတယ်။ အခန်းပတ်ပတ်လည်ကို ကြည့်လိုက်တော့ ကျွန်တော့်အခန်းထဲမှာ ပုန်းစရာ နေရာက သိပ်မရှိ၊ တန်းကနဲ ကုတင်အောက်ကို ငုံ့ကြည့်လိုက်တော့
"သမီး" မိချိုအဖေဆီက အသံအကျယ်ကြီးထွက်လာတယ်၊ ကျွန်တော့် စိတ်ထဲကတော့ သွားပြီ ဆိုပြီး စိတ်ဓါတ်လုံးလုံးကျသွားတယ်၊ တခါခိုးစား တခါမိ ဆိုသလိုဘဲ။

မိချိုလဲ ကုတင်အောက်ကထွက်လာတယ်၊ ပြီးတော့ မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး ချုံးပွဲချငိုပါလေရော၊
ကျွန်တော် တော်တော်သနားသွားတယ်၊ ဒါ ကျွန်တော့်ကြောင့် မိချိုငိုရတာ။ ကျွန်တော် ဘယ်သူ့ကိုမှ
ဂရုမစိုက်အား မိချိုဆီသွားပြီး
"မငိုပါနဲ့ မိချိုရယ်၊ ဒါ ငါ့ကြောင့်ဖြစ်တာပါ၊ မငိုနဲ့နော် မငိုနဲ့"
"ဟီး ဟီး ဟီး ဟီး ကိုထူးကြောင့် မဟုတ်ဘူး၊ မိချိုကြောင့် မိချိုကြောင့် ဟီး ဟီး ဟီး ဟီး"
"နင့်ကြောင့် မဟုတ်ပါဘူး မိချိုရယ်၊ ငါခေါ် တဲ့နောက် နင်လိုက်လာလို့ ဖြစ်တာပါ၊ တိတ် နော် တိတ်တိတ်"
ဆိုရင်း မိချို မျက်ရည်တွေ သုတ်ပေးနေမိတယ်၊ ဘယ်သူ့ကိုမှ ဂရုမစိုက်မိ၊ ကျွန်တော့်စိတ်ထဲမှာ
မိချိုတယောက်တည်း၊ မိချိုငိုနေတာ ကျွန်တော် မကြည့်နိုင်။
"ဟီး ဟီး ဟီး ဟီး မဟုတ်ဘူး မဟုတ်ဘူး၊ မိချိုလိုက်လာလို့ ဖြစ်တာ၊ မိချိုကြောင့် မိချိုကြောင့် ဟီး ဟီး ဟီး
ဟီး"
မိချိုအငိုမရပ်၊ လူမိသွားလို့ ရှက်တာလဲ ပါတယ်ထင်တယ်၊ ကျွန်တော်လဲ တတွတ်တွတ်နဲ့ မိချိုကို
ချော့နေတုန်း မမစုက သူ့ယောက်ကျားနဲ့ သူ့အဒေါ် ကျွန်တော့်အမေကို လက်ဆွဲပြီး
အောက်ထပ်ဆင်းသွားတာကို တောင် သတိမထားနိုင်
လေ့ခါးပေါ် ရောက်တော့ ဦးဇော်က စိတ်ဆိုးဆိုးနဲ့
"ကဲ ငါမပြောဘူးလား ချောစု၊ ဒီနှစ်ယောက် ငါမသင်္ကာပါဘူးဆိုတာ၊ ခုဘယ်လိုလုပ်မလဲ၊ မသန်းကလဲ အိမ်မှာ
ဒီနှစ်ယောက်စလုံး ဝင်လာတာ မသိဘူးလား၊ မသိချင်ယောင် ဆောင်နေတာလား"
ငယ်ငယ်ထဲက မကြောက်တဲ့ မသန်းကို ပါဝင်ရမ်းလိုက်တယ်။
"ဟဲ့ ဟဲ့ ငဇော် နင်စကားပြောတာ ကြည့်ပြောပါဟဲ့၊ ငါက ဘာမသိချင်ယောင်ဆောင်ရမှာလဲ၊ သူတို့ဟာ သူတို့
ဘယ်အချိန်ဝင်လာလဲ ငါမှမသိတာ"
"မသိအောင် မသန်းက ဘာလုပ်နေလို့လဲ" ဦးဇော်ကလဲ ဒေါပွပွနဲ့ အော်တယ်၊
"အိပ်နေတာဟဲ့ အိပ်နေတာ၊ နေပါအုံး နင်က ဘာလို့ ဒီကိစ္စကိုဒီလောက်တောင် စိတ်ဆိုးမန်ဆိုးဖြစ်နေရတာလဲ"
"ဒါ ကျွန်တော့် သမီးဗျ၊ ကျွန်တော့်သမီး"
"နင့်သမီးတော့ ဘာဖြစ်တုန်း၊ ဘာလဲ နင်ကသဘောမတူဘူးလား ရှင်းရှင်းပြော" မသန်းကလဲ မခံ
ရန်ပြန်တွေ့တယ်၊
"မဟုတ်ပါဘူး ဒေါ် ကြီးရယ်၊ ဦးဇော်က သွေးပူနေလို့ပါ၊ ဦးဇော် အသာနေစမ်းပါ ဒီကိစ္စ ချောစု
ကြည့်ရှင်းလိုက်ပါ့မယ်" တဆက်တည်း ချောစုက သူ့ယောက်ကျားကို လှမ်းပြောလိုက်တယ်။
"ဖြစ်နိုင်ရင် မိုးပေါ် က သကြားမင်းနဲ့တောင် သဘောမတူချင်ဘူး မသန်းရေ့" ဆိုပြီး ထွက်ခတ်လေး
ခတ်လိုက်သေးတယ်၊ မသန်းကလဲ
"အမယ် သူကဘဲ ပြောရတယ်ရှိသေး" မျက်စောင်းနဲ့ လှမ်းပြောရင်း
"ဟဲ့ ဟို ၂ ယောက် ဆင်းလာစမ်း" တဆက်တည်း အပေါ် ထပ်ကို လှမ်းအော်လိုက်တယ်။
မေမေ့ အသံကြားတော့ ကျွန်တော် မိချိုကို လက်ဆွဲရင်း အပေါ် ထပ်က ကုပ်ချောင်းကုပ်ချောင်းနဲ့
ဆင်းလာတယ်။ မေမေ့ အနားရောက်တော့
"မောင်ထူး နင်တော်တော်ထ" ဆိုပြီး ကျွန်တော့်ဘိုက်ခေါက် လှမ်းဆွဲတယ်၊
"အိုး ဖွားလေးကလဲ ကိုထူးကို မလုပ်ပါနဲ့" ဆိုပြီး မိချိုက ဝင်ဆွဲတယ်။
"ဩော ညီးတို့က ခုမှ တော်တော်ချစ်နေတယ် ဟုတ်လား၊ ကဲ ပြောစမ်း ခုဘာလုပ်ကြမလဲ"
ကျွန်တော်ကဝင်ပြောတယ်၊
"ဟို ဟို ကျွန်တော် ကျောင်းပြီးရင် မိချိုကို လက်ထပ်မယ် မေမေ၊ နောက်နှစ်ဆို မိချိုလဲကျောင်းပြီးပြီ၊
ကျွန်တော်လဲ ကျောင်းပြီးပြီ"
"ဩော မင်းကကျောင်းပြီးတာနဲ့ မိန်းမယူမယ်ပေါ့၊ တော်တော် မွေးရကြိုးနပ်တဲ့သား၊ ကျောင်းပြီးလို့ မိဘကို
လုပ်ကျွေးမယ် မစဉ်းစားဘူး၊ မိန်းမကောက်ယူတာဘဲ"
"မေမေကလဲ ကျွန်တော်က လုပ်ကျွေးရအောင် မေမေတို့က ထမင်းငတ်နေတာမှ မဟုတ်ဘဲ၊ မေမေတို့ကတောင်
သားကျောင်းပြီးလို့ အလုပ်ရရင်၊ ရတဲ့လခနဲ့ လောက်မှာမဟုတ်လို့ ပြန်ထောက်ပံ့ရအုံးမှာ"
"အေး ငါကတော့ မထောက်ပံ့နိုင်ဘူးအေ့၊ နင့်ယောက်ခမကို ထောက်ပံ့ခိုင်း"
မေမေက မကြေမချမ်း ထေ့ထေ့ငေါ့ငေါ့ပြောတယ်။ ဦးက သူ့သမီးကို

“လာ မိချိုကားပေါ် တက် ပြန်မယ်”
မိချိုက အိမ်ရှေ့မထွက်ဘဲ အပေါ် ထပ်ပြန်တက်ဘို့ပြင်တော့ သူ့အဖေက
“မိချို ကားပေါ် တက် ပြန်မယ်ဆို”
“ဟို ဟို ဖိနပ်က အပေါ် ထပ်မှာ ဖေကြီး”
“သွား မယူနဲ့တော့ ဒီအတိုင်းတက်” ဆိုရင်း သူ့သမီးကို သူဆွဲပြီး ကားဆီခေါ် သွားတယ်။ မမစုက
“ဒေါ် ကြီး သွားအုံးမယ်နော်”
“အေး အေး၊ နင့်ယောက်ကျား နင်ကြည့်ပြောအုံး၊ သမီးဇောကပ်နေတာ လူမြင်မကောင်းဘူး”
“ဟုတ်ကဲ့ပါ ဒေါ် ကြီးရယ်၊ သူ့ကို စိတ်မဆိုးပါနဲ့နော်”
“မဆိုးပါဘူးအေ၊ ငါသူ့အကြောင်းသိပါတယ်၊ ဒါနဲ့ အိမ်ရောက်ရင် နင့်သမီးကို သေချာမေးအုံး၊ တော်ကြာ ဟိုကိစ္စ ဖြစ်လာမှာစိုးရတယ်”
မသန်းက ငဇော်အကြောင်းအတွင်းသိ၊ ငယ်ငယ်ကတဲက သိလာတာဘဲ။
“မဖြစ်ပါဘူးမေမေကလဲ”
“မောင်ထူး သွားစမ်း နင့်အခန်းနင်၊ လူကြီးကိစ္စဝင်မပါနဲ့” ဆိုပြီး ကျွန်တော့်ကို မောင်းထုတ်တယ်။
သူတို့မေ့နေတယ်ထင်တယ်၊ ကျွန်တော်က ဆရာဝန် ဖြစ်တော့မယ်ဆိုတာ။
ကျွန်တော်လဲ အပေါ် ထပ်တက်လာခဲ့တယ်၊ အိမ်ရှေ့ကလဲ တတီတီနဲ့ မိချိုတို့အဖေ ကားဟွန်းတီးနေတော့ မမစုက လာပြီ လာပြီ ဆိုပြီး ကားဆီပြေးသွားတယ်။
အဲဒီညက ကျွန်တော့် အခန်းထဲမှာ မိချိုကိုယ်စား သူ့ဖိနပ်ကလေး။

ဇတ်လမ်းချုပ်သော် . . . .

မောင်ဇော်ထူးနဲ့ မချိုချိုတို့ စာမေးပွဲ ပြီးပြီးချင်း တလအတွင်း မင်္ဂလာ ဆောင်ဖြစ်ကြတယ်။ ပြီးတော့ တာဝန်ကျတဲ့ နယ်ကို ၂ ယောက်အတူတူ ပြောင်းသွားကြတယ်။

အဲဒီမင်္ဂလာပွဲကို မော်နဲ့ မွန်တို့ တက်ဖြစ်ခဲ့ကြတယ်၊ ထူးထူးခြားခြား အဲဒီမင်္ဂလာပွဲမှာ မွန့်ကို ဖေးဖေးမမ တတွဲတွဲနဲ့ အရိပ်တကြည့်ကြည့်စောင့်ရှောက်နေတာက မော်၊ ဒါကို ဘယ်သူမှ သတိမထားမိလိုက်။

တိုက်တိုက်ဆိုင်ဆိုင် မင်္ဂလာမဆောင်ခင် တလလောက်အလိုမှာ ဖြူဖြူ့ မင်္ဂလာဆောင်ဖိတ်စာ မောင်ဇော်ထူးဆီရောက်လာတယ်။ မောင်ဇော်ထူးကလဲ သူ့မင်္ဂလာဆောင် ဖိတ်စာ မဖြူဖြူဆီ ပြန်ပို့ပေးလိုက်တယ်။

ကျွန်တော်ကတော့ ဒီဇတ်လမ်းလေးကို “အချစ်များထဲက အချစ်များ” လို့ဘဲ ရိုးရိုးလေး နာမည်ပေးလိုက်တယ်။

ပြီးပါပြီ။

အချစ်များစွာဖြင့် ပျော်ရွှင်ချမ်းမြေ့ကြပါစေ . . .

မောင်ဇော်ဦး